# ကြေးမုံ The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်၊ အင်္ဂါနေ့ *(21-5-2013)* (၇၄၇၇)


## မှတ်သားဖွယ်ရာမိုးရေချိန်များ

(၂၀-၅-၂၀၁၃)

| | | | | |
|---|---|---|---|---|
| ချောင်းဆုံ | ၃ | ဒသမ | ၀၃ | လက်မ |
| ပေါင် | ၂ | ဒသမ | ၇၂ | လက်မ |
| ကော့သောင်း | ၁ | ဒသမ | ၄၅ | လက်မ |
| ကျိုက္ခမီ | ၁ | ဒသမ | ၃၄ | လက်မ |
| ကျိုက်မရော | ၁ | ဒသမ | ၂၅ | လက်မ |

## ဂျပန်ဝန်ကြီးချုပ်နှင့် ဇနီး ချစ်ကြည်ရေးခရီး လာရောက်မည်

**နေပြည်တော် မေ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် ဇနီး မစ္စစ် အာကီအာဘေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင် ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်မည်ဖြစ်သည်။

(သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးသမ္မတ ဂျော့ရှ်ဝါရှင်တန်၏အိမ်တော်ကို သွားရောက်လေ့လာ



**နေပြည်တော် မေ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၁၉ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၄၅ မိနစ်တွင် အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားပြည်နယ်ရှိ အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးသမ္မတ ဂျော့ရှ်ဝါရှင်တန်၏ အိမ်တော်တည်ရှိရာ မောင့်ဗာနွန် (Mt. Vernon)ဥယျာဉ်သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား မောင့်ဗာနွန်အဖွဲ့ဥက္ကဋ္ဌ Mr. Curt Viebranz နှင့် ဆက်ဆံရေးမန်နေဂျာ Mr. John Marshall တို့က ကြိုဆိုကြပြီး ဥယျာဉ်နှင့် အိမ်တော်အကြောင်းကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် သမ္မတဂျော့ရှ်ဝါရှင်တန်၏ အိမ်တော်နှင့် ဥယျာဉ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများဆောင်ရွက်ခဲ့မှုတို့ကို လှည့်လည်ကြည့်ရှုပြီး ဂျော့ရှ်ဝါရှင်တန်၏ ဂူဗိမာန်တွင် ပန်းခွေချဂါရဝပြုသည်။

သမ္မတဂျော့ရှ်ဝါရှင်တန်သည် ယင်းအိမ်တော်တွင် ၁၇၅၄ ခုနှစ်မှစတင်၍ ကွယ်လွန်သည်အထိ (၄၅)နှစ်တိုင် နေထိုင်သွားခဲ့သည်။ ယခုအခါ မောင့်ဗာနွန်ဥယျာဉ်နှင့် အိမ်တော်ကို အထိမ်းအမှတ်ပြတိုက်အဖြစ် ဖွင့်လှစ်ပြသလျက်ရှိသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ကလေးများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် CNN နှင့် Washington Post သတင်းမီဒီယာများနှင့် တွေ့ဆုံ

## မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု အခြေအနေများကို ရှင်းလင်းဖြေကြား

**နေပြည်တော် မေ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၁၉ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ ခေတ္တတည်းခိုသည့် Four Seasons Hotel ၌ CNN သတင်းဌာနမှ နိုင်ငံတကာရေးရာ သတင်းထောက်ချုပ် Mrs. Chiristiane Amanpour နှင့် Washington Post သတင်းစာမှ အယ်ဒီတာ Mr. Fred Hiatt နှင့် နိုင်ငံရေးဆိုင်ရာသတင်းထောက် Mrs. Anne Gearan တို့အား လက်ခံတွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုအခြေအနေများနှင့်ပတ်သက်ပြီး မေးမြန်းသည်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုအခြေအနေများနှင့်ပတ်သက်ပြီး CNN သတင်းဌာနမှ နိုင်ငံတကာရေးရာ သတင်းထောက်ချုပ် Mrs. Chiristiane Amanpour မေးမြန်းသည်များကို ပြန်လည်ရှင်းလင်းဖြေကြားစဉ်။** (သတင်းစဉ်)

# အချိုးမညီစွာ လှုပ်ရှားနေတဲ့ ရန်ကုန်အိမ်ခြံမြေဈေးကွက်

**ရွှေပန်းချီ**

သင်္ကြန်မတိုင်မီက ကျပ်သိန်းပေါင်း သောင်းချီသည့် မြေကွက်များပင် အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း သင်္ကြန်ကာလအပြီးနောက် ရန်ကုန်အိမ်ခြံမြေဈေးကွက်အတွင်း အချို့နေရာများတွင် လှုပ်ရှားသော်လည်း အချို့နေရာများတွင် လေးလျက်ရှိခဲ့ကြောင်း အိမ်ခြံမြေအကျိုးဆောင်များထံမှ သိရသည်။

ဧပြီလအတွင်း ရက်ရှည်ရုံးပိတ်ခြင်း၊ ခရီးသွားရာသီ ဖြစ်နေခြင်းအပြင် ကမ္ဘာ့ရွှေဈေးကျဆင်းမှုတို့နှင့်အတူ ပြည်တွင်းရွှေဈေးကွက် လှုပ်ခတ်မှု

**စာမျက်နှာ ၃ ကော်လံ ၄ သို့ ○**




ကြေးမုံ စာတည်း ရှုထောင့် ၂၁-၅-၂၀၁၃ [အင်္ဂါနေ့]

# ကျေးလက်ပညာရေး ခွန်အားပေး

ယခုတလော ကျေးလက်ပညာရေးနှင့်ပတ်သက်၍ ကောင်းခြင်းအဖြာဖြာ သုတိမင်္ဂလာသတင်းစကားသံများ ကြားသိနေရပါသည်။ "အခြေခံပညာကျောင်းများ အဆင့်မြှင့်တင်ခြင်း၊ ဆရာ ဆရာမများတိုးချဲ့ခန့်ထားပေးခြင်းတို့ကို ဆောင်ရွက်ပေးရေး"အတွက် ကျင်းပပြီးသောလွှတ်တော်တွင် အရေးကြီးအဆိုတင်သွင်းခဲ့ရာ အတည်ပြုခဲ့ပြီး ဖြစ်သည်။ ယင်းသည်ပင် ကျေးလက်ပညာရေးအတွက် ခွန်အားတစ်ရပ်ဖြစ်စေခဲ့ပါသည်။

တစ်ဖန် မင်္ဂလာသတင်းစကားသံ ကြားခဲ့ရပြန်သည်။ "နိုင်ငံအနှံ့တွင်ရှိနေသော တွဲဖက်ကျောင်း၊ မူလွန်ကျောင်း၊ ကိုယ့်အားကိုယ်ကိုးကျောင်း၊ ဘုန်းတော်ကြီးသင်စာသင်ကျောင်းများမှာ ရပ်ရွာပြည်သူလူထုငွေကြေးဖြင့် အမှန်တကယ် ခန့်အပ်သင်ကြားပေးနေသည့် ဆရာ ဆရာမများအား စိစစ်အတည်ပြုပြီး ထိုက်သင့်သော ထောက်ပံ့မှုနှင့် ချီးမြှင့်မှုကို လာမည့်ဘဏ္ဍာနှစ်အစမှာ ပေးအပ်ရေး" ဟူသော တင်ပြဆွေးနွေးချက်ကို ကြားသိခဲ့ရပြန်ရာ ကျေးလက်ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များ ပီပြင်လာတော့မည့် နိမိတ်လက္ခဏာကောင်းတစ်ရပ်ဟု ဆိုချင်ပါသည်။

လွတ်လပ်ရေးရပြီးခါစက မိမိတို့နိုင်ငံသည် "ပြည်တော်သာစီမံကိန်း"ဖြင့် လေးတန်း၊ ငါးတန်း၊ အလယ်တန်းအောင် ဒေသခံများကို ဆရာအဖြစ်ခန့်ထားပေးပြီး ကျေးလက်ပညာရေးကို အားဖြည့်ပေးခဲ့ကြရသည်။ "တစ်ရွာ၊ တစ်ကျောင်း၊ ဆရာတစ်ယောက်" နှင့် ကျေးလက်ပညာရေးသည် နှစ်ပေါင်းများစွာ အဓွန့်ရှည်ကြာ ရှိနေခဲ့ပါသည်။ ဤဆရာများသည် အတန်းပညာတွင် အားနည်းသော်လည်း "လုပ်ရင်းသင် သင်ရင်းလုပ်" လက်တွေ့ဘဝအတွေ့အကြုံများ၊ ဆရာအတတ်သင်ကျောင်းမှ ရရှိသည့်ပညာရပ်များ၊ ဒေသစွဲစေတနာများနှင့် ပေါင်းစပ်ပေးလိုက်သောအခါ ကျေးလက်ပညာရေးဖွံ့ဖြိုးမှုတွင် ကြီးမားစွာ အထောက်အကူဖြစ်စေခဲ့ပါသည်။ ထိုစဉ်က ကျေးလက်ပညာရေးသည် ခါချဉ်ကောင် ခါးမသန်လည်း အားမာန်မလျှော့ခဲ့ချေ။ အားမာန်အပြည့်နှင့် အားခဲကာ တာဝန်ကျေခဲ့ကြပါသည်။ ဒေသခံ ဤဆရာများ၏ ကျေးဇူးကြောင့် ကျေးလက်ပညာရေး ခါးပြတ်မကျန်ခဲ့ဘဲ ထိုဆရာများထံမှ လက်ဆင့်ကမ်း ပညာအမွေရယူနိုင်ခဲ့ပါသည်။

ဒေသခံများသည် အတန်းစာမှာ အားနည်းသော်ငြားလည်း အတွေ့အကြုံနှင့် ဆရာ့အတတ်ပညာကို ပေါင်းကူးပေးလိုက်နိုင်မှုကြောင့် စေတနာဆောင်သည့် ဆရာကောင်းများဖြစ်လာခဲ့ကြပြီး ကျေးလက်ပညာရေးကို စွမ်းဆောင်ပေးနိုင်ခဲ့ကြပါသည်။ ဒေသကောင်းကျိုးကို နောက်ဆုံးအချိန်အထိ သယ်ပိုးထမ်းရွက်နိုင်သည့် သာဓကတစ်ရပ်ဖြစ်ပါသည်။

ယခုအခါ ကျေးလက်ပညာရေး ဖွံ့ဖြိုးဖို့လမ်းစ ပွင့်လင်းလာပြီ။ သာဓကအားဖြင့် ရန်ကုန်အနောက်ဘက်ကမ်းမှာ ဒေသခံဆရာမလေးများ ရှိလာနေကြပါပြီ။ အဟောင်းအသစ်တွေ ပျားပန်းခပ်မျှ ဝင်ကြ၊ ထွက်ကြ၊ ပြောင်းကြ၊ ရွှေ့ကြနှင့် ရှိနေချိန် သူတို့လေးတွေ ဣန္ဒြေရရနှင့် ကိုယ့်ရွာကိုယ့်ကျောင်းမှာပင် တာဝန်ထမ်းဆောင်နေကြပြီး ဒေသခံများပီပီ ဒေသ၏ အခြေအနေကို နားလည်ကြသည်။ သည်းခံနိုင်ကြသည်။ စေတနာဗရပွနှင့် အပြုံးမပျက် တာဝန်ထမ်းဆောင်နိုင်ကြသည်။ ယခုသူတို့ အလယ်တန်းပြရာထူးတိုး လျှောက်လွှာတင်ထားပြီ။

နိုင်ငံတော်မှပံ့ပိုးပေးမည့် ကျေးရွာခန့်ဆရာများသည်လည်း ဝေးဝေးလံလံ အရပ်တစ်ပါးမှ မဟုတ်ကြပါ။ ပညာတစ်ပိုင်းတစ်စနှင့် အလုပ်မရှိသေးသော ဒေသခံလေးများသာ ဖြစ်ကြပါသည်။ ဤဆရာများအား စိစစ်အတည်ပြုပြီး ထိုက်သင့်သော "ထောက်ပံ့မှု"ကိုပေးသလို တစ်ဖက်တွင်လည်း ဆရာအတတ်သင် သင်တန်းများသို့ တက်ရောက်သင်ယူခွင့်ပါ "ချီးမြှင့်မှု" ပြုသွားမည်ဆိုပါက ကျေးလက်ပညာရေးသည် အရှိန်အဟုန်နှင့် အားကောင်းမောင်းသန် ဖွံ့ဖြိုးလာလိမ့်မည်မှာ မြေကြီးလက်ခတ် မလွဲပါတည်း။ ။

## ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (Ph.D) ဆရာတော်ကြီး၏ နှစ်ပတ်လည်ပူဇော်ပွဲနှင့် တိပိဋကဓရ စာမေးပွဲအောင် အရှင်မြတ်များအား ဂုဏ်ပြုပူဇော်ပွဲကျင်းပ

**ရန်ကုန် မေ ၂၀**

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဋ္ဌိပါရဂူ ပရိယတ္တိသာသနာလင်္ကာရအကျော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (Ph.D) ဆရာတော်ကြီး၏ နှစ်ပတ်လည်ပူဇော်ပွဲနှင့် တိပိဋကဓရ စာမေးပွဲအောင် အရှင်မြတ်များအား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် မရမ်းကုန်းမြို့နယ် တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် သီရိမင်္ဂလာအနန္တဂုဏ်ရည်ငါးထပ်ကျောင်းဆောင်၌ ကျင်းပရာ ရှေးဦးစွာ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ တွဲဖက်ရွှေကျင်သာသနာပိုင် ရန်ကုန်တိုင်းဒေသကြီး ဝိနည်းပြန်ဌာနသြဝါဒါစရိယ ရန်ကင်းရွှေဟင်္သာ တိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တာဘိဝံသထံမှ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏နာယကစာချဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ အရှင်ဉာဏိဿရက အပူဇော်ခံ အရှင်မြတ်များ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်ကို ဖတ်ကြားသည်။

ဆက်လက်၍ တိပိဋကဓရရွေးချယ်ရေးစာမေးပွဲကြီး၏ သြဝါဒါစရိယ အင်္ဂုတ္တိုရ်ကျမ်းပြုအကျော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညိဿရာဘိဝံသ ရေးသားအပ်သော ဂါထာတော်များဖြင့် နိုင်ငံတော်မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ရွှေပြည်ဟိန်းဆရာတော် ဘဒ္ဒန္တခေမာသီရိလင်္ကာရက ရွတ်ဖတ်ဂုဏ်ပြုပူဇော်ကာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ခြောက်ထပ်ကြီး ဘုရားကြီး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တခေမိန္ဒသာမိထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစု အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဂုဏ်ပြုပူဇော်ပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီး၌ အောင်မြင်ခဲ့သော ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ် တစ်ပါး၊ ဥဘတောဝိဘင်္ဂဓရဘွဲ့တံဆိပ်တော်ရ အရှင်မြတ်ငါးပါးတို့အား ဂုဏ်ပြုပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၀**

| | | |
|---|---|---|
| ရန်ကုန် ရွှေဈေး | (၆၉၈၂၀၀ - ၆၉၉၂၀၀) | |
| မန္တလေး ရွှေဈေး | (၆၉၈၂၀၀ - ၆၉၉၂၀၀) | |
| **စက်သုံးဆီဈေးနှုန်း** | | |
| (က) ဒီဇယ် | တစ်ဂါလန် | ၃၄၄၀ ကျပ် |
| (ခ) အောက်တိန်း95 | တစ်ဂါလန် | ၄၂၈၀ ကျပ် |
| (ဂ) အောက်တိန်း92 | တစ်ဂါလန် | ၃၄၈၀ ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်ဂါလန် | ၃၂၅၆ ကျပ် |
| **နိုင်ငံခြားငွေလဲလှယ်နှုန်း** | | |
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၉၃၂. ၀၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၁၉၅. ၆ |
| (ဂ) စင်ကာပူ | တစ်ဒေါ်လာ | = ၇၄၁. ၃၀ |
| (ဃ) တရုတ် | တစ်ယွမ် | = ၁၅၁. ၇၆ |
| (င) ထိုင်း | တစ်ဘတ် | = ၃၁. ၂၃၉ |
| (စ) မလေးရှား | တစ်ရင်းဂစ် | = ၃၀၈. ၃၅ |
| (ဆ) အိန္ဒိယ | တစ်ရူပီး | = ၁၆. ၉၇၈ |
| (ဇ) ဂျပန် | တစ်ရာယန်း | = ၉၀၆. ၂၂ |
| (ဈ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၈၃. ၂၉၂ |
| (ည) သြစတြေးလျ | တစ်ဒေါ်လာ | = ၉၀၈. ၆၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

## ငါးဈေးကောင်းလာ၍ မိုးရေရချိန် ငါးမွေးရန် တောင်သူအများစု ပြင်ဆင်

**ရန်ကုန် မေ ၂၀**

ယခုနှစ်တွင် ငါးဈေးကောင်းမွန်ခဲ့ခြင်းကြောင့် ငါးမွေးတောင်သူများသည် လာမည့်မိုးရာသီ၌ ကန်များအတွင်းသို့ ရေရောက်ချိန်တွင် ငါးထည့်မွေးရန် ပြင်ဆင်နေကြကြောင်း သားငါးကဏ္ဍဆိုင်ရာလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲအခမ်းအနား ၁၆/၂၀၁၃ မှ သိရသည်။

"အခုငါးဈေးကောင်းနေလို့ လာမယ့်မိုးရာသီမှာ ထုတ်လုပ်မှုလျော့နေတဲ့လုပ်ငန်းတွေရော၊ ရပ်နားထားတဲ့ လုပ်ငန်းတွေရော ကန်ထဲရေ ရောက်တာနဲ့ ငါးထည့်ဖို့ စီစဉ်နေကြတယ်။ စုံစုံညီညီ ပြန်မွေးနိုင်အောင် ကြိုးစားနေကြတယ်" ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ယင်းအခမ်းအနားတွင် ပြောကြားသည်။

"အခုစိုးရိမ်ရတာ အစာကိစ္စဖြစ်ပါတယ်။ ငါးကို မထည့်မွေးရသေးဘူး။ ဖွဲနု၊ ပဲဖတ်ဈေးတွေ က တော်တော်လေးတက်လာတယ်။ မွေးမြူရေးလောကမှာ စိုက်ပျိုးရေးဘေးထွက်ပစ္စည်းက အဓိကကျနေတယ်၊ ဒီလိုအစာဈေးမြင့်ရင် ပြည်သူတွေအနေနဲ့လည်း သားငါးကို ဈေးကြီးပေးဝယ်စားရမယ့်အနေအထားပါပဲ" ဟု ဦးဝင်း ကြိုင်က ဆက်လက်ပြောကြားသည်။ **(၆၈၀)**



## ပြည်တွင်းရေးရာ





**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် World Wildlife Fund (WWF) ၏ Virginia's Jewel သင်္ဘောဖြင့် ပိုတိုမက် (Potomac) မြစ်အတွင်း ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)

**☆ ရှေ့ဖုံးမှ**

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် World Wildlife Fund (WWF) ၏ Virginia's Jewel သင်္ဘောဖြင့် ပိုတိုမက် (Potomac) မြစ်ကြောင်းအတိုင်း ဝါရှင်တန်မြို့တော်သို့ ပြန်လည်ထွက်ခွာသည်။

သင်္ဘောပေါ်တွင် WWF အမှုဆောင်အရာရှိချုပ် Mr. Robert Carter က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး နေ့လယ်စာသုံးဆောင်နေစဉ် မြန်မာနိုင်ငံတွင် ကျားထိန်းသိမ်းရေးလုပ်ငန်းများနှင့်ပတ်သက်၍ Wildlife Conservation Society(WCS) နှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများ၊ World Wildlife Fund (WWF)နှင့် Global Environment Facility (GEF) တို့က သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ၊ စာသင်နှစ်များအလိုက် ကျောင်းသား ကျောင်းသူများအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ သင်ကြားပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဝါရှင်တန်မြို့ရှိ သဘာဝသမိုင်းဆိုင်ရာ အမျိုးသားပြတိုက်ကို သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဝါရှင်တန်မြို့ရှိ သဘာဝသမိုင်းဆိုင်ရာ အမျိုးသားပြတိုက်ကို သွားရောက်ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်အသံ(VOA)အဆောက်အအုံ၌ အမေရိကန်ရောက် မြန်မာအသိုင်းအဝိုင်းနှင့် တွေ့ဆုံစဉ်။** (သတင်းစဉ်)

**✳ နိုင်ငံတော်သမ္မတမှ**

ထို့နောက် နိုင်ငံတော်သမ္မတသည် အမေရိကန်အသံ(VOA)အဆောက်အအုံ၌ အမေရိကန်ရောက် မြန်မာအသိုင်းအဝိုင်းနှင့် တွေ့ဆုံသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဝါရှင်တန်မြို့ရှိ ဂျက်ဖာဆင်ဟိုတယ် (Jefferson Hotel) ၌ Think - Tank အဖွဲ့အစည်းဖြစ်သည့် Center for Strategy and International Study (CSIS) အဖွဲ့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

**○ အချိုးမညီစွာမှ**

ရှိခဲ့ခြင်း စသည့်အကြောင်းများကြောင့် ဈေးကွက်အေးခဲ့ကြောင်း မရမ်းကုန်းမြို့နယ်မှ ဝါရင့်အိမ်ခြံမြေအကျိုးဆောင် ဦးကျော်ကျော်က ပြောသည်။ မြေကွက်တန်ဖိုး ကျပ်သိန်းရာဂဏန်းမှ ထောင်ချီမြေကွက်များနှင့် သိန်းပေါင်းသောင်းချီ မြေကွက်များ စသည်ဖြင့် တန်ဖိုးစုံမြေကွက်များအမေးပြန်ရှိလာသည်ဟု ဆိုသည်။ “ဒီရက်တွေထဲမှာ ကျပ်သိန်းရာချီတန်ဖိုးတွေကနေ ကျပ်သိန်း ၅၀၀၀၊ ၆၀၀၀ မြေကွက်တွေကနေ ကျပ်သိန်းသောင်းဂဏန်းတန် မြေကွက်တွေဝယ်ယူဖို့ အမေးတွေ ပြန်ရှိလာပါတယ်” ဟု မဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ သင်္ကြန်မတိုင်မီလများက အရောင်းအဝယ်ရှိနေသော စလစ်မြေကွက်အချို့မှာ အရောင်းအဝယ်ပြန်အေးနေသည်။

“အရင်က ဒဂုံဆိပ်ကမ်းမြို့နယ်၊ တောင်ဒဂုံ၊ မြောက်ဒဂုံ၊ အရှေ့ဒဂုံမြို့နယ်တွေရှိ စလစ်မြေကွက်အချို့ အရောင်းအဝယ် ပြန်အေးသွားတာတွေ့ရတယ်။ တချို့ဆိုရင် ဈေးကောင်းပေးဝယ်မယ်၊ ပွဲစားမလို ဝယ်ယူမယ်စတဲ့ ခေါင်းစဉ်တွေတပ်ကြော်ငြာတွေထည့်ပြီး ဈေးကွက်လှုပ်အောင်လုပ်တာမျိုးတွေလည်း ရှိနေတယ်” ဟု ဝါရင့်အိမ်ခြံမြေအကျိုးဆောင်တစ်ဦးက ဆိုသည်။ ရန်ကုန်မြို့၏အနားသတ်မြို့နယ်အချို့တွင် စီမံကိန်းသတင်းများထွက်ပေါ်မှုနှင့်အတူ ယခု ရက်ပိုင်းအတွင်း အရောင်းအဝယ်ဖြစ်မှုများရှိနေသည်။ “မေလထဲမှာ တံတားထိုးမယ်ဆိုတဲ့ စီမံကိန်းသစ်သတင်းထွက်ပေါ်မှုနဲ့အတူ စီမံကိန်းဝန်းကျင်နေရာတွေက မြေကွက်တွေဝယ်ယူနေသလို ဈေးတွေလည်း မြောက်သွားတာတွေ့ရတယ်”ဟု ဝါရင့်အိမ်ခြံမြေပွဲစား ဦးကျော်အောင်က ပြောသည်။ မြောက်ဒဂုံနှင့် ရွှေပေါက်ကံမြို့သစ်တို့ကို တံတားထိုးမည်ဆိုသည့်သတင်းများ ထွက်ပေါ်ခဲ့ပြီး မြောက်ဒဂုံမြို့နယ် (၁၃၇၊ ၁၃၈ နှင့် ၁၃၉) ရပ်ကွက်များရှိ မြေကွက်များနှင့် ရွှေပေါက်ကံ (၁၁)ရပ်ကွက်ရှိ မြေကွက်များ အရောင်းအဝယ်လိုက်လျက်ရှိသည်။ “အရင်က ကျပ်သိန်းရာဂဏန်းပဲရှိနေတဲ့ မြေကွက်တွေက တံတားထိုးမယ်ဆိုတဲ့ စီမံချက်သတင်းလည်း ထွက်လာရော မြေကွက်တွေက ကျပ်သိန်းထောင်ချီဈေးခေါ်လာတယ်”ဟု မဏ္ဍိုင်အိမ်ခြံမြေမှ ဦးသန်းဦးက ပြောသည်။ “အဓိက နေရာတွေဖြစ်တဲ့ ပြည်လမ်းနဲ့ ကမ္ဘာအေးစေတီလမ်းတွေပေါ်က မြေကွက်တွေကို နယ်ဝယ်လက်တွေ အမေးရှိကြတယ်။ ပေါက်ဈေးနဲ့ကြိုက်ဈေး အနေအထားနဲ့ အရောင်းအဝယ်ရှိနေပါတယ်” ဟု ကြယ်စင်လင်းအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ လုပ်ငန်းရှင်ဦးစိုးဝဏ္ဏက ပြောသည်။ ရန်ကုန်အိမ်ခြံမြေဈေးကွက်အတွင်း လက်ရှိအချိန်မှာ မြေကွက်များကို ဝယ်ယူလို့ကောင်းသည့် အနေအထားတွင်ရှိနေသည်ဟု ဝယ်ယူသူအချို့က သုံးသပ်ကြသည်။ “ရန်ကုန်ဆိုတာ စီးပွားရေးမြို့တော်ဖြစ်တော့ နယ်တွေကပဲ အလုပ်လာလုပ်လုပ်၊ နိုင်ငံခြားသားတွေပဲ ရင်းနှီးမြှုပ်နှံဖို့လာလာ ရန်ကုန်မှာနေရမှာပါပဲ။ ရန်ကုန်မြေကွက်အကျယ်နဲ့ ရှိနေတဲ့လူဦးရေက အချိုးမညီမှုတွေကြောင့် မြေဈေးကွက်က မတိမ်ကောနိုင်ပါဘူး။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ အများကြီးစုပုံဝင်မလာသေးတာရယ်၊ ဝါမဝင်ခင်အနေအထားရယ်၊ ရွှေဈေးထိုးကျတာတွေကြောင့် အိမ်ခြံမြေထဲကို ရင်းနှီးမြှုပ်နှံသူတွေ အဝင်နည်းနေတာတွေရယ်၊ နိုင်ငံရေးအခြေအနေတွေကြောင့် ဈေးကွက်တန့်နေတဲ့အနေအထားဟာ ဝယ်လို့ကောင်းတဲ့ အနေအထားတစ်ခုပါ” ဟု အိမ်ခြံမြေဈေးကွက်တွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံသူ ဦးလှမြင့်က သုံးသပ်ပြောကြားသည်။

◆ **ကျောဖုံးမှ**

ဒုတိယသမ္မတက မိန့်ခွန်းပြောကြားရာတွင် ယခုနှစ် ရေထိပ်သီးအစည်းအဝေး၏ ခေါင်းစဉ်ဖြစ်သော "ရေလုံခြုံစိတ်ချရမှုနှင့် ရေနှင့်ပတ်သက်သော သဘာဝဘေးအန္တရာယ်များ၏ စိန်ခေါ်မှုကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် ခေါင်းဆောင်မှုနှင့် ကတိကဝတ်ပြုမှု"မှာ ကမ္ဘာ့နိုင်ငံခေါင်းဆောင်များက ရေလုံခြုံစိတ်ချရမှုနှင့် ရေနှင့်ပတ်သက်သော သဘာဝဘေးအန္တရာယ်များကို ထိရောက်စွာဖြေရှင်းနိုင်ရန်အတွက် ခိုင်မာသောကတိကဝတ်များကို ပြုလုပ်ကြရန် ဖော်ညွှန်းနေပါကြောင်း။

ကမ္ဘာ့လူဦးရေ လျင်မြန်စွာတိုးပွားလာမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် ယနေ့ ကမ္ဘာကြီးရင်ဆိုင်နေရသည့် သယံဇာတရှားပါးမှုများအနက် ရေသယံဇာတရှားပါးမှုသည် အကြီးမားဆုံးသော စိန်ခေါ်မှုဖြစ်ပါကြောင်း။

ရေသယံဇာတရှားပါးမှုတစ်ခုတည်းကြောင့် ၂၀ ရာစုနှစ်အတွင်း အချို့နိုင်ငံများအကြား အငြင်းပွားမှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ယင်းအငြင်းပွားမှုများသည် ရေသယံဇာတပိုင်ဆိုင်မှုများနှင့် ဆက်စပ်ခဲ့ပြီး ရေသယံဇာတမှာ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုအတွက် အရေးကြီးလှပါကြောင်း။

မိမိတို့ အာရှ-ပစိဖိတ်ဒေသအတွက် ရေနှင့်ပတ်သက်သော ကိစ္စတစ်ရပ်မှာ သဘာဝဘေးအန္တရာယ်များကြောင့် ရေလုံခြုံစိတ်ချရမှုမရှိသော ကိစ္စရပ်ပင်ဖြစ်ပါကြောင်း၊ အာရှ-ပစိဖိတ်ဒေသသည် သဘာဝဘေးအန္တရာယ်များကို ပုံစံမျိုးစုံဖြင့် တွေ့ကြုံခဲ့ရသည့်အတွက် ခါးသီးသော အတွေ့အကြုံများရှိသော ဒေသဖြစ်နေပါကြောင်း။

မိမိတို့မြန်မာနိုင်ငံသည်ပင်လျှင် ပြီးခဲ့သည့် (၁၀)စုနှစ်အတွင်း ဂီရိ၊ မာလာဆိုင်ကလုန်းမုန်တိုင်းများနှင့် ရေလွှမ်းမိုးမှု စသည့် သဘာဝဘေးအန္တရာယ်များ တွေ့ကြုံခဲ့ပါကြောင်း၊ အထက်ဖော်ပြပါ သဘာဝဘေးအန္တရာယ်များကို ဖြေရှင်းရာ၌ မြန်မာနိုင်ငံအစိုးရသည် သဘာဝဘေးအန္တရာယ်များကြောင့် သေကျေပျက်စီးဆုံးရှုံးမှုများ နည်းနိုင်သမျှ နည်းပါးအောင် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုကိစ္စရပ်များကို ဆောင်ရွက်ခဲ့ပါကြောင်း။

လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်းက ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်ခဲ့သည့် မဟာစင်ဆိုင်ကလုန်းမုန်တိုင်းသည် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံ၏ အနောက်ဘက်ကမ်းခြေဒေသကိုဝင်ရောက်ရန် ဖြစ်ပေါ်ခဲ့ပါကြောင်း။

အဆိုပါမဟာစင်မုန်တိုင်းကို ကုလသမဂ္ဂမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများအပါအဝင် အဆင့်ဆင့်သောအစိုးရအဖွဲ့အစည်းများက ယခင်အတွေ့အကြုံများအပေါ် အခြေခံ၍ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများကို နည်းပါးအောင် စီမံဆောင်ရွက်ခဲ့ပါကြောင်း၊ သို့ရာတွင် ဆိုင်ကလုန်းမုန်တိုင်းသည် လမ်းကြောင်းပြောင်းသွားပြီး မြန်မာနိုင်ငံအတွင်း ဖြတ်သန်းဝင်ရောက်မှုမရှိခဲ့သဖြင့် အပျက်အစီး၊ အသေအပျောက် မရှိခဲ့ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက ပြောကြားရာတွင် မြန်မာနိုင်ငံတွင် မြစ်ကြီးလေးသွယ်နှင့် မြစ်ငယ်ချောင်းငယ်များစွာ ရှိပါကြောင်း၊ နှစ်စဉ် မိုးရေချိန်လက်မ ၁၀၀ ကျော် ရွာသွန်းပြီး နှစ်စဉ်ရေချို ကုဗမီတာ သန်းပေါင်း ၈၈၀ ရရှိသော နိုင်ငံဖြစ်ပါကြောင်း၊ ယင်းမှာ အာဆီယံဒေသတွင်း၌ အင်ဒိုနီးရှားနိုင်ငံပြီးလျှင် ဒုတိယအများဆုံး ရေချိုရရှိသော နိုင်ငံဖြစ်ပါကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံအလယ်ပိုင်းရှိ ပူပြင်းခြောက်သွေ့သောဒေသများ၌ နေထိုင်သော ပြည်သူများမှာ သောက်သုံးရေရရှိရေးအတွက် ၎င်းတို့၏ အချိန်များစွာကို အသုံးပြုနေရသောကြောင့် အခြားဝင်ငွေရရာလုပ်ငန်းများကို လုပ်ကိုင်နိုင်ခြင်း မရှိဘဲ ဖြစ်နေရပါကြောင်း။

အဆိုပါအပူပိုင်းဒေသများ၌ မြန်မာနိုင်ငံအစိုးရသည် ဆက်နွှယ်ရာ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အလှူရှင်များနှင့် ညှိနှိုင်းပြီး တတ်နိုင်သမျှ ရေချိုလုံလောက်စွာရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့သော်လည်း ယင်းကဲ့သို့ ဆောင်ရွက်ခြင်းသည် ရေတိုအတွက်သာ ဆောင်ရွက်ခြင်းဖြစ်ပြီး ရေရှည်ဖြေရှင်းမှုများအတွက် ဘက်ပေါင်းစုံကြိုးပမ်းမှုများ ဖွဲ့စည်းဆောင်ရွက်သွားရန် လိုအပ်နေပါသေးကြောင်း။

အထက်ပါဆောင်ရွက်ချက်များကြောင့် မြန်မာနိုင်ငံတွင် လုံခြုံစိတ်ချရသော သောက်သုံးရေရရှိသည့် လူဦးရေအချိုးအစားမှာ မကြာမီ ၇၂ ရာခိုင်နှုန်းအထိ ရောက်ရှိတော့မည်ဖြစ်ပါကြောင်း၊ သို့သော်လည်း ရေအရည်အသွေးနှင့် ရေဖြန့်ဖြူးပေးရာတွင် လိုအပ်သည့်ပစ္စည်းပစ္စယများကို ဖြည့်ဆည်းပေးရန် လိုအပ်နေပါသေးကြောင်း။

မြန်မာနိုင်ငံသည် ယနေ့ခေတ်အခါ၌ ပိုမိုသိသာလာသော ရေရှားပါးခြင်းကိစ္စရပ်ကို ဖြေရှင်းရန်အတွက် ဘက်ပေါင်းစုံမှ ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအစိုးရသည် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ JICA ကဲ့သို့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ရာသီဥတုပြောင်းလဲရေး ဆောင်ရွက်နေပါကြောင်း၊ အဆိုပါဆောင်ရွက်မှုများကိုလည်း ဖော်ပြပါအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားပါကြောင်း။

ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုဖြင့် ရေနှင့်ပတ်သက်သော ပြဿနာများကို ကျော်လွှားနိုင်ရန် ဆောင်ရွက်သင့်ပါကြောင်း၊ ရေလုံခြုံရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဆောင်ရွက်ရင်း လူမှုရေးညီမျှမှု၊ စီးပွားရေးဖွံ့ဖြိုးမှု၊ နိုင်ငံရေးတည်ငြိမ်မှုတို့ကို ဟန်ချက်ညီမျှအောင် ဆောင်ရွက်သင့်ပါကြောင်း။

ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုနိမ့်ကျနေသော နိုင်ငံများသို့ နည်းပညာနှင့်ငွေကြေးထောက်ပံ့ခြင်း၊ ခေတ်မီနည်းပညာလွှဲပြောင်းပေးခြင်း စသည့် အကူအညီများပေးသွားရန် မျှော်လင့်ပါကြောင်း၊ သို့မှသာ ယင်းနိုင်ငံများအနေဖြင့် ရေနှင့်ဆက်နွှယ်သည့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည်ဖြစ်ပြီး ကြံ့ကြံ့ခံနိုင်စွမ်းအတွက် အခွင့်အလမ်းကောင်းများကို တည်ဆောက်နိုင်မည် ဖြစ်ပါကြောင်း။

ယခု ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရေထိပ်သီးအစည်းအဝေးမှ ရေလုံခြုံမှုကိစ္စရပ်ကို ဖြေရှင်းနိုင်ရန်၊ ဖြစ်ပေါ်လာသော အခက်အခဲများနှင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်နှင့် အနာဂတ်ကာလတွင် ရေအရင်းအမြစ်များ ကောင်းမွန်လာရေးအတွက် အခွင့်အလမ်းများ ပိုမိုတည်ဆောက်သွားရန် စသည့် ထိရောက်သည့် လုပ်ငန်းအတိုင်းအတာများကို ရလဒ်အနေဖြင့် ပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ်က သီးခြားလာရောက်တွေ့ဆုံကာ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

ယင်းနောက် ဒုတိယသမ္မတသည် ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရေထိပ်သီးအစည်းအဝေးအထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ချင်းမိုင်မြို့မှ ထိုင်းလေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာရာ ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၅ မိနစ်တွင် ဗန်ကောက်မြို့ သုဝဏ္ဏဘူမိလေဆိပ်သို့ရောက်ရှိပြီး ဗန်ကောက်မြို့ရှိ ခေတ္တတည်းခိုမည့် Four Seasons Hotel သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။ **(သတင်းစဉ်)**




ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရေထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသော နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

မြန်မာဇော်ထူး
ရေသန့်ပစ္စည်းရောင်းဝယ်ရေး
QUALITY LIFE FROM QUALITY WATER
QUALITY WATER FROM MYANMAR ZAW HTOO
ဘုရားကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ တရားရိပ်သာများ၊ စာသင်ကျောင်းများနှင့် လူအများ သောက်သုံးနိုင်ရန်အတွက် "ကမ္ဘာ့အဆင့်မှီ (RO+UV System)ဖြင့် သတ္တုဓြပ်စင်၊ သတ္တုဓါတ်ဆား နှင့် ဓါတုပစ္စည်း (CHEMICAL) များကို အထူးသန့်စင်ပြီး (BACTERIA, VIRUS နှင့် MICRO ORGANISMS) များကို 100% အဆင့်မြင့် ဖယ်ရှားသန့်စင်နိုင်သည့် (၃လ ပိုးမပေါက်နိုင်သည့်) သောက်သုံးရန်အတွက် တစ်ရက်လူဦးရေ (၂၀၀)၊ လူဦးရေ(၃၀၀) သောက်သုံးနိုင်သော အကောင်းဆုံးနှင့် အသန့်ရှင်းဆုံး သောက်ရေသန့်စက်စစ်စစ်များ ကုသိုလ်ဖြစ် ဝယ်ယူလှူဒါန်းနိုင်ပါပြီ။"
စက်ခြင်းယှဉ်လျှင် အဆင်းလည်းမတူ အရည်အချင်းလည်းမတူသလို ရရှိလာသော ရေ၏အဆင့်အတန်းလည်း လုံးဝ လုံးဝ မတူညီနိုင်ပါ။
အိမ်သုံး(အထွေထွေသုံးရန်အတွက်) ရေစစ်အိမ် အမျိုးမျိုး၊ အိမ်သုံး (သောက်ရန်အတွက်) အဆင့်မြင့် RO+UV ရေသန့်စက်အမျိုးမျိုး၊ ရေ(စစ်/တိုင်း) မီတာအမျိုးမျိုး နှင့် ရေစစ် FILTER အမျိုးမျိုး ဝယ်ယူရရှိနိုင်ပါသည်။




တနင်္ဂနွေနေ့တိုင်း ဆိုင်ဖွင့်ပါသည်။
အမှတ် (၃၂၅)၊ မြေညီထပ်၊ ဗိုလ်ဆွန်ပက်လမ်း-အထက်လမ်း (ယခင်မောင်ထော်လေးလမ်း)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ (ဆိုင်) ၀၁-၃၈၃၈၄၂ ၊ ၀၁-၃၈၃၈၇၆ ၊ ၀၁ ၃၇၇၉၂၀ ။ (ဖက်စ်) ၀၁-၂၄၃၆၈၀။
(Mobile) ၀၉ ၅၁၃၈၇၈၆ ၊ ၀၉ ၇၃၃၃၈၇၈၆၊ ၀၉ ၅၁၄၈၇၈၆၊ ၀၉ ၇၃၃၄၈၇၈၆ web : www.myanmarzawhtoo.com / www.mzhwatertreatment.com
ရန်ကုန်မြို့တွင်းအခမဲ့ တပ်ဆင်ပေးပါသည်။

# အလုပ်ရှင်နှင့် အလုပ်သမားများဆက်ဆံရေးကောင်းမွန်ပြီး ကုန်ထုတ်လုပ်မှု တိုးတက်အောင်ဆောင်ရွက်

နေပြည်တော် မေ ၂၀

**ပြည်ထောင်စုလွှတ်တော် အလုပ်သမား၊ အလုပ်ရှင်အခွင့်အရေး လေ့လာရေးပူးပေါင်းကော်မရှင်အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်း၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။**(အောက်ယာပုံ)

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်ထောင်စုလွှတ်တော် အလုပ်သမား၊ အလုပ်ရှင်အခွင့်အရေး လေ့လာရေး ပူးပေါင်းကော်မရှင်ဥက္ကဋ္ဌ ဦးမြညိမ်း၊ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်ကြည်၊ ကော်မရှင်အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က ပြောကြားရာတွင် အလုပ်သမားနှင့် အလုပ်ရှင်များကြား ဖြစ်ပေါ်နေသည့် ပြဿနာအားလုံး ပြေငြိမ်းသွားအောင် ဖြေရှင်းဆောင်ရွက်ရန်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန်၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့်လည်း ဥပဒေများနှင့်အညီ ရပိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်များ တိတိကျကျသတ်မှတ်၍ ပြေလည်အောင်ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်နှင့် ကော်မရှင်၏ လုပ်ငန်းစဉ်များအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း။

ကော်မရှင်အနေဖြင့် လက်ရှိတွင် ရရှိထားသည့်အဖြေများ၊ တွေ့ကြုံခဲ့ရသည့် အခက်အခဲများကို အခြေခံ၍ ကော်မရှင်၏လုပ်ငန်းများကို ထိထိရောက်ရောက်ဖြင့် ပိုမိုဆောင်ရွက်နိုင်ရန်အတွက် မည်သို့ ဆောင်ရွက်ရမည်ကို ကဏ္ဍပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြရန်နှင့် အလုပ်သမားနှင့် အလုပ်ရှင်များအားလုံး ရေရှည်ကိုမျှော်တွေးပြီး နားလည်သဘောပေါက်လက်ခံလာအောင် ကော်မရှင်က ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ပေးရန် အထူးလိုအပ်ပါကြောင်းဖြင့် မှာကြားခဲ့သည်။

ထို့နောက် ပူးပေါင်းကော်မရှင်ဥက္ကဋ္ဌ ဦးမြညိမ်းက အလုပ်သမားများနှင့် အလုပ်ရှင်များကြား ဖြစ်ပေါ်နေမှုများနှင့် ပတ်သက်၍ ကော်မရှင်၏ လေ့လာဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မရှင်အတွင်းရေးမှူး ဦးခိုင်မောင်ရည်က စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများနှင့် အလုပ်ရှင်များထံ မေးခွန်းများ ပေးပို့ထားမှုနှင့် ပြန်လည်ရရှိထားသည့် အဖြေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ လေ့လာရေးအဖွဲ့(၁) ခေါင်းဆောင် ဒေါ်ခင်ဝိုင်းကြည်၊ လေ့လာရေးအဖွဲ့(၂) ခေါင်းဆောင် ဒေါက်တာမြတ်ဉာဏစိုး နှင့် လေ့လာရေးအဖွဲ့(၃) ခေါင်းဆောင် ဦးဆွေအောင်တို့က အဖွဲ့အလိုက် နယ်မြေများခွဲခြားသတ်မှတ်ပြီး စက်ရုံ၊





အလုပ်ရုံများသို့ မေးခွန်းများ ပေးပို့ထားမှု၊ ရရှိထားသည့်အဖြေများ၊ တွေ့ကြုံခဲ့ရသည့် အခက်အခဲများနှင့် တွေ့ရှိမှုအခြေအနေများ၊ ဆောင်ရွက်သင့်သည့် နည်းလမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း အသီးသီးရှင်းလင်း တင်ပြကြသည်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်ကြည်က ကော်မရှင်မှ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမား၊ အလုပ်ရှင်အခွင့်အရေးဆိုင်ရာ လေ့လာဆောင်ရွက်ထားရှိမှုနှင့် တွေ့ကြုံခဲ့ရသည့် အခြေအနေများ၊ အလုပ်သမားနှင့် အလုပ်ရှင်များ အခွင့်အရေး မှန်မှန်ကန်ကန်ရရှိရေး ဆက်လက်ဆောင်ရွက်သင့်သည့် တွေ့ရှိချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက အလုပ်သမားနှင့် အလုပ်ရှင်များအကြား ဖြစ်ပွားနေသည့် ပြဿနာများနှင့် အခြေအနေများကို ပြေလည်အောင်ဖြေရှင်းပေးရန် ဆောင်ရွက်ရမည့် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ၎င်းတို့၏ အတွေ့အကြုံများကို အခြေခံပြီး ရှုထောင့်ပေါင်းစုံမှ ဝိုင်းဝန်းဆွေးနွေး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ပူးပေါင်းကော်မရှင်အနေဖြင့် အလုပ်သမားနှင့် အလုပ်ရှင်များအားလုံး အလုပ်သမားဆိုင်ရာ ဥပဒေများ၊ အခွင့်အရေးများကို သိရှိနားလည်အောင် တွေ့ဆုံ ဆွေးနွေးရှင်းလင်းရန်နှင့် ဥပဒေဆိုင်ရာ လက်စွဲစာစောင်များ ရိုက်နှိပ်ပြီး ဖြန့်ဝေရန် လိုအပ်ပါကြောင်း။

အဆိုပါ ဆောင်ရွက်မှုများကို မီဒီယာများမှတစ်ဆင့် ပြည်သူကို အသိပေးရန်လိုအပ်ပါကြောင်း၊ ထို့ပြင် စက်ရုံများသို့ သွားရောက်စစ်ဆေးပြီး အလုပ်သမားများ အခွင့်အရေး မှန်မှန်ကန်ကန် ရရှိရေး၊ အလုပ်သမားဆိုင်ရာ ဥပဒေများ အာဏာတည်စေရေးနှင့် အလုပ်ရှင်နှင့် အလုပ်သမားများ ဆက်ဆံရေး ကောင်းမွန်ပြီး ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်က ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြရန်နှင့် ကော်မရှင်၏ လုပ်ဆောင်ချက်များကို ပြည်သူများသိရှိနိုင်ရေး အခါအားလျော်စွာ သတင်းထုတ်ပြန်ပေးရေး၊ အလုပ်သမား၊ အလုပ်ရှင် အခွင့်အရေးဆိုင်ရာကိစ္စရပ်များ ဖြေရှင်းပေးနိုင်ရေး တို့အတွက် အဘက်ဘက်မှ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် လိုအပ်ပါကြောင်းဖြင့် မှာကြားသည်။ **(သတင်းစဉ်)**

## လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် မေ ၂၀**

ကယားပြည်နယ် ဘော်လခဲခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် ၁၀၅ ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး ပထမနေ့ကျင်းပနေပုံနှင့် လွှတ်တော်အဆောက်အအုံများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**







**ငှားမည်**

အဆင့်မြင့်ပြင်ဆင်ပြီး အသင့်နေနိုင်သည်။ ပရိဘောဂ အစုံအလင်ပါသည်။ ပေ(၆၀×၁၄၀)အတွင်း ပေ(၃၀×၄၀) တစ်ထပ်ခွဲတိုက် (၁၀)မိုင် အင်းစိန်မြို့နယ်၊ လေဆိပ်အနီး၊ အကျိုးဆောင်၊ ပွဲစား (လုံး၀)မလို။

ဖုန်း-၀၉-၇၃၁၅၃၇၉၇

**အမည်ပြောင်း**

ဦးညွန့်ဝေ၏သားဖြစ်သူ သတ္တမတန်း (က)မှ မောင်နန္ဒထွန်းအား မောင်ချမ်းမြေ့ထွန်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ချမ်းမြေ့ထွန်း

သွေးသည်အသက်

သရုပ်ဆောင်ခြင်းအနုပညာကို ဝါသနာပါသူတိုင်းသည် TVဖန်သားပြင်ထက်မှာ **သရုပ်ဆောင်ခွင့်** ရဖို့က **အကြီးမားဆုံးအိပ်မက်တစ်ခု**ပါ
ဒီအိပ်မက်တွေကို အကောင်အထည်ဖော်ပေးနိုင်သည့် တစ်ခုတည်းသော . . .
Laurel Art Academy (ရုပ်ရှင်အနုပညာသင်ကျောင်း)
** အပတ်စဉ်(၄)ဖွင့်ပြီ **
အမှတ်-၁/၅( င)၊ပုလဲဥယျာဉ်အိမ်ယာ(ပုလဲကွန်ဒိုဝင်း)၊ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ဖုန်း-၅၅၅၆၂၄၊ ၅၅၅၉၀၅

## (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးဆိုင်ရာ အထိမ်းအမှတ်တံဆိပ် စာသား သတိပေးကြေညာချက်

နေပြည်တော်၊ ရုံးအမှတ်(၂၆)၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး၊ ဘဏ္ဍာငွေရှာဖွေထိန်းသိမ်းရေးနှင့်ဆုချီးမြှင့်ရေးကော်မတီသည် အောက်ဖော်ပြပါ ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အထိမ်းအမှတ်တံဆိပ် (Game Logo)၊ အထိမ်းအမှတ် စာသား (Game Marks)၊ အထိမ်းအမှတ်လာဘ်ကောင် (Game Mascot) အမည်တံဆိပ် အမှတ်အသားများကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် ၃၆/၂၀၁၃၊ ၃၇/၂၀၁၃၊ ၃၈/၂၀၁၃ တို့ဖြင့် ဌာနကော်မတီမူပိုင်အဖြစ် အသုံးပြုရန် ၁၇-၅-၂၀၁၃ ရက်နေ့တွင် မှတ်ပုံတင်သွင်းပြီး ဖြစ်ပါသည်။

27th SEAGAMES, MYANMAR 2013
(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ
မြန်မာနိုင်ငံ ၂၀၁၃

**အထိမ်းအမှတ် စာသား**
**(Game Marks)**
**မှတ်ပုံတင်စာချုပ်အမှတ်**
**၃၈/၂၀၁၃**

**အထိမ်းအမှတ် တံဆိပ်**
**(Game Logo)**
**မှတ်ပုံတင်စာချုပ်အမှတ်**
**၃၇/၂၀၁၃**



**အထိမ်းအမှတ် လာဘ်ကောင်**
**(Game Mascot)**
**မှတ်ပုံတင်စာချုပ်အမှတ်**
**၃၆/၂၀၁၃**

ဘဏ္ဍာငွေရှာဖွေထိန်းသိမ်းရေးနှင့်ဆုချီးမြှင့်ရေးကော်မတီသည် အထက်ဖော်ပြပါ အထိမ်းအမှတ်တံဆိပ်၊ အထိမ်းအမှတ်စာသား၊ အထိမ်းအမှတ်လာဘ်ကောင်များကို အသုံးပြု၍ ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ များနှင့်ပတ်သက်ဆက်နွယ်သည့် စာရွက်စာတမ်းများ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းကြော်ငြာများ၊ ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် Channel အမျိုးမျိုး၊ ကုန်ပစ္စည်းတံဆိပ်အမှတ်အသားအမျိုးမျိုးတို့တွင်လည်းကောင်း၊ အားကစားပြိုင်ပွဲကျင်းပရာနေရာများတွင်လည်းကောင်း၊ အများပြည်သူမြင်သာသော နေရာများတွင်လည်းကောင်း၊ အခြားနည်းဖြင့်လည်းကောင်း ကော်မတီ၏ ကိုယ်ပိုင်အမှတ်တံဆိပ်အဖြစ် သုံးစွဲသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အဆိုပါ အထိမ်းအမှတ်တံဆိပ်၊ အထိမ်းအမှတ်စာသား၊ အထိမ်းအမှတ်လာဘ်ကောင်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ မှိုငြမ်း၍ဖြစ်စေ၊ ကိုးကား၍ဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား ပုံစံတူဖြင့် တုပ၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းတို့ကို မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**အတွင်းရေးမှူး**
**ဘဏ္ဍာငွေရှာဖွေ ထိန်းသိမ်းရေးနှင့်ဆုချီးမြှင့်ရေးကော်မတီ**
**(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး**

## လွှတ်တော်ရေးရာ

### ❁ ပြည်ထောင်စုလွှတ်တော်မှ

အာဏာတည်သောအမိန့်(၁/၂၀၁၃) အရေးပေါ်အခြေအနေ ကြေညာခဲ့ကြောင်း၊ လက်ရှိအခြေအနေတွင် တည်ငြိမ်အေးချမ်းမှုရရှိစပြုလာသော်လည်း မူလအခြေအနေသို့ရောက်ရှိနိုင်အောင် ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ထုတ်ပြန်ခဲ့သော ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ဖြစ်သည့် အရေးပေါ်အခြေအနေ ကြေညာသောအမိန့်သည် မေလ ၂၀ ရက်တွင် ရက် ၆၀ ပြည့်မည်ဖြစ်သော်လည်း မူလအခြေအနေအတိုင်း တည်ငြိမ်အေးချမ်းမှုရရှိသည်အထိ ဆက်လက်ကျင့်သုံးဆောင်ရွက်ရန်လိုအပ်ပါသဖြင့် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး ခေါ်ယူကျင်းပအတည်ပြုချက်ရယူပေးရန် သဝဏ်လွှာပေးပို့အပ်ကြောင်း စသည်ဖြင့် ဖော်ပြထားပါကြောင်း။



ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးသို့ တက်ရောက်လာသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး ခေါ်ယူကျင်းပရေးနှင့် ပတ်သက်၍ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၈၃ နှင့် ပုဒ်မ ၂၁၂(ခ)တို့တွင် ပြဋ္ဌာန်းထားပါကြောင်း၊ သို့ဖြစ်၍ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အဖြစ် ဆက်လက်အာဏာတည်စေရန်အတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အထူးအစည်းအဝေးကို ခေါ်ယူကျင်းပရခြင်းဖြစ်ပါကြောင်းဖြင့် လွှတ်တော်သို့ရှင်းလင်းတင်ပြသည်။

**အဆိုတင်သွင်းခြင်းကဏ္ဍ၌** ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်စောဖြူ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းအဆိုကို ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်ကတင်သွင်းပြီး လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။

အလားတူ နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ်(၁/၂၀၁၃) အရေးပေါ်အခြေအနေကြေညာခြင်းကို လွှတ်တော်က အတည်ပြုပေးရန် ပြည်ထဲရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က အဆိုတင်သွင်းသည်။

ယင်းသို့တင်သွင်းရာတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့မှ စတင်ဖြစ်ပွားခဲ့သော ပဋိပက္ခ ဆူပူအကြမ်းဖက်မှုသည် ဝမ်းတွင်းမြို့နယ်၊ သာစည်မြို့နယ်၊ ရမည်းသင်းမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အုတ်ဖိုမြို့နယ်၊ မင်းလှမြို့နယ်၊ ကြို့ပင်ကောက်မြို့နယ်၊ နတ်တလင်းမြို့နယ်၊ သဲကုန်းမြို့နယ်၊ ဇီးကုန်းမြို့နယ်၊ မိုးညိုမြို့နယ်၊ ပေါင်းတည်မြို့နယ်နှင့်လက်ပံတန်းမြို့နယ်တို့၌ ၂၀၁၃ ခုနှစ် မတ်လ ၂၀ ရက်မှ မတ်လ ၂၈ရက်အထိ ဆူပူအကြမ်းဖက်မှုဖြစ်စဉ် (၁၆၆) ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ (၄၄) ဦးနှင့်ဒဏ်ရာရရှိသူ (၉၀)ရှိပြီး လူနေအိမ် (၁၈၁၈) လုံး၊ ဈေးဆိုင် (၈၀)၊ စက်ရုံ (၃)ရုံ၊ ဂိုဒေါင် (၁)လုံး၊ မြို့နယ် ပညာရေးမှူးရုံး (၁)ရုံး၊ ဗလီ (၂၇) လုံး၊ အစ္စလာမ်ဘာသာရေး စာသင်ကျောင်း (၁၄) ကျောင်း၊ မော်တော်ယာဉ် (၁၉)စီး၊ ဆိုင်ကယ် (၂၉) စီးနှင့် သုံးဘီးဆိုင်ကယ် (၄) စီးတို့ ပျက်စီးဆုံးရှုံးခဲ့ပါကြောင်း။

သို့ဖြစ်၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က မိတ္ထီလာမြို့နယ်အတွင်း ဆူပူလှုပ်ရှားမှုများအတွက် အရေးပေါ်ကာလသတ်မှတ်၍ လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဗဟိုကွပ်ကဲရေးအဖွဲ့၊ လုံခြုံရေးကော်မတီ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ၊ တရားဥပဒေစိုးမိုးရေးကော်မတီ၊ ပညာရေးကော်မတီ၊ ကျန်းမာရေးကော်မတီ၊ သာသနာရေးဆိုင်ရာ ကော်မတီနှင့် ပြန်ကြားရေးကော်မတီတို့ဖြင့် ကော်မတီ (၈) ခု ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားသည့်အခြေအနေများကို ထိန်းသိမ်းနိုင်ရန် ၂၀၁၃ ခုနှစ်၊ မတ်လ ၂၀ ရက်တွင် မိတ္ထီလာမြို့ပေါ် (၁၄) ရပ်ကွက်အတွင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ထိန်းသိမ်းခဲ့ပါကြောင်း၊ အလားတူ မတ်လ ၂၆ ရက်တွင် ကြို့ပင်ကောက်မြို့၊ အုတ်ဖိုမြို့နှင့် မင်းလှမြို့တို့တွင်လည်းကောင်း၊ မတ်လ ၂၇ ရက်တွင် နတ်တလင်းမြို့နှင့် ဇီးကုန်းမြို့တို့တွင်လည်းကောင်း သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးများက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ၁၄၄ ထုတ်ပြန်၍ ဆောင်ရွက်ခဲ့ကြပါကြောင်း။

ယင်းသို့ ထုတ်ပြန်ဆောင်ရွက်ခဲ့သော်လည်း မိတ္ထီလာခရိုင်အတွင်း အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် ထိရောက်မှုမရှိသဖြင့် ပြည်သူများ၏အသက်၊ အိုးအိမ်စည်းစိမ် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းစွာနေထိုင်နိုင်ရေးကို အမြန်ဆုံးပြန်လည်ဖော်ဆောင်ပေးနိုင်ရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၂(က)အရ နိုင်ငံတော်သမ္မတသည် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းပြီး ၂၀၁၃ ခုနှစ် မတ်လ ၂၂ ရက်မှစ၍ မိတ္ထီလာမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မလှိုင်မြို့နယ်နှင့် သာစည်မြို့နယ်များအတွင်း ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ်(၁/၂၀၁၃)ဖြင့် အရေးပေါ်အခြေအနေကြေညာချက်ကို ထုတ်ပြန်ခဲ့ပါကြောင်း။

ထို့အပြင် လတ်တလောဖြစ်ပေါ်နေသော ဆူပူအကြမ်းဖက်ဖျက်ဆီးမှုအခြေအနေများကို ထိန်းသိမ်းကိုင်တွယ်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၃ ခုနှစ် မတ်လ ၃၀ ရက်တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၃)ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော အရေးပေါ်ကာလ စီမံခန့်ခွဲရေးဗဟိုကော်မတီကို ဖွဲ့စည်းပေးခဲ့ပါကြောင်း။

ထို့ကြောင့် မိတ္ထီလာမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မလှိုင်မြို့နယ်နှင့် သာစည်မြို့နယ်များအတွင်း မူလအခြေအနေအတိုင်း တည်ငြိမ်အေးချမ်းမှုရသည်အထိ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အဖြစ် ဆက်လက်အာဏာတည်စေရန်အတွက် ပြည်ထောင်စုလွှတ်တော်မှအတည်ပြုပေးပါရန် အဆိုတင်သွင်းအပ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို မေ ၂၁ ရက်တွင်ကျင်းပမည့် အထူးအစည်းအဝေး ဒုတိယနေ့၌ ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

**သယ်န်းကျွန်းမဲဆန္ဒနယ်မှဦးသိန်းညွန့်က**"ကျွန်တော့်အနေနဲ့ကတော့ အခြေခံဥပဒေနဲ့ ညီညွတ်တဲ့အတွက် ဒါကို ကျွန်တော်ထောက်ခံမယ်၊ တစ်ချိန်တည်းမှာ ရှေ့ဆက်ပြီးပြုပြင်သင့်တဲ့ ဥပဒေကြောင်းဆိုင်ရာပြဿနာနဲ့ နိုင်ငံရေးဆိုင်ရာ အကြံပေးသင့်တဲ့အချက်တွေကို အကြံပေးပြီးတော့ မနက်ဖြန်မှာ ကျွန်တော့်ရဲ့ထောက်ခံဝေဖန်အကြံပြုချက်အသေးစိတ်ကိုသိရပါ့မယ်။ သမ္မတကြီးရဲ့ကြေညာခြင်းဟာ ဥပဒေအရ တရားဝင်မှုရှိကြောင်း ဥပဒေဆိုင်ရာအချက်အလက်တွေနဲ့ တင်ပြမှာပါ"ဟုပြောပြခဲ့သည်။

အလားတူ **ကမာရွတ်မဲဆန္ဒနယ်မှဒေါက်တာစိုးရင်**ကလည်း"ဒီမှာက ပြည်မကလည်းဖြစ်သလို အချက်အချာကျတဲ့ဒေသဖြစ်တဲ့အတွက် အကန့်အသတ်မရှိ ထားသင့်လား၊ မထားသင့်ဘူးလားဆိုတာ မနက်ဖြန်ဆွေးနွေးပါ့မယ်။ ခုနက အမိန့်မှာပါတဲ့ အချိန်ကန့်သတ်ချက်တွေ ဆွေးနွေးမယ်"ဟုပြောပြခဲ့သည်။

**ရှင်းလင်းတင်ပြခြင်းကဏ္ဍ၌** ပြည်ထောင်စုလွှတ်တော်နာယက က အရေးပေါ်အခြေအနေ ကြေညာခြင်းအတည်ပြုရာတွင် အချိန်ကာလသတ်မှတ်ချက်နှင့်စပ်လျဉ်း၍ပြောကြားရာတွင် ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်(၁/၂၀၁၃) အရေးပေါ်အခြေအနေကြေညာရခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၂(က)အရဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ အချိန်ကာလပိုင်းခြားသတ်မှတ်ချက်နှင့်စပ်လျဉ်း၍ အဆိုပြုရမည်ဆိုပါက ပထမအဆိုပြုချက်အဖြစ် နိုင်ငံတော်သမ္မတ၏အမိန့်အမှတ်(၁/၂၀၁၃)ပါ သတ်မှတ်ချက်အတိုင်း အတည်ပြုရန်ဖြစ်ပြီး ဒုတိယအဆိုပြုချက်အဖြစ် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ်(၁/၂၀၁၃)သည် လွှတ်တော်က အတည်ပြုသည့်ရက်မှစ၍ ရက်ပေါင်း(၆၀)အထိ အာဏာတည်ရမည်ဟု သတ်မှတ်ပေးရန် အဆိုပြုပေးလိုပါကြောင်း၊ သတ်မှတ်ကာလနောက်ပိုင်း ထပ်မံတိုးမြှင့်လိုသည့်ကာလကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၂(ဃ)နှင့်အညီ လွှတ်တော်၏သဘောတူညီချက်ဖြင့် ဆက်လက်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်များဆွေးနွေးကြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်သူများ၏အသက်၊ အိုးအိမ်စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့်အခြေအနေများ ဆက်လက်မပေါ်ပေါက်စေရေးနှင့် လွှတ်တော်၏လုပ်ငန်းစဉ်များ မြန်ဆန်ချောမွေ့စွာ ပြီးမြောက်နိုင်ရေးအတွက် သုံးသပ်ဆောင်ရွက်နိုင်ကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် အလုပ်သမား၊ အလုပ်ရှင် အခွင့်အရေးလေ့လာရေး ပူးပေါင်းကော်မရှင်ဖွဲ့စည်းမှုနှင့် ပတ်သက်၍ လွှတ်တော်က အတည်ပြုဆုံးဖြတ်ခဲ့သည်။

၎င်းကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် သင့်တော်သည့်နိုင်ငံသားများကိုပါ အဖွဲ့ဝင်များအဖြစ် ထည့်သွင်းဖွဲ့စည်းဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေတို့အရ ပြည်ထောင်စုလွှတ်တော်ကိုယ်စား နာယက က ကြိုတင်ဖွဲ့စည်းပြီး ကော်မရှင်၏လုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ကြောင်း၊ တစ်ချိန်တည်း၌ပင် ကော်မရှင်အနေဖြင့် သက်ဆိုင်ရာလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်က**"နှစ်ဦးနှစ်ဖက်သင့်တင့်တဲ့အခြေအနေဖြစ်အောင်ချို့ယွင်းအားနည်းချက်တွေ၊ အဆင်မပြေတာတွေ လေ့လာပြီး အဲဒါတွေကိုဝေဖန်ထောက်ပြအကြံပြုပြီး လိုအပ်သလိုဆောင်ရွက်သွားမှာပေ့ါ။ အန်တီတို့နိုင်ငံရဲ့ ရည်မှန်းချက်တွေဖြစ်တဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အလုပ်လက်မဲ့လျှော့နည်းပပျောက်ရေးစတာတွေကို အန်တီတို့ ဖြည့်ဆည်းပေးမှာဖြစ်ပါတယ်"ဟုပြောပြခဲ့သည်။

ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး ဒုတိယနေ့ကို မေလ ၂၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။

**(သတင်းစဉ်)**




## ရေသွင်း/ရေနုတ်မြောင်းများ တူးဖော်ပေးမှုကြောင့် လယ်ယာစိုက်ပျိုးမှုအဆင်ပြေစေ၍ သောက်သုံးရေရှားပါးမှုမှ ကင်းဝေးစေနိုင်

ဒလ မေ ၂၀

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များအနက် ဒလမြို့နယ်သည် ရန်ကုန်မြို့တော်ကြီးနှင့် အနီးကပ်ဆုံးသော မြို့နယ်ဖြစ်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနယ်မြေတွင် ပါဝင်သည့်မြို့နယ်လည်းဖြစ်သည်။

မြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက် ၂၃ ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း ၂၃ အုပ်စု ကျေးရွာပေါင်း ၅၅ ရွာတည်ရှိပြီး လယ်ယာမြေအဓိကစိုက်ပျိုးကြသည်။ စိုက်ပျိုးနိုင်သည့်လယ်မြေဧကမှာ ၄၆၇၂၅ ကျော်ရှိသော်လည်း ကွက်ပြည့်စိုက်ပျိုးနိုင်မှု နည်းပါးသည်။ ချောင်း၊ မြောင်းများ တိမ်ကောခြင်း၊ ရေသွင်း/ရေနုတ်မြောင်းများရှိခဲ့သော်လည်း ပြန်လည်တူးဖော်နိုင်မှု မရှိခြင်းကြောင့် လယ်မြေများ ရေနစ်မြုပ်ခြင်း၊ နွေစပါးစိုက်ပျိုးနိုင်ခြင်းလည်း နည်းပါးခဲ့ရသည်။

ဒလမြို့နယ်အတွင်းရှိ လယ်ယာမြေများ စိုက်ပျိုးမှုအဆင်ပြေစေရေးအတွက် တာဝန်ရှိသူများ၏ စီမံဆောင်ရွက်ပေးမှုဖြင့် ဆည်မြောင်းဦးစီးဌာနက စက်ယန္တရားကြီးများဖြင့် ချောင်းကော/မြောင်းကောတူးဖော်ခြင်း၊ ရေသွင်းမြောင်းများ တူးဖော်ခြင်းများအား ဆောင်ရွက်ခဲ့ရာ ချောင်းကော/မြောင်းကော ၁၆ ခု မိုင်အရှည် ၄၀ ဒသမ ၆၂ မိုင် တူးဖော်ပြီးစီးနေပြီဟု သိရသည်။

ရေနုတ်မြောင်းများတူးဖော်ပြီးစီးမှုကြောင့် ယခုနှစ်မိုးရာသီတွင် လယ်မြေဧက ၁၀၀၀၀ ကျော်အား ရေကြီးနစ်မြုပ်မှုမှ ကင်းဝေးစေသည့်အပြင် နွေစပါး စိုက်ပျိုးမှုအတွက်လည်း အောင်းရေရရှိတော့မည်ဟု သိရသည်။

ဆည်မြောင်းဦးစီးဌာနမှ ရေနုတ်မြောင်းများ၊ ချောင်းများတူးဖော်ပေးခြင်းသည် လယ်မြေဧကပေါင်းများစွာအား အကျိုးပြုစေမည့်အပြင် ဒလမြို့နယ်နေ ပြည်သူများအတွက် သောက်သုံးရေ ရှားပါးမှုမှလည်း ကင်းဝေးစေနိုင်မည်ဖြစ်သည်။

**မင်းရဲမာန်(နေပြည်တော်)**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

ပြည်တွင်းရေးရာ

# မီဒီယာဗဟုဝါဒသည် နိုင်ငံရေးနှင့် စီးပွားရေးဩဇာကင်းလွတ်သည့်မီဒီယာပြိုင်ဘက်များရှိနေမှသာလျှင် ဖြစ်ထွန်းပေါ်ပေါက်နိုင်မည်

ရန်ကုန် မေ ၂၀

"မီဒီယာဗဟုဝါဒသည် နိုင်ငံရေးနှင့် စီးပွားရေးဩဇာကင်းလွတ်သည့် မီဒီယာပြိုင်ဘက်များရှိနေမှသာလျှင် ဖြစ်ထွန်းပေါ်ပေါက်နိုင်မည် ဖြစ်ပါကြောင်း" ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ပြောကြားသွားသည်။

ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ကျင်းပသည့် ဒုတိယအကြိမ် မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ညီလာခံဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ် ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် "ပထမအကြိမ် ကျင်းပပြီးစီးခဲ့သည့် မီဒီယာဖွံ့ဖြိုးရေးညီလာခံကိုလည်း မိမိတို့က အသိအမှတ်ပြုခဲ့ကြပြီး များစွာတန်ဖိုးထားပါကြောင်း၊ ပြီးခဲ့သည့် ညီလာခံသည် မြန်မာနိုင်ငံ၏ ပထမဆုံး မီဒီယာဆိုင်ရာ ညီလာခံတစ်ခုဖြစ်ခဲ့ပြီး မြန်မာနိုင်ငံ၏ သမိုင်းဝင် မီဒီယာကဏ္ဍ အရွေ့ကို ကူညီအားပေးခဲ့ခြင်းကြောင့် ယခုအချိန်တွင် မိမိတို့ အားလုံးသည် မီဒီယာဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ်တွင် အတူတကွတက်လှမ်းနေနိုင်ကြခြင်း ဖြစ်ပါကြောင်း၊ ထို့အပြင် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကိုလည်း ယင်းညီလာခံက အရှိန်အဟုန်မြှင့်တင်ပေးနိုင်ခဲ့ပါကြောင်း။

မီဒီယာဗဟုဝါဒ (ရွေးချယ်ပိုင်ခွင့်) သာမရှိခဲ့လျှင် လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခြင်း (ပြောဆိုပိုင်ခွင့်) နှင့် လွတ်လပ်စွာ သတင်းအချက်အလက်ရယူခြင်း (သိရှိပိုင်ခွင့်)တို့သည်လည်း မှန်မှန်ကန်ကန် ဖြစ်ပေါ်လာနိုင်မည် မဟုတ်ပါကြောင်း၊ ဤနေရာတွင် အစိုးရ၏ အဓိကတာဝန်ရှိမှုမှာ မီဒီယာဗဟုဝါဒနှင့် လူမှုတာဝန်သိသော မီဒီယာပုံစံတို့အကြား ရင်းနှီးဆက်နွယ်နေမှုကို ချောမွေ့အဆင်ပြေနေစေရန်သာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ်မီဒီယာအခင်းအကျင်းသည် ကျား/မ၊ အသက်အရွယ်၊ လူမျိုးစုများနှင့် စွမ်းအား မတူညီကြသူများ အစရှိသော အမျိုးအစား ကွဲပြားခြားနားကြသည့် ပရိသတ်များအတွက် ရှေးရှုသော တင်ဆက်မှုအပိုင်းများ သာမက ပိုင်ဆိုင်မှုအပိုင်းများတွင်လည်း ကွဲပြားခြားနားမှု ရှိလိမ့်မည်ဟု မိမိမျှော်လင့်ပါကြောင်း။

မူဝါဒဖော်ဆောင်မှု အပိုင်းနှင့် ပတ်သက်၍ ပြီးခဲ့သည့်ညီလာခံတွင် အဓိက လိုအပ်ချက်များနှင့် တွေ့ကြုံရမည့် ပြဿနာများအပြင် အနာဂတ်အလားအလာနှင့် အကန့်အသတ်တို့ကိုလည်း မိမိတို့ အသေးစိတ်ဆွေးနွေးခဲ့ကြပြီး ဖြစ်ပါကြောင်း၊ ထို့အပြင် မိမိတို့သည် လွှတ်တော်ကော်မတီများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် အဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး မူဝါဒဖော်ဆောင်ရေးဆိုင်ရာ မဟာဗျူဟာများနှင့်လုပ်ငန်းစီမံကိန်းကိုလည်း ဆွေးနွေးချမှတ်နိုင်ခဲ့ကြပါကြောင်း၊ ယခုအခါ မိမိတို့သည် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်များကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေကြပြီ ဖြစ်ပါကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယခုအခါ စာပေစိစစ်ရေးအဖွဲ့ကို ဖျက်သိမ်းခဲ့မှု နှင့်အတူ ပုံနှိပ်ထုတ်ဝေခွင့်ကိုလည်း အွန်လိုင်းမှတစ်ဆင့် လွယ်ကူလျင်မြန်စွာ လုပ်နိုင်ကြပြီ ဖြစ်ပါကြောင်း၊ ယင်းမှာ မီဒီယာပြုပြင်ပြောင်းလဲရေး ပထမအဆင့်၏ ထင်ရှားသည့် ခြေလှမ်းပင် ဖြစ်ပါကြောင်း၊ လွတ်လပ်သည့် ပုဂ္ဂလိကနေ့စဉ်သတင်းစာများ ပြန်လည်ပေါ်ထွက်လာမှုနှင့်အတူ တည်ဆဲတင်းကျပ်သည့် ပုံနှိပ်ဥပဒေများ ရုပ်သိမ်းရေးသည် မီဒီယာပြုပြင်ပြောင်းလဲရေး ဒုတိယအဆင့်ဖြစ်ပါကြောင်း၊ မိမိတို့သည် တည်ဆဲပုံနှိပ်ဥပဒေများ ရုပ်သိမ်းနိုင်ရေးနှင့် ပတ်သက်၍ စာနယ်ဇင်းကောင်စီနှင့် ညှိနှိုင်းသဘောတူညီချက်အချို့ ရရှိခဲ့ကြပြီး ဖြစ်သဖြင့် ယင်းဥပဒေများကို ရုပ်သိမ်းနိုင်မည့် ဥပဒေကို မကြာမီကာလအတွင်း လွှတ်တော်တွင် ဆက်လက်ဆွေးနွေးသွားနိုင်တော့မည်ဖြစ်ပါကြောင်း။

ယခုအချိန်တွင် မိမိတို့သည် မီဒီယာဗဟုဝါဒနှင့် ဒီမိုကရေစီ လူ့အဖွဲ့အစည်းကို အကျိုးပြု နိုင်ရန်အတွက် နိုင်ငံပိုင်မီဒီယာများကို အများပြည်သူဝန်ဆောင်မှုမီဒီယာအဖြစ်သို့ ပြောင်းလဲနိုင်မည့် ကိစ္စအပေါ် အာရုံစူးစိုက်လျက်ရှိနေကြပါကြောင်း၊ နိုင်ငံရေးနှင့် စီးပွားရေး အကျိုးစီးပွားအတွက်မဟုတ်သော အများပြည်သူဝန်ဆောင်မှုမီဒီယာသည် ကွဲပြားခြားနား သော အသံများကို နားထောင်ပြီး လူတိုင်းကို တန်းတူညီမျှ ထုတ်ဖော်ပြောကြားခွင့် ရရှိစေမည်ဖြစ်ပါကြောင်း၊ တခြားနိုင်ငံများ၏ မီဒီယာအခင်းအကျင်းများနှင့် နှိုင်းယှဉ်လျှင် တိုတောင်းသော ကာလအတွင်းမှာပင် ယခုကဲ့သို့ ခရီးပေါက်ခဲ့ခြင်းဖြစ်သည့်အတွက် မိမိတို့နိုင်ငံသည် အာရှတိုက်တွင် အောင်မြင်သည့် မီဒီယာပြုပြင်ပြောင်းလဲမှုများထဲမှ တစ်ခုဖြစ်လာလိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H.E. Mikael Hemniti Winther က မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ညီလာခံသည် မီဒီယာနှင့်ပတ်သက်သည့် မတူညီသည့်အရာများကို ဆွေးနွေးတိုင်ပင်ရန်အတွက် Plat-form တစ်ခုဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံတွင် မီဒီယာ၌လူထုပါဝင်လာသည်ကိုတွေ့ရကြောင်း။

မီဒီယာဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် အစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ UN အဖွဲ့အစည်းများ၊ မီဒီယာသမားအားလုံးသည် ဥပဒေနှင့်အညီ အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ မီဒီယာဖွံ့ဖြိုးတိုးတက်မှုသည် မှန်ကန်သည့် လမ်းကြောင်းပေါ်တွင် ရောက်ရှိနေပြီဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် UNESCO Bangkok, Regional Deputy Director Mr. Etienne Clement က မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများသည် အရှိန်အဟုန်နှင့် လျင်လျင်မြန်မြန်သွားနေသည်ကိုတွေ့ရကြောင်း၊ မြန်မာနိုင်ငံ၏ မီဒီယာအခြေအနေသည် ပွင့်လင်းလွတ်လပ်သည့် မီဒီယာဖြစ်လာသည်ကိုတွေ့ရကြောင်း၊ နိုင်ငံရေးလှုပ်ရှားမှုများတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် အရေးကြီးကြောင်း။

UNESCO အနေနှင့် မြန်မာ့မီဒီယာလောကတွင် အမျိုးသမီးများ ပါဝင်လာသည်ကို ကြိုဆိုပါကြောင်း၊ မီဒီယာလှုပ်ရှားဆောင်ရွက်မှုများတွင် တန်းတူညီမျှမှုများ ရှိလာသည်ကိုတွေ့ရကြောင်း၊ အရေးကြီးသည့်အချက်မှာ တရားမျှတပြီး ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပြောဆိုရေးသားဖော်ပြမှုများ ရှိလာစေရေးအတွက် မီဒီယာ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ မီဒီယာသမားများအနေနှင့် အစိုးရ၊ နိုင်ငံတကာမီဒီယာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရရှိပြီးသော အရှိန်အဟုန်ကို ဆက်လက်တိုးတက်စေရေး အတူတကွပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)အဖွဲ့ဝင် Open News ဂျာနယ် အယ်ဒီတာချုပ် ဦးသီဟစောက ပြောကြားရာတွင် ပြောင်းလဲမှုများအားလုံးကို မျက်မြင်သက်သေ တွေ့နေကြရပြီ ဖြစ်ကြောင်း၊ ယခင်က မီဒီယာများအတွက် မီဒီယာဥပဒေကြမ်း (၂)စုံတင်ပြခဲ့ကြောင်း၊ သို့သော် သဘောထားကွဲလွဲမှုများ ရှိခဲ့ပါကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာနနှင့် မိမိတို့စာနယ်ဇင်းကောင်စီတို့ သုံးကြိမ်တွေ့ဆုံဆွေးနွေးခဲ့ကြပြီး နှစ်ဖက်ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခဲ့မှုကြောင့် ယခုအခါ မီဒီယာဥပဒေကြမ်းများကို ပြုစုနိုင်ခဲ့ပြီဖြစ်၍ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းအချက်မှာ ပြုပြင်ပြောင်းလဲမှုများ၏လက်တွေ့အောင်မြင်မှုသာဓကပင် ဖြစ်ကြောင်း၊ ယခင်က ပိတ်ဆို့ဟန့်တားမှုများရှိခဲ့ရာ ယခုမရှိတော့ဘဲ များစွာတိုးတက်လာသည်ကိုတွေ့ရကြောင်း၊ ယနေ့ညီလာခံသည် အနာဂတ်အတွက် မီဒီယာလောကကို မြှင့်တင်နိုင်မည့် ခြေလှမ်းတစ်လှမ်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်တက်ရောက်လာသူများသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို အစီအစဉ်အတိုင်း ဆက်လက် ကျင်းပသည်။

ညီလာခံသို့ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ ၃၉ ဦး၊ နိုင်ငံတကာ မီဒီယာအဖွဲ့အစည်းများနှင့် နိုင်ငံခြား မီဒီယာသတင်းဌာနများမှ ၈၈ ဦး၊ ပြည်တွင်းမှဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အယ်ဒီတာများ၊ သတင်းထောက်များနှင့် ဖိတ်ကြားထားသူများ ၂၄၂ ဦး စုစုပေါင်း ၃၆၉ ဦး တက်ရောက်ကြသည်။

အဆိုပါ ဒုတိယအကြိမ် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို မေ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

## ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ပေးပို့တင်ပြလာသည့် အကြံပြုစာများအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အရေးယူဆောင်ရွက်ချက်များ ထုတ်ပြန်ကြေညာ

နေပြည်တော် မေ ၂၀

### B.Ed ကျောင်းဆင်းများ အလုပ်အကိုင်အခွင့်အရေးရရှိရေးနှင့် တက္ကသိုလ်ဝင်တန်း အမှတ်စာရင်းများထုတ်ယူရာတွင် ကြန့်ကြာနေသည့်ကိစ္စတို့နှင့်ပတ်သက်၍ အကြံပြုချက်များအပေါ် ပညာရေးဝန်ကြီးဌာန၏ ဆောင်ရွက်မှုများ

၁။ B.Ed ဘွဲ့နှင့် ဆရာအတတ်ပညာ ဒီပလိုမာရရှိသူများကို ကျောင်းဆရာအဖြစ် ခန့်အပ်ပါသည်။ ဆရာလိုအပ်ချက်အရ အခြေခံပညာသင်ဘာသာရပ်များဖြင့် ဘွဲ့ရရှိသူများကိုလည်း ကျောင်းဆရာအဖြစ် ရွေးချယ်ခန့်အပ်ပြီး ဆရာအတတ်သင် သင်တန်းများသို့ စေလွှတ်လေ့ကျင့်ပေးလျက်ရှိပါသည်။ သို့ရာတွင် ပြန်တမ်းဝင်အရာရှိ အလယ်တန်းကျောင်းအုပ်ရာထူးနေရာသို့ တိုးမြှင့်ခန့်ထားရာတွင် အရည်အချင်း သတ်မှတ်ချက်ကို B.Ed ဘွဲ့နှင့် အထက်ဘွဲ့ရရှိသူများကိုသာ ခန့်ထားပေးရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

၂။ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်နှင့် အမှတ်စာရင်းများကို နေပြည်တော်ရုံးအမှတ်(၅၂)၊ ရန်ကုန်(လသာ) ရုံးနှင့် ရန်ကုန်(ဖွဲ့ကပင်) ရုံးများတွင် ထုတ်ပေးလျက်ရှိပါသည်။ မန္တလေးမြို့၌ လောလောဆယ်တွင် ထုတ်ပေးနိုင်ခြင်း မရှိသေးပါ။

၃၊ တက္ကသိုလ်ဝင်တန်း အမှတ်စာရင်းများကို နေပြည်တော်နှင့် ရန်ကုန်မြို့ ရုံးခွဲများတွင် ၂၀၁၃ ခုနှစ်မှ စ၍ နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိပြီး စာတိုက်မှ တောင်းခံပါက တစ်ပတ်အတွင်း ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိသည်။ တက္ကသိုလ်ပညာသင်ကြားခွင့်အတွက် တက္ကသိုလ်ဝင်စိစစ်ရွေးချယ်ရေးအဖွဲ့သို့ ဝင်ခွင့်လျှောက်လွှာတင်သွင်းရာတွင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ အမှတ်စာရင်းမူရင်းဖြင့် လျှောက်လွှာတင်ရန် မလိုအပ်ဘဲ သက်ဆိုင်ရာ စာစစ်ဌာနမှ ထုတ်ပေးသော အမှတ်စာရင်းဖြင့်သာ လျှောက်လွှာတင်ရန် သတ်မှတ်ထားပါသည်။

### ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်အတွင်း ဖုန်းလိုင်းများနှင့် အင်တာနက်လိုင်းများ အသုံးပြုရန် အဆင်မပြေသည့်ကိစ္စ၊ မကွေးတိုင်းဒေသကြီး ကျောက်ထုမြို့နယ်၌ GSM တာဝါတိုင်အား အချိန်တိုး၍ ဖွင့်ပေးစေလိုသည့်ကိစ္စတို့အပေါ် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၏ ဆောင်ရွက်မှုများ

၁။ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် GSM Only (S444)ကို တပ်ဆင်ထားရှိခဲ့ရာ တပ်ဆင်လိုင်းအင်အားနှင့် သုံးစွဲအင်အားမမျှတဘဲ လိုင်းကျပ်မှုဖြစ်ပေါ်နေပါသဖြင့် (S666) သို့ လိုင်းတိုးချဲ့ခြင်းလုပ်ငန်းအတွက် လိုအပ်သော Hardware တိုးချဲ့ခြင်း၊ Configuration ထည့်သွင်းခြင်း၊ 2E1 တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများကို ၂၇-၄-၂၀၁၃ ရက်၌ ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ယခုအခါ တိုးချဲ့တပ်ဆင်ပြီး အခြေအနေနှင့် သုံးစွဲအနေအထား Traffic Analysis ကို Monitor ပြုလုပ်လျက်ရှိပါသည်။

၂။ ကျောက်ထုမြို့နယ်တွင် ZTE SDR (S666) ကို တပ်ဆင်ထားပါသည်။ Commercial Power မရရှိသော စခန်းဖြစ်၍ Solar Pannel 720 Watt ၁၈ ချပ်ဖြင့် 2 Volt/ Cell 400 AH ၂၄ လုံး Battery 1 Bank နှင့် 10 KVA Engine ကိုတပ်ဆင်အသုံးပြုလျက်ရှိပါသည်။ Transmission ကို ချင်းပြည်နယ် မင်းတပ်မိုက္ကရိုမှ တစ်ဆင့်ယူထားပါသည်။ ရေဒီယိုစခန်းကို အချိန်တိုးဖွင့်လှစ်နိုင်ရေး Solar Pannel ခြောက်ချပ်နှင့် Battery 1 Bank ထပ်မံတိုးချဲ့ပေးသွားမည်ဖြစ်ပြီး ထိုသို့ တိုးချဲ့နေဆဲကာလတွင် အင်ဂျင်ဖြင့် လျှပ်စစ်ဓာတ်အားပေးချိန် တိုးမြှင့်ပေးနိုင်ရေး စက်သုံးဆီဒီဇယ် တိုးမြှင့်ထောက်ပံ့ပေးသွားမည် ဖြစ်ပါသည်။

### ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက် အောင်သိဒ္ဓိလမ်းတွင် ရေနုတ်မြောင်းထွက်ပေါက်မရှိ၍ မိလ္လာအညစ်အကြေးများ အိမ်ရှေ့ခြံဝင်းအထိ စီးဝင်သည့်ကိစ္စအပေါ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဆောင်ရွက်မှု

ရေထုတ်ပြွန်များဆောင်ရွက်ရာတွင် လိုအပ်သည့်နေရာများ၌ ခေတ္တရေတားများ လုပ်ဆောင်ရခြင်းကြောင့် ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက် အောင်သိဒ္ဓိလမ်းနှင့် ပေ ၈၀ လမ်းတို့တွင် ရေများတောင့်ပြီး ၂၅-၃-၂၀၁၃ မှ ၃၀-၃-၂၀၁၃ ရက်နေ့အထိ အချို့နေရာများတွင် ရေဝပ်ခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။ ထိုကဲ့သို့ ဖြစ်ရခြင်းမှာလည်း ပေ ၈၀ လမ်းအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ရန်လမ်းပုံပေါ်စေရန်အတွက် မြေဖို့ခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရန် ရေထုတ်ပြွန်များ ပြုလုပ်စဉ် ခေတ္တပိတ်ဆို့ခြင်းသာ ဖြစ်ပါသည်။ ရေထုတ်ပြွန်တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးသည့် ၃၁-၃-၂၀၁၃ ရက်တွင် လမ်းဘေးရေမြောင်းများ ရှင်းလင်းခြင်းကို ဆောင်ရွက်ပေးပြီးဖြစ်ပါသဖြင့် ယခုအခါ ရေကြီးရေဝပ်ခြင်း မရှိတော့ကြောင်း သိရှိရပါသည်။

### ဘဏ်လုပ်ငန်းများဆိုင်ရာ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုများ

၁။ ကျောက်ထုမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ငွေသွင်း/ငွေထုတ်ပြုလုပ်ရာတွင် ဖက်စ်အသုံးပြုခ ကျပ် ၅၀၀ ကောက်ခံကြောင်း၊ ပြည်တွင်းပြည်ပငွေလွှဲမှုများကို အလျှုငွေများ ကောက်ခံကြောင်း၊ ပြား ၅၀ တန် တံဆိပ် ခေါင်းအား ကျပ် ၅၀၀ ဖြင့်ရောင်းချနေကြောင်း အကြံပြုတင်ပြခြင်းနှင့် ပတ်သက်၍ မြန်မာ့စီးပွားရေးဘဏ်၊ကျောက်ထုမြို့နယ်ဘဏ်ခွဲသို့ ဖက်စ်ဖြင့် ငွေလွှဲလုပ်ငန်းဆောင်ရွက်ရန်ခွင့်ပြုထားခြင်းမရှိပါကြောင်းနှင့် ငွေလွှဲလက်မှတ် ကြေးနန်းတို့ဖြင့်သာ ငွေလွှဲပို့ခြင်းအား ဆောင်ရွက်လျက်ရှိပါသည်။

၂။ ငွေလွှဲပို့ရာတွင် သတ်မှတ်ထားသော နှုန်းထားအရ ကျသင့်သောငွေလွှဲခနှင့် ကြေးနန်းခ ကျပ် ၅၀၀ ကို မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) စာရင်းဌာန၏ ၂၇-၈-၂၀၁၂ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၂၄၉) အရ ကောက်ခံပြီး ဘဏ်၏ဝင်ငွေအဖြစ် တရားဝင်ပေးသွင်းရပါသည်။ ပြည်တွင်းပြည်ပ ငွေလွှဲမှုများကို အလှူငွေများကောက်ခံခြင်းမဟုတ်ဘဲ မြန်မာ့စီးပွားရေးဘဏ်တွင် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ် ထားသောနှုန်းများ အရသာ ဘဏ်ဆောင်ရွက်ခများ ပေးဆောင်ရခြင်း ဖြစ်ပါသည်။ ယခင်ကဘဏ်တွင် ငွေထုတ်ယူရာ၌ ပြား ၅၀ တန် တံဆိပ်ခေါင်း ၅ ကျပ် တိုးမြှင့်ထမ်းဆောင်ရပါကြောင်းနှင့် ငွေလွှဲထုတ်ယူငွေမှ တစ်ပါတည်းဖြတ်တောက်၍ ပြည်တွင်းအခွန်များ ဦးစီးဌာန ငွေစာရင်းသို့ပေးသွင်းရန် မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) ချေးငွေ စိစစ်ကြီးကြပ်ရေးဌာနမှ ၁၇-၁၂-၂၀၁၂ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၃၅၄) ဖြင့်ထုတ်ပြန်ပြီး ဖြစ်ပါသဖြင့် ကျပ် ၅၀၀ ဖြင့်ရောင်းချမှုမရှိပါကြောင်း စိစစ်တွေ့ရှိရပါသည်။

သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ အရေးယူဆောင်ရွက်မှုအပေါ် မကျေလည်မှုများ၊ မေးမြန်းစုံစမ်းလိုသည်များရှိခဲ့ပါက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ထပ်မံပေးပို့အကြောင်းကြားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့**

# ဘက်စုံပို့ဆောင်ရေး ဥပဒေကြမ်း

**ဘက်စုံပို့ဆောင်ရေး ဥပဒေကြမ်း**

**(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ။)**
**၁၃၇၅ ခုနှစ်၊ လ ရက်**
**(၂၀၁၃ ခုနှစ်၊ လ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

## အခန်း(၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ (က) ဤဥပဒေကို **ဘက်စုံပို့ဆောင်ရေး ဥပဒေ** ဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် နေ့ရက်မှ စတင်အာဏာတည် စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-
(က) **ဘက်စုံပို့ဆောင်ရေး**ဆိုသည်မှာ ကုန်စည်ကို ဘက်စုံပို့ဆောင်ရေး ပဋိညာဉ်အရ နိုင်ငံတစ်နိုင်ငံရှိ ဒေသတစ်ခုခုမှ အခြားနိုင်ငံရှိ သတ်မှတ်ဒေသသို့ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက တာဝန်ယူလက်ခံ၍ ပို့ဆောင်ရေးနည်းလမ်း အနည်းဆုံး နှစ်သွယ်ဖြင့် သယ်ယူပို့ဆောင်ခြင်းကို ဆိုသည်။
(ခ) **ပို့ဆောင်ရေးနည်းလမ်း**ဆိုသည်မှာ ကုန်စည်ကို ကုန်းလမ်း၊ မီးရထားလမ်း၊ ပြည်တွင်းရေကြောင်းလမ်း၊ ပင်လယ်ရေကြောင်းလမ်း သို့မဟုတ် လေကြောင်းလမ်းဖြင့် သယ်ယူပို့ဆောင်သည့် နည်းလမ်းများကို ဆိုသည်။
(ဂ) **ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ**ဆိုသည်မှာ ဘက်စုံပို့ဆောင်ရေး ပဋိညာဉ်ကို ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့် ဖြစ်စေ ချုပ်ဆိုသူဖြစ်ပြီး ဘက်စုံပို့ဆောင်ရေးလုပ်ငန်းကို ကုန်စည်အပ်နှံသူ သို့မဟုတ် ကုန်စည် လက်ခံသူ၏ ကိုယ်စားလှယ်အဖြစ် မဟုတ်ဘဲ အကြီးအကဲအနေဖြင့် ပဋိညာဉ်ကို အကောင်ထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသူ အဖြစ်ဆောင်ရွက်သူကို ဆိုသည်။
(ဃ) **သယ်ယူပို့ဆောင်သူ**ဆိုသည်မှာ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူကဲ့သို့ ထပ်တူထပ်မျှ လုပ်ကိုင်ဆောင်ရွက်သည် ဖြစ်စေ၊ မဆောင်ရွက်သည်ဖြစ်စေ ကုန်းလမ်း၊ မီးရထားလမ်း၊ ပြည်တွင်းရေကြောင်းလမ်း၊ ပင်လယ်ရေကြောင်းလမ်း၊ လေကြောင်းလမ်း သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဆောင်ရွက်သူ သို့မဟုတ် ဆောင်ရွက်ရန် တာဝန်ယူသူကို ဆိုသည်။
(င) **ကုန်စည်အပ်နှံသူ**ဆိုသည်မှာ ဘက်စုံပို့ဆောင်ရေး ပဋိညာဉ်ကို ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူနှင့် စာချုပ်ချုပ်ဆိုသူကို ဆိုသည်။
(စ) **ကုန်စည်လက်ခံသူ**ဆိုသည်မှာ ဘက်စုံပို့ဆောင်ရေး ကုန်စည် တင်ဆောင်သည့် သက်သေခံအထောက်အထား လက်မှတ်တွင် ဖော်ပြထားသော ကုန်စည်ကို ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူထံမှ လက်ခံရယူပိုင်ခွင့်ရှိသူကို ဆိုသည်။
(ဆ) **ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်**ဆိုသည်မှာ ဘက်စုံပို့ဆောင်ရေး လုပ်ငန်း လုပ်ကိုင်သူက ကုန်စည်ကို ဘက်စုံပို့ဆောင်ရေး ပဋိညာဉ်ပါ စည်းကမ်းချက်များနှင့်အညီ လွှဲပြောင်းပေးပို့ရန် တာဝန်ယူသည့်အပြင် ၎င်းက ကုန်စည်ကို လက်ခံတာဝန်ယူကြောင်း ကုန်စည်အပ်နှံသူသို့ ထုတ်ပေးသည့် ဘက်စုံပို့ဆောင်ရေး ပဋိညာဉ်၏ သက်သေခံစာတမ်းအမှတ်အသားကို ဆိုသည်။
(ဇ) **ကုန်စည် လွှဲပြောင်းပေးပို့ခြင်း**ဆိုသည်မှာ အောက်ပါ တစ်ခုခုကို ဆိုသည်-
(၁) ကုန်စည်လက်ခံသူသို့ ကုန်စည်ကို လက်ရောက်လွှဲပြောင်း ပေးအပ်ခြင်း၊
(၂) ကုန်စည်ကို ဘက်စုံပို့ဆောင်ရေးပဋိညာဉ်နှင့်အညီ ကုန်စည်လက်ခံသူ၏ အစီအမံဖြင့် နေရာချထားခြင်း သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရမည့် နေရာတွင် ရှိသည့် ကူးသန်းရောင်းဝယ်ရေး ဥပဒေနှင့် ဓလေ့ထုံးစံအရ နေရာချထားခြင်း၊
(၃) ကုန်စည် လွှဲပြောင်းပေးပို့ရမည့်နေရာတွင် ကျင့်သုံးသည့် ဥပဒေ သို့မဟုတ် စည်းမျဉ်းများအရ လွှဲအပ်ထား ခြင်းခံရသူသို့ ဖြစ်စေ၊ အခြားပုဂ္ဂိုလ်သို့ဖြစ်စေ ကုန်စည်လွှဲပြောင်း ပေးအပ်ခြင်း။
(ဈ) **အထူးငွေကြေး ထုတ်ယူပိုင်ခွင့်ယူနစ်**ဆိုသည်မှာ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့က အထူးငွေကြေး ထုတ်ယူပိုင်ခွင့် ယူနစ် ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ သတ်မှတ်ထားသည့် ငွေကြေးယူနစ်ကို ဆိုသည်။
(ည) **ကုန်စည်**ဆိုသည်မှာ ကုန်သေတ္တာ၊ ကုန်စည်တင်အခင်းပြား သို့မဟုတ် အလားတူ သယ်ယူပို့ဆောင်သည့် ပစ္စည်းကိရိယာ သို့မဟုတ် ထုပ်ပိုးပစ္စည်းတစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် သက်ရှိတိရစ္ဆာန်လည်း ပါဝင်သည်။
(ဋ) **ထုပ်ပိုးပစ္စည်း**ဆိုသည်မှာ ကုန်စည်တစ်ခုချင်းစီကို တစ်အိတ်၊ တစ်စိတ်၊ တစ်ပိုင်း၊ တစ်စည်၊ တစ်လိပ်၊ တစ်ခြင်း၊ ဘေထုတ် တစ်ထုတ်၊ တစ်စီး၊ တစ်ဖာ၊ သေတ္တာ တစ်သေတ္တာ သို့မဟုတ် အခြား အခေါ်အဝေါ် ယူနစ်တစ်ခုခုဟူ၍ ရေတွက်နိုင်ပြီး တစ်ခုချင်းစီ သီးခြားခွဲ၍ သယ်ယူပို့ဆောင်နိုင်သည့် ကုန်စည်ယူနစ် တစ်ခုခုကို ဆိုသည်။
(ဌ) **လက်မှတ်ရေးထိုးထားသည့် စာဖြင့်**ဆိုသည့် စကားရပ်တွင် လက်မှတ်ရေးထိုးထားသည့် စာအပြင် ကြေးနန်း၊ တဲလက်စ်၊ ဖက်စ်သော်လည်းကောင်း၊ စက်မှု သို့မဟုတ် အီလက်ထရွန်နစ် နည်းဖြင့် ပုံနှိပ်စာ၊ မှတ်တမ်း သို့မဟုတ် ပြန်လည်ဖော်ပြချက် သို့မဟုတ် ထပ်ဆင့်ထုတ်လွှင့်သည့် သတင်းအချက်အလက်သော် လည်းကောင်း၊ ဘက်စုံပို့ဆောင်ရေးကိစ္စအလို့ငှာ ရည်ရွယ်သည့် အခြား စာချုပ်စာတမ်း တစ်ခုခု သို့မဟုတ် ပစ္စည်းကိရိယာသော် လည်းကောင်း ပြုလုပ်ခြင်းလည်းပါဝင်သည်။
(ဍ) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပေးသည့် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ကိုယ်စားလှယ် မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။
(ဎ) **ပဋိညာဉ်**ဆိုသည်မှာ ဘက်စုံပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူက တန်ဆာခရယူ၍ ကုန်စည်ကို အပြည်ပြည်ဆိုင်ရာ ဘက်စုံပို့ဆောင်ရေး နည်းလမ်းအတိုင်း ဆောင်ရွက်ပေးရန် သို့မဟုတ် ထိုသို့ဆောင်ရွက်မှုကို အကောင်အထည်ဖော်ရန် တာဝန်ယူ ချုပ်ဆိုသည့် ဘက်စုံပို့ဆောင်ရေး ပဋိညာဉ်ကို ဆိုသည်။
(ဏ) **အမျိုးသားညှိနှိုင်းကွပ်ကဲရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ကုန်စည်များဘက်စုံပို့ဆောင်မှု အမျိုးသားအဆင့် ညှိနှိုင်းကွပ်ကဲရေးအဖွဲ့ကို ဆိုသည်။
(တ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ပို့ဆောင်ရေးဝန်ကြီး ဌာနကို ဆိုသည်။
(ထ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ပို့ဆောင်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကိုသော်လည်းကောင်း၊ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်း တာဝန်များကို ဆောင်ရွက်ရန် ၎င်းက ခန့်အပ်တာဝန်ပေးသည့် အခွင့်ရအရာရှိကို သော်လည်းကောင်း ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) ဘက်စုံပို့ဆောင်ရေးနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို လည်းကောင်း၊ ဒေသဆိုင်ရာ သဘောတူစာချုပ်ပါ ကတိပြုချက်များကိုလည်းကောင်း အကောင် အထည်ဖော် ဆောင်ရွက်ရန်၊
(ခ) ပြည်တွင်းပြည်ပတွင် ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ စည်းကမ်းကျနစွာ ပိုမိုကျယ်ပြန့်လာရေးအတွက် ထောက်ကူဖြည့်ဆည်းပေးနိုင်ရန်၊
(ဂ) အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေး၏ လိုအပ်ချက်များကို စီးပွားရေးစွမ်းဆောင်ရည်ရှိပြီး ထိရောက်မြန်ဆန်သော ဘက်စုံ ပို့ဆောင်ရေးဝန်ဆောင်မှုများဖြင့် ပိုမိုအဆင်ပြေချောမွေ့စေရန်၊
(ဃ) ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများက ဤဥပဒေအရ မှတ်ပုံတင်၍ စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက် စေရန်၊
(င) ဘက်စုံပို့ဆောင်ရေးဝန်ဆောင်မှုတွင် အသုံးပြုသူများနှင့် ကုန်စည် ပို့ဆောင်သူများအကြား မျှတသည့် အကျိုးကျေးဇူးများ ခံစား နိုင်စေရန်နှင့် ပေါ်ပေါက်လာသည့် ပြဿနာများကို ငြိမ်းအေးစွာ ဖြေရှင်းနိုင်ရန်၊
(စ) ကုန်စည်ကို သမားရိုးကျနည်းဖြင့် ကြားခံနိုင်ငံများမှတစ်ဆင့် ပို့ဆောင်ရာတွင် အဆင့်ဆင့် ဆောင်ရွက်ရသည့် အခက်အခဲနှင့် ပြဿနာများ လျော့နည်းကင်းဝေးစေပြီး ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများ ပိုမိုသွက်လက် လျင်မြန်လာစေရန်။

## အခန်း (၃)
## သက်ဆိုင်ခြင်း

၄။ ဤဥပဒေသည် အောက်ပါတို့နှင့် သက်ဆိုင်စေရမည်-
(က) ဤဥပဒေအရ အမျိုးသားညှိနှိုင်းကွပ်ကဲရေးအဖွဲ့တွင် မှတ်ပုံ တင်ပြီး မှတ်ပုံတင်လက်မှတ်ရယူထားသည့် ဘက်စုံပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူများ၊
(ခ) တရားမကြောင်းအရ တောင်းဆိုသည့် နစ်နာမှုများ ဖြေရှင်းရန် အလို့ငှာ ဘက်စုံပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူက ပဋိညာဉ်တွင် သတ်မှတ်ထားသည့်အတိုင်း-
(၁) ပဋိညာဉ်အရ ကုန်စည်ကို တာဝန်ယူ၍ သယ်ယူပို့ဆောင်ရန် လွှဲပြောင်းလက်ခံသည့်နေရာမှာ မြန်မာနိုင်ငံတွင် တည်ရှိပြီး လွှဲပြောင်းပေးပို့ရမည့်နေရာမှာ စာချုပ်ဝင်အခြားနိုင်ငံ တစ်နိုင်ငံတွင်တည်ရှိသည့် ပဋိညာဉ်များ၊ သို့မဟုတ်
(၂) ကုန်စည်ကို လွှဲပြောင်းပေးပို့ရမည့် နေရာမှာ မြန်မာနိုင်ငံတွင် တည်ရှိပြီး ပဋိညာဉ်အရ ကုန်စည်ကို တာဝန်ယူ၍ သယ်ယူ ပို့ဆောင်ရန် လွှဲပြောင်းလက်ခံသည့်နေရာမှာ စာချုပ်ဝင် အခြားနိုင်ငံ တစ်နိုင်ငံတွင် တည်ရှိသည့် ဘက်စုံပို့ဆောင်ရေး ပဋိညာဉ်များ။

၅။ ဤဥပဒေတွင် သုံးနှုန်းထားသော **“ဘက်စုံပို့ဆောင်ရေး၊” “ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ”၊ “ပဋိညာဉ်”** နှင့် **“ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထား လက်မှတ်”**ဆို သည့် စကားရပ်များသည် အပြည်ပြည်ဆိုင်ရာ သို့မဟုတ် ဒေသဆိုင်ရာ သဘော သဘာဝရှိသည့် အသုံးအနှုန်းဖြစ်သည်ဟု မှတ်ယူရမည်။

## အခန်း (၄)
## ကုန်စည်များ ဘက်စုံပို့ဆောင်မှု အမျိုးသားအဆင့် ညှိနှိုင်းကွပ်ကဲရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ ဝန်ကြီးဌာနသည် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် လည်းကောင်း၊ သက်ဆိုင်ရာပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးနှင့် ကြီးကြပ်ကွပ်ကဲရေးအတွက် လည်းကောင်း သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ သင့်လျော်သော တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်သူများ ပါဝင်သည့် ကုန်စည်များဘက်စုံပို့ဆောင်မှု အမျိုးသားအဆင့် ညှိနှိုင်းကွပ်ကဲရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၇။ ဝန်ကြီးဌာနသည်-
(က) ပုဒ်မ ၆ အရ အမျိုးသားညှိနှိုင်းကွပ်ကဲရေးအဖွဲ့ကို ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးအပြင် ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်း ရေးမှူးတို့ကိုလည်း ထည့်သွင်းဖွဲ့စည်းနိုင်သည်။
(ခ) အမျိုးသားညှိနှိုင်းကွပ်ကဲရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ လိုအပ်သလို ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

၈။ အမျိုးသားညှိနှိုင်းကွပ်ကဲရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) ဤဥပဒေ၏ ရည်ရွယ်ချက်နှင့် ပြဋ္ဌာန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာန၊ အဖွဲ့ အစည်းနှင့်ပုဂ္ဂိုလ်များအားလည်းကောင်း၊ ဘက်စုံပို့ဆောင်ရေး လုပ်ငန်း လုပ်ကိုင်သူများအား လည်းကောင်း လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရဝန်ကြီးဌာနသို့ အကြံပြုချက်များ တင်ပြခြင်း၊
(ခ) ဘက်စုံပို့ဆောင်ရေးကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး အတွက် ပြည်တွင်းပြည်ပမှ အခွင့်အာဏာပိုင်များ၊ အဖွဲ့အစည်း များ၊ ပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများ၊ သယ်ယူပို့ဆောင်သူများ၊ ကုန်စည်အပ်နှံသူနှင့် ကုန်စည်လက်ခံသူများနှင့်လည်းကောင်း ပူးပေါင်းညှိနှိုင်း ပေးခြင်း၊
(ဂ) ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများအား စည်းကမ်းချက် များ သတ်မှတ်၍ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊
(ဃ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ခုခုကို ဖြစ်စေ၊မှတ်ပုံတင်လက်မှတ် စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်သူအား ပုဒ်မ ၄၃ အရ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်ခြင်း၊
(င) သယ်ယူပို့ဆောင်သူများ၊ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင် သူများနှင့် အသုံးပြုသူများက ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့် ကြော်ငြာစာ၊အမိန့်နှင့် ညွှန်ကြားချက်များကို လည်းကောင်း၊ မှတ်ပုံတင်လက်မှက် စည်းကမ်းချက်များကို လည်းကောင်း လိုက်နာ ဆောင်ရွက်ခြင်း ရှိ၊ မရှိ လိုအပ်သလို စစ်ဆေးကြည့်ရှုခြင်း၊ ထိုသို့ စစ်ဆေးကြည့်ရှုရန် အမျိုးသား ညှိနှိုင်းကွပ်ကဲရေးအဖွဲ့၏ အဖွဲ့ဝင် ပါဝင်သည့် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ ဖြစ်စေ၊ သင့်လျော်သော ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ တာဝန်ပေးအပ်ခြင်း၊
(စ) ဘက်စုံပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်နွှယ်သော အစီအစဉ်တကျ ထောက်ပံ့ဖြည့်ဆည်းစီမံဆောင်ရွက်မှုနှင့် ပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းများ၊ အဖွဲ့အစည်းများနှင့် သင်တန်းများကို သတ်မှတ် ချက်များနှင့်အညီ ခွင့်ပြုခြင်းနှင့် ကြီးကြပ်ခြင်း၊
(ဆ) အမျိုးသားညှိနှိုင်းကွပ်ကဲရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အထောက်အကူပြုရန် ဝန်ထမ်းဖွဲ့စည်းပုံနှင့် အညီ လိုအပ်သည့် အရာထမ်းနှင့်အမှုထမ်းများအား ခန့်ထားခြင်း၊
(ဇ) အမျိုးသားညှိနှိုင်းကွပ်ကဲရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက် များကို သတ်မှတ်ချက်များနှင့်အညီ ပို့ဆောင်ရေးဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြခြင်း၊
(ဈ) ဤဥပဒေပါ ကိစ္စအလို့ငှာ ပို့ဆောင်ရေးဝန်ကြီးဌာနက အခါအား လျော်စွာ ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)
## မှတ်ပုံတင်ခြင်း

၉။ (က) ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ အဖြစ်သော်လည်းကောင်း၊ နိုင်ငံတော်က အဖွဲ့ဝင်ဖြစ်သော ဘက်စုံပို့ဆောင်ရေးနှင့်စပ်လျဉ်း သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း သို့မဟုတ် ဒေသဆိုင်ရာ သဘောတူစာချုပ်၏ အဖွဲ့ဝင်ပြည်ပနိုင်ငံတစ်ခုခုတွင် မှတ်ပုံတင် လက်မှတ်ရရှိသော ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း၊ ဘက်စုံပို့ဆောင်ရေး လုပ်ငန်းကို လုပ်ကိုင်လိုသူ သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်လျက် ရှိသူသည် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့် အညီ အမျိုးသားညှိနှိုင်းကွပ်ကဲရေးအဖွဲ့သို့ လျှောက်ထားရမည်။
(ခ) အမျိုးသား ညှိနှိုင်းကွပ်ကဲရေးအဖွဲ့သည် ပုဒ်မခွဲ(က)အရ လျှောက် ထားချက်နှင့်စပ်လျဉ်း၍ တင်ပြသည့် အာမခံအထောက်အထားမှာ လုံလောက်မှုရှိ မရှိနှင့် အခြားသတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိ မရှိတို့ကို စိစစ်ပြီး မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။
(ဂ) အမျိုးသား ညှိနှိုင်းကွပ်ကဲရေးအဖွဲ့က ပုဒ်မခွဲ(ခ)အရ ခွင့်ပြုသည့် အခါ မှတ်ပုံတင်အရာရှိသည် လျှောက်ထားသူအား သတ်မှတ်ထား သည့် မှတ်ပုံတင်ခကို ပေးသွင်းစေပြီး မှတ်ပုံတင်၍ သတ်မှတ်သည့် စည်းကမ်းချက်များဖြင့် မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

၁၀။ (က) ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် မှတ်ပုံတင်သက်တမ်း ကုန်ဆုံးသည့်အခါ ဘက်စုံပို့ဆောင်ရေး လုပ်ငန်းကိုဆက်လက် လုပ်ကိုင်လိုပါက မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ် ချက်များနှင့်အညီ အမျိုးသားညှိနှိုင်းကွပ်ကဲရေးအဖွဲ့သို့ လျှောက် ထားရမည်။
(ခ) အမျိုးသား ညှိနှိုင်းကွပ်ကဲရေးအဖွဲ့က ပုဒ်မခွဲ(က)အရ လျှောက် ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက မှတ်ပုံတင်အရာရှိသည် လျှောက် ထားသူအား သတ်မှတ်သည့် အခကြေးငွေများကို ပေးသွင်းစေပြီး စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်သက်တမ်း တိုးမြှင့်ပေး ရမည်။

## အခန်း (၆)
## ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့်သက်သေခံ အထောက်အထားလက်မှတ်

၁၁။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ပဋိညာဉ်အရကုန်စည် ကိုတာဝန်ယူ၍ သယ်ယူပို့ဆောင်ရန် လွှဲပြောင်းလက်ခံသည့်အခါ ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထား လက်မှတ်မှာ လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းဖြစ်သည် သို့မဟုတ် လွှဲပြောင်း ခြင်းမပြုနိုင်သော စာချုပ်စာတမ်းဖြစ်သည်ကို ကုန်စည်အပ်နှံသူက ရွေးချယ် လက်ခံသည့်အတိုင်း ဖော်ပြ၍ ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်ကို ကုန်စည်အပ်နှံသူအား ထုတ်ပေး ရမည်။

၁၂။ ပုဒ်မ ၁၁ အရ ထုတ်ပေးသော ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင် သည့် သက်သေခံအထောက်အထား လက်မှတ်တွင် ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူကဖြစ်စေ၊ ၎င်း၏အခွင့်အာဏာရ ပုဂ္ဂိုလ်တစ်ဦးကဖြစ်စေ လက်မှတ်ရေးထိုးထားသည့် စာဖြင့်ပြုလုပ်ရမည်။

၁၃။ ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံ အထောက် အထားလက်မှတ်တွင် အောက်ပါအချက်များပါရှိရမည်-
(က) ကုန်စည်အပ်နှံသူက ပေးသည့်ဖော်ပြချက်အတိုင်း ကုန်စည်၏ သဘာဝ၊ မည်သည့်ကုန်စည်ဖြစ်ကြောင်း ဖော်ပြချက်၊ လိုအပ်သည့် အမှတ်တံဆိပ်၊ ပျက်စီးလွယ်သော သို့မဟုတ် အန္တရာယ်ရှိသော ကုန်စည် ဖြစ်လျှင် ထိုသို့ဖြစ်ကြောင်း ဖော်ပြချက်၊ ထုပ်ပိုးပစ္စည်း သို့မဟုတ် ပစ္စည်းအစိတ်အပိုင်း အရေအတွက်၊ အခြားနည်းဖြင့် ဖော်ပြသည့် ကုန်စည်စုစုပေါင်းအလေးချိန်၊ ပမာဏ သို့မဟုတ် အရေအတွက်၊
(ခ) ကုန်စည်၏ လက်ရှိမျက်မြင်အခြေအနေ၊
(ဂ) ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ လုပ်ငန်းအမည်နှင့် အခြေစိုက်(ရုံးချုပ်)တည်နေရာ လိပ်စာ၊
(ဃ) ကုန်စည်အပ်နှံသူအမည်၊
(င) ကုန်စည်အပ်နှံသူက ပေးသည့် ကုန်စည်လက်ခံမည့်သူ အမည်၊
(စ) ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ပဋိညာဉ်အရ ကုန်စည် ကို တာဝန်ယူ၍ သယ်ယူပို့ဆောင်ရန် လွှဲပြောင်းလက်ခံသည့် နေရာနှင့် ရက်စွဲ၊
(ဆ) ကုန်စည်လွှဲပြောင်း ပေးပို့ရမည့်နေရာ၊
(ဇ) ကုန်စည်လွှဲပြောင်း ပေးပို့ရမည့်နေရာ၌ ကုန်စည်လွှဲပြောင်း ပေးပို့ ရမည့် နေ့ရက် သို့မဟုတ် ကာလကို စာချုပ်ဝင်များက အတိအလင်း သဘောတူ ဖော်ပြထားလျှင် ယင်းသို့ဖော်ပြသည့် လွှဲပြောင်းပေးပို့ ရမည့် နေ့ရက် သို့မဟုတ် ကာလ၊
(ဈ) ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံ အထောက်အထား လက်မှတ်မှာ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်း ဖြစ်သည် သို့မဟုတ် လွှဲပြောင်းခြင်းမပြုနိုင်သော စာချုပ်စာတမ်းဖြစ် သည်ဟု ဖော်ပြချက်၊
(ည) ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံ အထောက်အထားလက်မှတ်ထုတ် ပေးသည့်နေရာနှင့် နေ့ရက်၊
(ဋ) ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် ၎င်း၏ အခွင့် အာဏာရ ပုဂ္ဂိုလ်၏လက်မှတ်၊
(ဌ) စာချုပ်ဝင်များက အတိအလင်းသဘောတူထားလျှင် ယင်းသို့ သဘောတူထားသည့်အတိုင်း ပို့ဆောင်ရေးနည်းလမ်းတစ်ခုစီ အတွက် တန်ဆာခ သို့မဟုတ် ကုန်စည်လက်ခံသူက ပေးရမည့် ငွေကြေး အမျိုးအစား အပါအဝင် ကုန်စည်တန်ဆာခ သို့မဟုတ် ၎င်းက တန်ဆာခအတွက် ပေးရမည့်အခြားညွှန်ပြချက်၊
(ဍ) ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံ အထောက်အထားလက်မှတ် ထုတ်ပေးချိန်တွင် သိရှိရသည့် ပို့ဆောင်ရေးခရီးစဉ်လမ်းကြောင်း၊ ပို့ဆောင်ရေးနည်းလမ်းနှင့် တစ်ဆင့် လွှဲပြောင်းသယ်ဆောင်ရမည့်နေရာ၊
(ဎ) စာချုပ်ဝင်တို့ သဘောတူညီထားသည့် အခြားအချက် တစ်ရပ်ရပ် မှာ တည်ဆဲဥပဒေများနှင့် ဆန့်ကျင်ခြင်းမရှိပါက ထိုအခြားအချက် တစ်ရပ်ရပ် ဖော်ပြချက်။

၁၄။ ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက် အထားလက်မှတ်တွင် ပုဒ်မ ၁၃ ပါ အချက်တစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ ဖြစ်စေ မပါရှိသော်လည်း ပုဒ်မ ၂၊ ပုဒ်မခွဲ(ဆ)ပါ ဘက်စုံပို့ဆောင်ရေးကုန်စည် တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်၏ အဓိပ္ပာယ်ဖွင့်ဆို ချက်နှင့် ညီညွတ်လျှင် ထိုကုန်စည်တင်ဆောင်သည့် သက်သေခံအထောက် အထားလက်မှတ်၏ တရားဝင်တည်ရှိမှုကို ထိခိုက်ခြင်းမရှိစေရ။

၁၅။ (က) ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက လက်ခံတာဝန်ယူခဲ့ သည့် ကုန်စည်နှင့် စပ်လျဉ်း၍ ဘက်စုံပို့ဆောင်ရေးကုန်စည် တင်ဆောင်သည့် သက်သေခံ အထောက်အထားလက်မှတ်ပေါ်တွင် ပုံနှိပ်ထားသော သို့မဟုတ် ထပ်၍ရိုက်နှိပ်ထားသော ကုန်အလေး ချိန်၊ ဝန်နှင့် ရေတွက်ပုံ၊ ကုန်စည်တင်သူ ထည့်သွင်းသည့် ကုန် သေတ္တာ သို့မဟုတ် အခြားအလားတူစကားရပ်များကဲ့သို့သော ဖော်ပြချက်များသည် ဆန့်ကျင်ကွဲလွဲမှုမရှိပါက အဆိုပါ ဘက်စုံ ပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက် အထား လက်မှတ်သည် မြင်သာသော သက်သေခံအထောက် အထား ဖြစ်စေရမည်။
(ခ) ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံ အထောက်အထားလက်မှတ်ကို ကုန်စည်လက်ခံသူသို့ လွှဲပြောင်း ပေး၍ ဖြစ်စေ၊ အလားတူ အီလက်ထရွန်နစ် အချက်အလက်ဖြင့် အပြန်အလှန် ပို့လွှတ်၍ဖြစ်စေ ပေးပို့သည်ကို ကုန်စည်လက်ခံသူက သဘောရိုးဖြင့် လက်ခံရရှိပြီးဖြစ်ကြောင်း အသိအမှတ်ပြုပြီး ဖြစ်လျှင် ထိုကုန်စည်တင်ဆောင်သည့် သက်သေခံအထောက် အထားလက်မှတ်နှင့် စပ်လျဉ်း၍ ဆန့်ကျင်ကွဲလွဲပြီး တင်ပြသည့် သက်သေခံချက်များကို လက်ခံခြင်းမပြုရ။

## အခန်း(၇)
## ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၏ တာဝန်နှင့်ပေးရန်တာဝန်ရှိမှုများ

၁၆။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ကုန်စည်ကို ၎င်းက တာဝန်ယူ၍ ပို့ဆောင်ရန် လက်ခံသည့်အချိန်မှစ၍ သဘောတူညီချက်အရ ကုန်စည်ကို လွှဲပြောင်းပေးပို့သည့်အချိန်အထိ ထိုကုန်စည်အတွက် တာဝန် ရှိသည်။

၁၇။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် မိမိ၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်နေစဉ်အတွင်း မိမိ၏ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်၏ ပြုလုပ်မှု နှင့် ပျက်ကွက်မှုများအတွက် သော်လည်းကောင်း၊ အခြား ပုဂ္ဂိုလ်တစ်ဦးဦးနှင့်

ပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထား လက်မှတ်မှာ လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းဖြစ်သည် သို့မဟုတ် လွှဲပြောင်းခြင်းမပြုနိုင်သော စာချုပ်စာတမ်းဖြစ်သည်ကို ကုန်စည်အပ်နှံသူက ရွေးချယ်လက်ခံသည့်အတိုင်း ဖော်ပြ၍ ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်ကို ကုန်စည်အပ်နှံသူအား ထုတ်ပေးရမည်။

၁၂။ ပုဒ်မ ၁၁ အရ ထုတ်ပေးသော ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထား လက်မှတ်တွင် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူကဖြစ်စေ၊ ၎င်း၏အခွင့်အာဏာရ ပုဂ္ဂိုလ်တစ်ဦးကဖြစ်စေ လက်မှတ်ရေးထိုးထားသည့် စာဖြင့်ပြုလုပ်ရမည်။

၁၃။ ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံ အထောက်အထားလက်မှတ်တွင် အောက်ပါအချက်များပါရှိရမည်-

(က) ကုန်စည်အပ်နှံသူက ပေးသည့်ဖော်ပြချက်အတိုင်း ကုန်စည်၏ သဘာဝ၊ မည်သည့်ကုန်စည်ဖြစ်ကြောင်း ဖော်ပြချက်၊ လိုအပ်သည့် အမှတ်တံဆိပ်၊ ပျက်စီးလွယ်သော သို့မဟုတ် အန္တရာယ်ရှိသော ကုန်စည် ဖြစ်လျှင် ထိုသို့ဖြစ်ကြောင်း ဖော်ပြချက်၊ ထုပ်ပိုးပစ္စည်း သို့မဟုတ် ပစ္စည်းအစိတ်အပိုင်း အရေအတွက်၊ အခြားနည်းဖြင့် ဖော်ပြသည့် ကုန်စည်စုစုပေါင်းအလေးချိန်၊ ပမာဏ သို့မဟုတ် အရေအတွက်၊

(ခ) ကုန်စည်၏ လက်ရှိမျက်မြင်အခြေအနေ၊

(ဂ) ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ လုပ်ငန်းအမည်နှင့် အခြေစိုက်(ရုံးချုပ်)တည်နေရာ လိပ်စာ၊

(ဃ) ကုန်စည်အပ်နှံသူအမည်၊

(င) ကုန်စည်အပ်နှံသူက ပေးသည့် ကုန်စည်လက်ခံမည့်သူ အမည်၊

(စ) ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ပဋိညာဉ်အရ ကုန်စည်ကို တာဝန်ယူ၍ သယ်ယူပို့ဆောင်ရန် လွှဲပြောင်းလက်ခံသည့် နေရာနှင့် ရက်စွဲ၊

(ဆ) ကုန်စည်လွှဲပြောင်း ပေးပို့ရမည့်နေရာ၊

(ဇ) ကုန်စည်လွှဲပြောင်း ပေးပို့ရမည့်နေရာ၌ ကုန်စည်လွှဲပြောင်း ပေးပို့ရမည့် နေ့ရက် သို့မဟုတ် ကာလကို စာချုပ်ဝင်များက အတိအလင်း သဘောတူ ဖော်ပြထားလျှင် ယင်းသို့ဖော်ပြသည့် လွှဲပြောင်းပေးပို့ရမည့် နေ့ရက် သို့မဟုတ် ကာလ၊

(ဈ) ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံ အထောက်အထား လက်မှတ်မှာ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်း ဖြစ်သည် သို့မဟုတ် လွှဲပြောင်းခြင်းမပြုနိုင်သော စာချုပ်စာတမ်းဖြစ်သည်ဟု ဖော်ပြချက်၊

(ည) ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံ အထောက်အထားလက်မှတ်ထုတ် ပေးသည့်နေရာနှင့် နေ့ရက်၊

(ဋ) ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် ၎င်း၏ အခွင့်အာဏာရ ပုဂ္ဂိုလ်၏လက်မှတ်၊

(ဌ) စာချုပ်ဝင်များက အတိအလင်းသဘောတူထားလျှင် ယင်းသို့ သဘောတူထားသည့်အတိုင်း ပို့ဆောင်ရေးနည်းလမ်းတစ်ခုစီ အတွက် တန်ဆာခ သို့မဟုတ် ကုန်စည်လက်ခံသူက ပေးရမည့် ငွေကြေး အမျိုးအစား အပါအဝင် ကုန်စည်တန်ဆာခ သို့မဟုတ် ၎င်းက တန်ဆာခအတွက် ပေးရမည့်အခြားညွှန်ပြချက်၊

(ဍ) ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံ အထောက်အထားလက်မှတ် ထုတ်ပေးချိန်တွင် သိရှိရသည့် ပို့ဆောင်ရေးခရီးစဉ်လမ်းကြောင်း၊ ပို့ဆောင်ရေးနည်းလမ်းနှင့် တစ်ဆင့် လွှဲပြောင်းသယ်ဆောင်ရမည့်နေရာ၊

(ဎ) စာချုပ်ဝင်တို့ သဘောတူညီထားသည့် အခြားအချက် တစ်ရပ်ရပ်မှာ တည်ဆဲဥပဒေများနှင့် ဆန့်ကျင်ခြင်းမရှိပါက ထိုအခြားအချက် တစ်ရပ်ရပ် ဖော်ပြချက်။

၁၄။ ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်တွင် ပုဒ်မ ၁၃ ပါ အချက်တစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ ဖြစ်စေ မပါရှိသော်လည်း ပုဒ်မ ၂၊ ပုဒ်မခွဲ(ဆ)ပါ ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ညီညွတ်လျှင် ထိုကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်၏ တရားဝင်တည်ရှိမှုကို ထိခိုက်ခြင်းမရှိစေရ။

၁၅။ (က) ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက လက်ခံတာဝန်ယူခဲ့သည့် ကုန်စည်နှင့် စပ်လျဉ်း၍ ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံ အထောက်အထားလက်မှတ်ပေါ်တွင် ပုံနှိပ်ထားသော သို့မဟုတ် ထပ်၍ရိုက်နှိပ်ထားသော ကုန်အလေးချိန်၊ ဝန်နှင့် ရေတွက်ပုံ၊ ကုန်စည်တင်သူ ထည့်သွင်းသည့် ကုန်သေတ္တာ သို့မဟုတ် အခြားအလားတူစကားရပ်များကဲ့သို့သော ဖော်ပြချက်များသည် ဆန့်ကျင်ကွဲလွဲမှုမရှိပါက အဆိုပါ ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထား လက်မှတ်သည် မြင်သာသော သက်သေခံအထောက်အထား ဖြစ်စေရမည်။

(ခ) ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်ကို ကုန်စည်လက်ခံသူသို့ လွှဲပြောင်းပေး၍ ဖြစ်စေ၊ အလားတူ အီလက်ထရွန်နစ် အချက်အလက်ဖြင့် အပြန်အလှန် ပို့လွှတ်၍ဖြစ်စေ ပေးပို့သည်ကို ကုန်စည်လက်ခံသူက သဘောရိုးဖြင့် လက်ခံရရှိပြီးဖြစ်ကြောင်း အသိအမှတ်ပြုပြီး ဖြစ်လျှင် ထိုကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်နှင့် စပ်လျဉ်း၍ ဆန့်ကျင်ကွဲလွဲပြီး တင်ပြသည့် သက်သေခံချက်များကို လက်ခံခြင်းမပြုရ။

**အခန်း(၇)**

**ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၏ တာဝန်နှင့်ပေးရန်တာဝန်ရှိမှုများ**

၁၆။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ကုန်စည်ကို ၎င်းက တာဝန်ယူ၍ ပို့ဆောင်ရန် လက်ခံသည့်အချိန်မှစ၍ သဘောတူညီချက်အရ ကုန်စည်ကို လွှဲပြောင်းပေးပို့သည့်အချိန်အထိ ထိုကုန်စည်အတွက် တာဝန်ရှိသည်။

၁၇။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် မိမိ၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်နေစဉ်အတွင်း မိမိ၏ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်၏ ပြုလုပ်မှုနှင့် ပျက်ကွက်မှုများအတွက် သော်လည်းကောင်း၊ အခြား ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ထပ်ဆင့်ချုပ်ဆိုသည့် ပဋိညာဉ်အရ ဆောင်ရွက်ရာတွင် ထိုသူ၏ ပြုလုပ်မှုနှင့် ပျက်ကွက် မှုများအတွက်သော်လည်းကောင်း မိမိကိုယ်တိုင် ပြုလုပ်မှုနှင့် ပျက်ကွက်မှုဖြစ်သကဲ့သို့ တာဝန်ရှိစေရမည်။

၁၈။ ကုန်စည်လွှဲပြောင်းပေးပို့ခြင်းကို သေချာစေရန်အလို့ငှာ အောက်ဖော်ပြပါ လိုအပ်သော ပြုလုပ်မှုများကို ဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်မှုများ ရယူခြင်းပြုရာတွင် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည်-

(က) ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံ အထောက်အထားလက်မှတ်ကို လွှဲပြောင်းနိုင်သောပုံစံဖြင့် ထုတ်ပေးပြီးသည့်အခါ-

(၁) **"လက်ဝယ်ကိုင်ဆောင်သူသို့ လွှဲပြောင်းပေးပို့ရန်"**ဟု ဖော်ပြပါက အဆိုပါကုန်စည်တင်ဆောင်သည့် သက်သေခံ အထောက်အထားလက်မှတ်မူရင်းတစ်စောင် ပေးအပ်သူအား ကုန်စည်ကို လွှဲပြောင်းပေးပို့ရမည်။

(၂) **"အမိန့်ရသူသို့လွှဲပြောင်းပေးပို့ရန်"**ဟု ဖော်ပြပါက မှန်ကန်ကြောင်း ထပ်ဆင့်အတည်ပြုထောက်ခံသည့် အဆိုပါ ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထား လက်မှတ် မူရင်းတစ်စောင်ပေးအပ်သူအား ကုန်စည်ကို လွှဲပြောင်းပေးပို့ရမည်။

(၃) လွှဲပြောင်းပေးပို့ရမည့်သူ၏ အမည်မပါရှိဘဲ ကွက်လပ်ဖြင့် **"-------သို့ လွှဲပြောင်းပေးပို့ရန်"**ဟု ဖော်ပြပါက ပုဒ်မခွဲ ငယ်(၂)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံ အထောက်အထားလက်မှတ်ကို လွှဲပြောင်းခြင်းမပြုနိုင်သောပုံစံဖြင့် ထုတ်ပေးပြီးသည့်အခါ-

(၁) **"အမည်ဖော်ပြထားသူသို့ လွှဲပြောင်းပေးပို့ရန်"**ဟု ဖော်ပြပါက ထိုသူမှန်ကန်ကြောင်း သက်သေခံအထောက်အထားပြသနိုင်လျှင် အဆိုပါကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်မူရင်းတစ်စောင်ပေးအပ်သူအား ကုန်စည်ကို လွှဲပြောင်းပေးပို့ရမည်။

(၂) အဆိုပါ သက်သေခံအထောက်အထားလက်မှတ်တွင် ကုန်စည်လက်ခံသူအဖြစ် အမည်ဖော်ပြထားသူ မှန်ကန်ကြောင်း သက်သေခံအထောက်အထားပြသပါက ထိုသူအား ထုတ်ပေးရမည်။

(ဂ) အဆိုပါကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထား လက်မှတ်ကို ထုတ်ပေးခဲ့ခြင်းမရှိသည့်အခါ ပဋိညာဉ်အရ ကုန်စည်အပ်နှံသူက ညွှန်ကြားသည့်ပုဂ္ဂိုလ်ထံသို့ဖြစ်စေ၊ ကုန်စည်အပ်နှံသူ သို့မဟုတ် ကုန်စည်လက်ခံသူ၏ အခွင့်အရေးရရှိသူက ညွှန်ကြားသည့် ပုဂ္ဂိုလ်ထံသို့ဖြစ်စေ ကုန်စည်ကို လွှဲပြောင်းပေးပို့ရမည်။

၁၉။ (က) ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ပဋိညာဉ်အရ တာဝန်ယူပို့ဆောင်ရန် ကုန်စည်ကို စတင်လက်ခံသည့်အချိန်မှစ၍ ကိုယ်တိုင်တာဝန်ယူဆောင်ရွက်ရာတွင် ဖြစ်စေ၊ ပုဒ်မ ၁၇ ပါ မိမိ၏ဝန်ထမ်း၊ ကိုယ်စားလှယ် သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးက ဆောင်ရွက်ရာတွင်ဖြစ်စေ ကုန်စည်များဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုကြောင့် ဆုံးရှုံးမှုအတွက် မိမိကိုယ်တိုင်တွင် သော်လည်းကောင်း၊ မိမိ၏ ဝန်ထမ်း၊ ကိုယ်စားလှယ် သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးတွင် သော်လည်းကောင်း တာဝန်မရှိကြောင်း သက်သေခံချက် အထောက်အထားမတင်ပြနိုင်လျှင် ယင်းဆုံးရှုံးမှုတစ်ခုခုအတွက် တာဝန်ရှိစေရမည်။

(ခ) ကုန်စည်လွှဲပြောင်းပေးပို့ရမည့်အချိန်ကာလနှင့် စပ်လျဉ်း၍ ကုန်စည်အပ်နှံသူက ကြေညာခြင်းမပြုလုပ်ခဲ့ဘဲ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ကုန်စည်ကို လက်ခံခဲ့ခြင်းဖြစ်လျှင် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှုအတွက် ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူတွင် တာဝန်မရှိစေရ။

၂၀။ အတိအလင်းသဘောတူညီခဲ့သည့် အချိန်အတွင်း ကုန်စည်ကို လွှဲပြောင်းပေးပို့ခြင်းမပြုလျှင် သော်လည်းကောင်း၊ ထိုသို့သော သဘောတူညီချက်မျိုး မရှိသည့်ကိစ္စတွင် ဂရုပြုလုံ့လစိုက်သော ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူအနေဖြင့် ကိစ္စရပ်အခြေအနေပေါ်မူတည်၍ လျော်ကန်သင့်မြတ်သော အချိန်အတွင်း လွှဲပြောင်းပေးပို့ခြင်းမပြုလျှင် သော်လည်းကောင်း ကုန်စည်လွှဲပြောင်းပေးပို့ရန်နှောင့်နှေးကြန့်ကြာမှုပေါ်ပေါက်သည်ဟု သတ်မှတ်သည်။

၂၁။ ပုဒ်မ ၂၀ အရ ကုန်စည်ကို လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှု ပေါ်ပေါက်ကြောင်း သတ်မှတ်သည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ကုန်စည်ကို လွှဲပြောင်းပေးပို့ခြင်းမပြုနိုင်လျှင် ကုန်စည်ကိုတောင်းဆိုပိုင်ခွင့်ရှိသူ တစ်ဦးဦးသည် အခြားဆန့်ကျင်ကွဲလွဲသည့် သက်သေခံအထောက်အထားမရှိပါက ပျောက်ဆုံး သည့်ကုန်စည်အဖြစ်မှတ်ယူ၍ ဆောင်ရွက်နိုင်သည်။

၂၂။ ပုဒ်မ ၁၉ တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ကုန်စည်နှင့်စပ်လျဉ်း၍ သယ်ယူပို့ဆောင်သည့်ကာလ အတောအတွင်း အောက်ပါအခြေအနေတစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက် ပို၍ ဖြစ်စေပေါ်ပေါက်ကြောင်း သက်သေထင်ရှားပြနိုင်ပါက အဆိုပါကုန်စည် ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှု အတွက် တာဝန်မရှိစေရ-

(က) ကုန်စည်အပ်နှံသူ၊ ကုန်စည်လက်ခံသူ၊ ၎င်း၏ကိုယ်စားဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်၏ ပြုလုပ်မှု သို့မဟုတ် ပေါ့ဆမှု၊

(ခ) ကုန်စည်ထုပ်ပိုးခြင်း၊ အမှတ်တံဆိပ်ပြုလုပ်ခြင်း သို့မဟုတ် ကုန်စည်နံပါတ်တပ်ခြင်း ပြုလုပ်ရာတွင် မလုံလောက်မှု သို့မဟုတ် အားနည်းချို့ယွင်းမှု၊

(ဂ) ကုန်စည်အပ်နှံသူ၊ ကုန်စည်လက်ခံသူ သို့မဟုတ် ၎င်း၏ ကိုယ်စားဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်က ကုန်စည် ကိုင်တွယ်ထိန်းသိမ်းမှု၊ ကုန်စည်တင်မှု၊ ကုန်စည်ချမှု သို့မဟုတ် သိုလှောင်ထိန်းသိမ်းထားရှိမှု၊

(ဃ) ကုန်စည်၏ပင်ကိုသဘာဝချို့ယွင်းမှု သို့မဟုတ် မမြင်သာသော ချို့ယွင်းမှု၊

(င) ဆန္ဒပြသပိတ်မှောက်မှု၊ အလုပ်ပိတ်မှု၊ အလုပ်ရပ်နားထားမှု၊ အလုပ်ကို လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ မလုပ်စေရန်တားဆီးမှု၊

(စ) သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှု သို့မဟုတ် မလွန်ဆန်နိုင်သော ဖြစ်ရပ် ပေါ်ပေါက်မှု။

၂၃။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ပုဒ်မ ၂၂ ပါ အခြေအနေများအပြင် ပင်လယ်ရေကြောင်းနှင့် ပြည်တွင်းရေကြောင်းတို့ဖြင့် ကုန်စည်ပို့ဆောင်ရာ၌ ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုအတွက် အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ပါကလည်း တာဝန်မရှိစေရ-

(က) ရေယာဉ်မှူး၊ သင်္ဘောသား၊ ရေကြောင်းပြအရာရှိ သို့မဟုတ် သယ်ယူပို့ဆောင်သူ၏ ဝန်ထမ်း၏ တမင်ပြုလုပ်မှု၊ ပေါ့ဆမှု သို့မဟုတ် ပျက်ကွက်မှု၊

(ခ) သယ်ယူပို့ဆောင်သူ၏ အပြစ်ကြောင့်မဟုတ်ဘဲ မီးလောင်မှု သို့မဟုတ် ၎င်းပါဝင်ဆက်စပ်ခြင်း၊ သိရှိခြင်း မရှိဘဲ မီးလောင်မှု၊

(ဂ) သတ်မှတ်ရေကြောင်းခရီးစဉ် စတင်ချိန်၌ အသုံးပြုသည့် သင်္ဘောမှာ သွားလာရေးအတွက် ကြံ့ခိုင်၍ လိုအပ်ချက်များ ပြည့်စုံမှုရှိကြောင်း ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက သက်သေထင်ရှားပြနိုင်ပြီး သတ်မှတ်ရေကြောင်း ခရီးစဉ်အတွင်းတွင် သင်္ဘောမှာ ကြံ့ခိုင်ခြင်း၊ လိုအပ်ချက်များ ပြည့်စုံခြင်းမရှိ ဖြစ်လာမှု။

၂၄။ ကုန်စည်ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် လျော်ကြေးကို စည်းကြပ်ရာ၌ ကုန်စည်လက်ခံသူသို့ ကုန်စည်လွှဲပြောင်းပေးပို့သည့်နေရာနှင့် ကာလတို့တွင် တည်ရှိသော ကုန်စည်တန်ဖိုးကိုသော်လည်းကောင်း၊ ပဋိညာဉ်နှင့်အညီ ကုန်စည်လွှဲပြောင်းပေးပို့ရမည့် နေရာနှင့်ကာလတို့တွင် တည်ရှိသော ကုန်စည်တန်ဖိုးကိုသော်လည်းကောင်း အခြေခံရမည်။

၂၅။ ကုန်စည်တန်ဖိုးနှင့် စပ်လျဉ်း၍ လက်ရှိဖြစ်ပေါ်နေသော ကုန်စည်ချင်းဖလှယ်သည့် ကုန်စည်ဒိုင်ဈေးနှုန်းကို သော်လည်းကောင်း၊ အဆိုပါ ဈေးနှုန်း မရှိလျှင် ကာလပေါက်ဈေးနှုန်းကိုသော်လည်းကောင်း၊ အဆိုပါ ကုန်စည်ချင်း ဖလှယ်သည့် ဈေးနှုန်းနှင့် ကာလပေါက်ဈေးနှုန်းတို့ မရှိလျှင် အဆိုပါ ကုန်စည် အမျိုးအစားနှင့် အရည်အသွေးတူ ကုန်စည်၏ ပုံမှန်တန်ဖိုးကိုသော်လည်းကောင်း အခြေခံ၍ ဆုံးဖြတ်ရမည်။

**အခန်း(၈)**

**ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ ပေးရန်တာဝန်ရှိမှု ကန့်သတ်ချက်**

၂၆။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ပို့ဆောင်ရန် တာဝန်မယူမီ ကုန်စည်အပ်နှံသူက ကုန်စည်၏ သဘာဝနှင့် တန်ဖိုးကို ကြေညာခြင်း မပြုခဲ့သည့်အပြင် ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံ အထောက်အထား လက်မှတ်တွင်လည်း ထည့်သွင်းဖော်ပြခြင်း မရှိခဲ့လျှင် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ဘက်စုံပို့ဆောင်ရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း သို့မဟုတ် ဒေသဆိုင်ရာ သဘောတူ စာချုပ်ကို အခြေခံ၍ ထုပ်ပိုးပစ္စည်းတစ်ခုချင်းအတွက် သော်လည်းကောင်း၊ ဆုံးရှုံးသည့် သို့မဟုတ် ပျက်စီးသည့် ကုန်စည်၏ စုစုပေါင်းအလေးချိန်အတွက် သော်လည်းကောင်း ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်ထားသော အများဆုံးပေးလျော်ရမည့် အထူးငွေကြေး ထုတ်ယူပိုင်ခွင့် ယူနစ်ပမာဏထက်ပို၍ ပေးလျော်ရန် တာဝန်မရှိစေရ။

၂၇။ ကုန်သေတ္တာနှင့် ကုန်စည်တင် အခင်းပြားတို့ကို ထုပ်ပိုးပစ္စည်းတစ်ခု သို့မဟုတ် တစ်ယူနစ်ထက်ပို၍ ကုန်စည်တင်သည့်အခါ ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်တွင် တစ်ခုချင်းစီ စာရင်းသွင်းထားသော ထုပ်ပိုးပစ္စည်း သို့မဟုတ် အခြားသင်္ဘောတင်ပစ္စည်း ယူနစ်များသည် ထုပ်ပိုးပစ္စည်း သို့မဟုတ် သင်္ဘောတင်ပစ္စည်းများ ဖြစ်သည်ဟု မှတ်ယူရမည်။ ထိုသို့ မှတ်ယူရန်အချက်မှအပ အဆိုပါ ပို့ဆောင်ရေး ပစ္စည်းများသည် ထုပ်ပိုးပစ္စည်းတစ်ခု သို့မဟုတ် တစ်ယူနစ်ဖြစ်သည်ဟု မှတ်ယူရမည်။

၂၈။ ပုဒ်မ ၂၆ နှင့် ၂၇ တို့တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ဘက်စုံပို့ဆောင်ရေးတွင် ပဋိညာဉ်အရ ပင်လယ်ရေကြောင်း သို့မဟုတ် ပြည်တွင်းရေကြောင်းခရီးဖြင့် ကုန်စည်ပို့ဆောင်ခြင်း မပါဝင်ပါက ဘက်စုံပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူ၏ ပေးလျော်ရန်တာဝန်သည် ဆုံးရှုံးသော သို့မဟုတ် ပျက်စီးသော ကုန်စည်၏ စုစုပေါင်း အလေးချိန်အတွက် ဘက်စုံပို့ဆောင်ရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း သို့မဟုတ် ဒေသဆိုင်ရာ သဘောတူစာချုပ်ကို အခြေခံ၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ များဖြင့် သတ်မှတ်သော အထူးငွေကြေး ထုတ်ယူပိုင်ခွင့် ယူနစ်ပမာဏထက် မပိုစေရ။

၂၉။ ကုန်စည်ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုသည် ဘက်စုံပို့ဆောင်ရေး၏ သီးခြားပို့ဆောင်ရေး နည်းလမ်းတစ်လမ်းဖြင့် ပို့ဆောင်သည့် ကာလအတွင်း ပေါ်ပေါက်သည့်အခါ အဆိုပါ ဖြစ်ရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်သော ဘက်စုံပို့ဆောင်ရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း သို့မဟုတ် ဒေသဆိုင်ရာ သဘောတူစာချုပ်တွင် အခြားပေးရန် တာဝန်ကန့်သတ်ချက်ကို ပြဋ္ဌာန်းသတ်မှတ်ထားပြီး အဆိုပါ သီးခြားသယ်ယူပို့ဆောင်ရေး နည်းလမ်း အတွက် ပဋိညာဉ်ကိုလည်း သီးခြားချုပ်ဆိုထားလျှင် အဆိုပါဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုအတွက် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ ပေးလျော်ရန် တာဝန်ကန့်သတ်ချက်သည် ဖော်ပြပါကွန်ဗင်းရှင်းနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်တို့ကို အခြေခံ၍ ဤဥပဒေအရ သတ်မှတ်သည့် အတိုင်း ဖြစ်စေရမည်။

၃၀။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ကုန်စည်ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုမှအပ ကုန်စည်ထုတ်ပေးရာတွင် နှောင့်နှေးကြန့်ကြာမှုကြောင့် ဆုံးရှုံးမှု သို့မဟုတ် နောက်ဆက်တွဲဆုံးရှုံးနစ်နာမှုအတွက် ပေးလျော်ရန် တာဝန်ရှိလျှင် ထိုသူ၏ တာဝန်ရှိမှုသည် ပဋိညာဉ်အရ ကုန်စည်တန်ဆာခနှင့် ညီမျှသော ငွေပမာဏထက် မပိုစေရ။

၃၁။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၏ စုစုပေါင်းပေးလျော်ရန် တာဝန်ရှိမှုသည် ကုန်စည်အားလုံးဆုံးရှုံးမှုအတွက် ပေးလျော်ရန် တာဝန်ထက် မပိုစေရ။

၃၂။ ကုန်စည်ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုသည် ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ထိုသို့ ဆုံးရှုံးစေရန်၊ ပျက်စီးစေရန် သို့မဟုတ် နှောင့်နှေးကြန့်ကြာစေရန် ရည်ရွယ်၍ သော်လည်းကောင်း၊ အလေးမထားဂရုမစိုက်ဘဲ သိလျက်နှင့်သော်လည်းကောင်း ပုဂ္ဂိုလ်ရေးအရပြုလုပ်ကြောင်း သို့မဟုတ် ပျက်ကွက်ကြောင်း သက်သေထင်ရှား ပြသနိုင်လျှင် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ပေးလျော်ရန် တာဝန်ကန့်သတ်ချက်၏ အကျိုးကျေးဇူးကို ခံစားခွင့်မရှိစေရ။

**အခန်း (၉)**

**ကုန်စည်အပ်နှံသူ၏ တာဝန်နှင့် ပေးရန်တာဝန်ရှိမှုများ**

၃၃။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ဘက်စုံပို့ဆောင်ရေးကို စတင်တာဝန်ယူလက်ခံသည့်အချိန်တွင် ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်တွင် ထည့်သွင်းဖော်ပြရန် ကုန်စည်နှင့်စပ်လျဉ်း၍ သဘောသဘာဝ၊ အမှတ်တံဆိပ်၊ ကိန်းဂဏန်း နံပါတ်၊ အလေးချိန်၊ ပမာဏနှင့် အရေအတွက်၊ ဘေးအန္တရာယ်ဖြစ်စေတတ်သော ပစ္စည်းဖြစ်ပါက ထိုသို့ဖြစ်ကြောင်း ဖော်ပြချက်တို့ကို ကုန်စည်အပ်နှံသူကိုယ်တိုင် သို့မဟုတ် ၎င်း၏ကိုယ်စားဆောင်ရွက်သူက ဖော်ပြသည့်အတိုင်း တိကျမှန်ကန်ကြောင်း ၎င်းကအာမခံပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၃၄။ ကုန်စည်အပ်နှံသူသည် ဘေးအန္တရာယ်ရှိသော ကုန်စည်ပေါ်တွင် အမှတ်တံဆိပ်ကို ဖြစ်စေ၊ ချိတ်ဆွဲတံဆိပ် သို့မဟုတ် ကပ်တံဆိပ်ကိုဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ ပြုလုပ်တပ်ဆင်ပေးရမည်။

၃၅။ ကုန်စည်အပ်နှံသူသည် ဘေးအန္တရာယ်ရှိသော ကုန်စည်ကို ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူအား ဖြစ်စေ၊ ထိုသူ၏ကိုယ်စား ဆောင်ရွက်သူ တစ်ဦးဦးအား ဖြစ်စေ လွှဲပြောင်းပေးအပ်သည့်အခါ ဘေးအန္တရာယ်ရှိသော ကုန်စည်၏လက္ခဏာနှင့် လိုအပ်လျှင် ကြိုတင်သတိထားဆောင်ရွက်ရမည့် အချက်များကို ထိုသူအား အသိပေးအကြောင်းကြားရမည်။ အကယ်၍ ကုန်စည်အပ်နှံသူက ထိုသို့ဆောင်ရွက်ရန် ပျက်ကွက်သည့်ပြင် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူကလည်း လွှဲပြောင်းပေးအပ်သည့် ကုန်စည်မှာ ဘေးအန္တရာယ်ဖြစ်စေနိုင်သော လက္ခဏာရှိကြောင်း အခြားနည်းဖြင့် သိရှိမထားလျှင်-

(က) ထိုကုန်စည်ပို့ဆောင်ခြင်းဖြင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုအားလုံး အတွက် ဘက်စုံပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူအား ကုန်စည် အပ်နှံသူက ပေးရန်တာဝန်ရှိစေရမည်။

(ခ) ဖြစ်ပေါ်လာသော အခြေအနေလိုအပ်ချက်အရ မည်သည့်အချိန် အခါတွင်မဆို လွှဲပြောင်းပေးအပ်ထားသည့် ကုန်စည်အတွက် လျော်ကြေးပေးရန်မလိုဘဲ ဘေးအန္တရာယ်မဖြစ်စေရန် ယင်း ကုန်စည်ကို ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် ယင်း၏ကိုယ်စား ဆောင်ရွက်သူက ချထားခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပေးအပ်ခြင်းပြုနိုင်သည်။

၃၆။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ၎င်းတာဝန်ယူဆောင်ရွက် နေစဉ်အတွင်း ကုန်စည်များ၏ ဘေးအန္တရာယ်ရှိသည့် လက္ခဏာကို သိရှိထားပြီးဖြစ်လျှင် မည်သူမျှ ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်များကို ကိုးကား၍ ဆောင်ရွက်ခြင်းမပြုနိုင်။

၃၇။ အကယ်၍ ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ခ)ပါ ပြဋ္ဌာန်းချက်နှင့် မသက်ဆိုင်သည့် အခါတွင်သော်လည်းကောင်း၊ ပုဒ်မ ၃၆ အရ ကိုးကားခြင်းမပြုနိုင်သည့် အခါတွင်သော်လည်းကောင်း ဘေးအန္တရာယ်ရှိသော ကုန်စည်သည် လူ့ အသက်ကိုဖြစ်စေ၊ ပစ္စည်းဥစ္စာကိုဖြစ်စေ အမှန်တကယ်ဘေးအန္တရာယ် ပြုလာလျှင် ဖြစ်ပေါ်လာသော အခြေအနေလိုအပ်ချက်အရ ကုန်စည်ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုကို မျှဝေကျခံရသည့် ပျမ်းမျှထည့်ဝင်ကြေး သို့မဟုတ် ပုဒ်မ ၁၉၊ ၂၀ နှင့် ၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဘက်စုံပို့ဆောင်ရေး လုပ်ငန်း လုပ်ကိုင်သူ၏ တာဝန်ရှိမှုများမှအပ လျော်ကြေးပေးရန်မလိုဘဲ ကုန်စည်ကို ဘေးအန္တရာယ်မဖြစ်စေရန် ချထားခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပေးအပ်ခြင်း ပြုနိုင်သည်။

၃၈။ ပုဒ်မ ၃၃၊ ၃၄၊ ၃၅၊ ၃၆နှင့် ၃၇ တို့တွင် ရည်ညွှန်းထားသည့်အချက်များမှာ တိကျမှန်ကန်ခြင်းမရှိမှု သို့မဟုတ် မလုံလောက်မှုတစ်ခုခုကြောင့် ဖြစ်ပေါ်လာသည့်ဆုံးရှုံးမှုတစ်ရပ်ရပ်အတွက် ကုန်စည်အပ်နှံသူသည် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူအား နစ်နာကြေးပေးရန်တာဝန်ရှိသည်။

၃၉။ ကုန်စည်အပ်နှံသူသည် ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်ကို ၎င်းကလွှဲပြောင်းပေးပြီးသည့်တိုင် ပေးရန်တာဝန်ရှိမှုသည် ဆက်လက်၍တည်ရှိစေရမည်။

၄၀။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၏ ပုဒ်မ ၃၈ နှင့် ၃၉ တို့ပါ နစ်နာကြေးဆိုင်ရာ အခွင့်အရေးကို ကုန်စည်အပ်နှံသူမှအပ အခြားပုဂ္ဂိုလ် တစ်ဦးဦးသို့ ပဋိညာဉ်အရ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၏ ပေးရန် တာဝန်ရှိမှုအား ကန့်သတ်ခြင်းမရှိစေရ။

**အခန်း (၁၀)**

**အကြောင်းကြားခြင်း၊ တောင်းဆိုခြင်း၊ အရေးယူခြင်းနှင့် ကာလစည်းကမ်းသတ်**

၄၁။ (က) ကုန်စည်လက်ခံသူအား ကုန်စည်ကို လွှဲပြောင်းပေးအပ်ချိန်တွင် ကုန်စည်ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှု၏ အဖြစ်အပျက် သဘာဝ အတိအကျ ဖော်ပြထားသော အကြောင်းကြားချက်ကို ကုန်စည် လက်ခံသူက ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူထံသို့ သတ်မှတ်ချက်များနှင့်အညီ လက်မှတ်ရေးထိုးထားသည့် စာဖြင့် ပေးပို့ထားခြင်းမရှိလျှင် အဆိုပါလွှဲပြောင်းပေးအပ်မှုသည် ဘက်စုံ ပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံ အထောက် အထားလက်မှတ်တွင် ဖော်ပြထားသည့်အတိုင်း ဘက်စုံပို့ဆောင် ရေးလုပ်ငန်းလုပ်ကိုင်သူက ကုန်စည်လွှဲပြောင်းပေးပို့ကြောင်း မြင်သာသော သက်သေခံချက်အထောက်အထားဖြစ်သည်။

(ခ) ကုန်စည်ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုကို အပြင်ပန်းအားဖြင့် သိသာထင်ရှားခြင်းမရှိသည့်ကိစ္စတွင် ကုန်စည်လက်ခံသူသို့ ကုန်စည်ကို လွှဲပြောင်းပေးအပ်ပြီးနောက် ၎င်းက ဤဥပဒေအရ သတ်မှတ်သည့်ကာလအတွင်း လက်မှတ်ရေးထိုးထားသည့် စာဖြင့် အကြောင်းကြားပေးပို့ခြင်းမရှိလျှင် ထိုကုန်စည်ဆုံးရှုံး ကြောင်း သို့မဟုတ် ပျက်စီးကြောင်း မြင်သာသော သက်သေခံ အထောက်အထားမရှိဟု မှတ်ယူရမည်။

၄၂။ ဤဥပဒေအရ နစ်နာဆုံးရှုံးမှု တစ်ခုခုအတွက် အကြောင်းကြားစာ ပေးပို့ခြင်း၊ တရားရုံးနှင့် အနုညာတ ခုံသမာဓိရုံးတို့တွင် တရားစွဲဆိုခြင်း၊ တင်ပြတောင်းဆိုခြင်း၊ လျှောက်ထားခြင်းနှင့် ကာလစည်းကမ်းသတ်တို့နှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း များ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်တစ်ရပ်ရပ်ဖြင့် သီးခြား ထုတ်ပြန်၍ သတ်မှတ်ထားသည့်အတိုင်း ဖြစ်စေရမည်။ ထိုသို့ သတ်မှတ် ထားခြင်းမရှိလျှင် တည်ဆဲဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရမည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

❒ စာမျက်နှာ ၉ မှ

**အခန်း (၁၁)**

**အမျိုးသားညှိနှိုင်းကွပ်ကဲရေးအဖွဲ့က စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်ခြင်း**

၄၃။ အမျိုးသားညှိနှိုင်းကွပ်ကဲရေးအဖွဲ့သည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ မှတ်ပုံတင်စည်းကမ်းချက် တစ်ခုခုကို ဖြစ်စေ ဖောက်ဖျက်ကျူးလွန်သော သို့မဟုတ် လိုက်နာရန် ပျက်ကွက်သော ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်းနှင့် သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) မှတ်ပုံတင်လက်မှတ်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း။

**အခန်း (၁၂)**

**အယူခံခြင်း**

၄၄။ အမျိုးသားညှိနှိုင်းကွပ်ကဲရေးအဖွဲ့က ချမှတ်သော မှတ်ပုံတင်လက်မှတ် လျှောက်ထားချက်ကို ငြင်းပယ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ကိုဖြစ်စေ မကျေနပ်သူသည် ထိုအမိန့်ချမှတ်သည်ကို သိရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၄၅။ (က) ဝန်ကြီးဌာနသည် ပုဒ်မ ၄၄ အရ အယူခံမှုကို စိစစ်ပြီး ပလပ်ခြင်း သို့မဟုတ် ချမှတ်ခဲ့သော အမိန့်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ဝန်ကြီးဌာနက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

**အခန်း (၁၃)**

**စီရင်ပိုင်ခွင့်အာဏာ**

၄၆။ ဤဥပဒေအရ ဘက်စုံပို့ဆောင်ရေးနှင့် စပ်လျဉ်း၍ ပေါ်ပေါက်သည့် တရားစီရင်ရေးဆိုင်ရာ အမှုများကို တရားလို၏ ဆန္ဒအရ အောက်ဖော်ပြပါ နေရာဒေသတစ်ခုခုရှိ စီရင်ပိုင်ခွင့်ရှိသော တရားရုံးတစ်ခုခုတွင် တရားစွဲပိုင်ခွင့်ရှိသည်-

(က) တရားပြိုင်၏ ပင်မစီးပွားရေးလုပ်ငန်းတည်ရှိရာ နေရာဒေသ သို့မဟုတ် အမြဲတမ်းနေထိုင်ရာ နေရာဒေသ၊

(ခ) ပဋိညာဉ်ချုပ်ဆိုသည့် နေရာဖြစ်ပြီး တရားပြိုင်၏ စီးပွားရေးလုပ်ငန်း၊ ရုံးခွဲ သို့မဟုတ် ကိုယ်စားလှယ်ရှိရာ နေရာဒေသ၊

(ဂ) ဘက်စုံပို့ဆောင်ရေးအတွက် ကုန်စည်ကို တာဝန်ယူလက်ခံသည့် နေရာ သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့သည့် နေရာဒေသ၊

(ဃ) ဤကိစ္စအလို့ငှာ ပဋိညာဉ်တွင် ဖော်ပြသည့် အခြားနေရာဒေသ တစ်ခုခုနှင့် ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်တွင် သက်သေခံအဖြစ်ဖော်ပြသည့် အခြားနေရာဒေသ တစ်ခုခု။

၄၇။ ပုဒ်မ ၄၆ တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ရပိုင်ခွင့် တောင်းဆိုပြီးနောက် စာချုပ်ဝင်တို့ ချုပ်ဆိုသည့် သဘောတူစာချုပ်တွင် တရားစွဲဆိုနိုင်ရန် သီးခြားသတ်မှတ်သည့် နေရာဒေသရှိ စီရင်ပိုင်ခွင့်ရှိသော တရားရုံးသည် စီရင်ပိုင်ခွင့် ရှိစေရမည်။

၄၈။ ဘက်စုံပို့ဆောင်ရေးနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသည့် အငြင်းပွားမှုကို အနုညာတခုံသမာဓိဖြင့် ဖြေရှင်းပေးရန် တောင်းဆိုလျှောက်ထားသူ၏ ဆန္ဒအရ ပုဒ်မ ၄၆၊ ပုဒ်မခွဲ (က) မှ (ဃ) အထိ ဖော်ပြထားသော နေရာဒေသတစ်ခုခု၌ အနုညာတခုံသမာဓိဖြင့် ဖြေရှင်းခြင်းကို ပဋိညာဉ်နှင့်အညီ ပြုလုပ်နိုင်သည်။

၄၉။ ဘက်စုံပို့ဆောင်ရေးနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသည့် အငြင်းပွားမှုကို အနုညာတခုံသမာဓိဖြင့် ဖြေရှင်းခြင်းနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ပဋိညာဉ်တွင် သဘောတူညီထားသည့်အတိုင်း မည်သည့်လုပ်ထုံးလုပ်နည်းဖြင့် ဖြေရှင်းမည်ကို ရွေးချယ်ဆောင်ရွက်ပိုင်ခွင့် ရှိသည်။

၅၀။ ပုဒ်မ ၄၈ တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ အငြင်းပွားမှုအတွက် အနုညာတခုံသမာဓိဖြင့် ဖြေရှင်းပေးရန် တောင်းဆို လျှောက်ထားပြီးနောက် စာချုပ်ဝင်တို့ချုပ်ဆိုသည့် သဘောတူစာချုပ်တွင် သီးခြားသတ်မှတ်သည့် နေရာဒေသရှိ အနုညာတခုံသမာဓိဖြင့် ဖြေရှင်းခြင်းကိုပြုလုပ်နိုင်သည်။

**အခန်း(၁၄)**

**ပြစ်မှုနှင့် ပြစ်ဒဏ်**

၅၁။ မည်သူမဆို မှတ်ပုံတင်လက်မှတ် မရှိဘဲ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ကြောင်းပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းငါးဆယ်အထိ ချမှတ်ခြင်းခံရမည်။

၅၂။ ပုဒ်မ ၅၁ အရ တရားစွဲဆိုမှုတွင် တရားရုံးက အပြီးသတ် အမိန့်ချမှတ်ခြင်း မပြုမီ တရားစွဲဆိုခြင်းခံရသော ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ပုဒ်မ ၅၁ တွင် သတ်မှတ်ထားသည့် အများဆုံး ဒဏ်ငွေကို ဤဥပဒေပါ ကိစ္စအလို့ငှာ အမျိုးသားညှိနှိုင်းကွပ်ကဲရေးအဖွဲ့က စီမံခန့်ခွဲနိုင်ရန် မှတ်ပုံတင်အရာရှိထံ ပေးဆောင်လျှင် မှတ်ပုံတင်အရာရှိသည် တရားရုံးတွင် ထိုအမှုကိုကျေအေးရမည်။

**အခန်း(၁၅)**

**အထွေထွေ**

၅၃။ ဤဥပဒေတွင် အခြားနည်းဖြင့် ပြဋ္ဌာန်းထားခြင်းမရှိလျှင် ဤဥပဒေပါ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၏ တာဝန်များ၊ ပေးရန်တာဝန်ရှိမှုများ၊ ကင်းလွတ်ချက်များနှင့် ပေးရန်တာဝန်ကန့်သတ်ချက်များသည်-

(က) မှတ်ပုံတင်လက်မှတ်ရရှိသော ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူနှင့် သက်ဆိုင်စေရမည်။

(ခ) မှတ်ပုံတင်လက်မှတ်ရရှိသော ကိုယ်စားလှယ်နှင့် လည်းကောင်း၊ သီးခြားဆန့်ကျင်ကွဲလွဲသည့် သဘောတူညီချက်မရှိပါက ထိုကိုယ်စားလှယ်၏ အကြီးအကဲနှင့် လည်းကောင်း သက်ဆိုင်စေရမည်။

၅၄။ (က) ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်ပါ သတ်မှတ်ချက်တစ်ရပ်ရပ်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သွေဖည်သည့်အပြင် ကုန်စည်အပ်နှံသူကို ဖြစ်စေ၊ ကုန်စည်လက်ခံသူကို ဖြစ်စေ ထိခိုက်နစ်နာစေပါက ပျက်ပြယ်စေရမည်ဖြစ်ပြီး အကျိုးသက်ရောက်စေရန် တင်ပြခွင့်မရှိစေရ။ သို့ရာတွင် ထိုပြဋ္ဌာန်းချက်သည် အဆိုပါ သက်သေခံအထောက်အထားလက်မှတ်၌ ပါရှိသော အခြားသတ်မှတ်ချက်များကို ထိခိုက်ခြင်းမရှိစေရ။

(ခ) အခန်း(၇)ပါ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်နှင့် ပေးရန် တာဝန်ရှိမှုများတွင် လည်းကောင်း၊ အခန်း(၈)ပါ ပေးရန်တာဝန်ရှိမှု ကန့်သတ်ချက်များတွင် လည်းကောင်း မည်သို့ပင်ပါရှိစေကာမူ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ကုန်စည်အပ်နှံသူ၏ သဘောတူညီချက်ဖြင့် ပဋိညာဉ်တွင် မိမိ၏ တာဝန်ရှိမှုနှင့်ပေးရန် တာဝန်များကို ပိုမို၍ တိုးမြှင့်သတ်မှတ်ပေးနိုင်သည်။

၅၅။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် ဤဥပဒေအရ မှတ်ပုံတင်ခ၊ မှတ်ပုံတင်သက်တမ်း၊ မှတ်ပုံတင်သက်တမ်း တိုးမြှင့်ခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေး၊ အာမခံအထောက်အထားနှင့် အခြားအခကြေးငွေများကို သတ်မှတ်ထားရမည်။

၅၆။ မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ ရရန်ရှိသော အခကြေးငွေနှင့် ဒဏ်ကြေးငွေများ ပေးဆောင်ရန် ပျက်ကွက်သူထံမှ ထိုအခကြေးငွေနှင့် ဒဏ်ကြေးငွေများကို ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရမည်။

၅၇။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခြင်းနှင့် စပ်လျဉ်း၍ အများပြည်သူအကျိုးငှာ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်ရယူခြင်းမှ ဖြစ်စေ၊ မှတ်ပုံတင်ခ သို့မဟုတ် အခြားအခကြေးငွေ ပေးသွင်းရခြင်းမှဖြစ်စေ စည်းကမ်းချက်များသတ်မှတ်၍ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၅၈။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ မြို့နယ်တရားရုံးမှ မည်သည့် စီရင်ပိုင်ခွင့်အာဏာရ တရားသူကြီးမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်တွင် သတ်မှတ်ထားသည့် ဒဏ်ငွေကိုချမှတ်ရန် စီရင်ပိုင်ခွင့်အာဏာရရှိစေရမည်။

၅၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် အမျိုးသားညှိနှိုင်းကွပ်ကဲရေးအဖွဲ့တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ ပို့ဆောင်ရေးဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို လည်းကောင်း ထုတ်ပြန်နိုင်သည်။

---

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

# ညောင်ဦး၌ လုပ်ငန်းရင်းနှီးငွေထုတ်ချေး

**ညောင်ဦး မေ ၂၀**

ညောင်ဦးမြို့ အမှတ်(၅)ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်မှ အသင်းသားများသို့ လုပ်ငန်းရင်းနှီးငွေ ပေးအပ်ပွဲကို မေ ၁၆ ရက် နံနက် ၉ နာရီက အမှတ်(၅) ရပ်ကွက် သမဝါယမအသင်းရုံး၌ ကျင်းပရာ မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးကျော်သန်းက အသေးစားချေးငွေလုပ်ငန်း အစီအစဉ်ဖြင့် ချေးငွေများထုတ်ချေးရာတွင် လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်း၊ စည်းကမ်းများနှင့် ချေးငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ညောင်ဦးမြို့ အမှတ်(၅)ရပ်ကွက်နယ်မြေရှိ ရပ်ကွက်အသီးသီးတို့မှ သမဝါယမအသင်းသား ၁၄၃ ဦးတို့ အား တစ်ဦးလျှင် ချေးငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် လုပ်ငန်း ရင်းနှီးချေးငွေပေါင်း ကျပ်သိန်း ၇၁ ဒသမ ၅၀ ကို အသင်းသား တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သီဟကျော်(ပုဂံ)**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၁-၅-၂၀၁၃ (အင်္ဂါနေ့)**

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၈း၁၀ | ဇာတ်လမ်းတို |
| ၈း၃၀ | Shopping အစီအစဉ်များ |
| ၄း၂၀ | ဇာတ်လမ်းတို |
| ၄း၂၅ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄း၃၅ | အင်္ဂလိပ်စာသုတ |
| ၅း၂၂ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွှင့်ပြင်(ဒုတိယတွဲ)(အပိုင်း-၁၀၅) |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တိမ်လွှာထက်က ဖန်ရဲတိုက်" (အပိုင်း-၅၅) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်ခွင့်ရချင်ပြီ"(အပိုင်း-၁၆) |


# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

**RICH LIFE CONSTRUCTION CO., LTD** သည် သံတွဲမြို့ ဒွါရာဝတီမြို့ မဈေးကြီးအား ခေတ်မီလှပခိုင်ခံ့သော ဈေးသစ်ကြီးအဖြစ် သတ်မှတ်ကာလထက်စော၍ တည်ဆောက် ပြီးစီးခဲ့ပြီး၊ ၁၈.၅.၂၀၁၃ နေ့ ရက်တွင် ဈေးသစ်ကြီးကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် အထူးပင်ဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ အနာဂတ်တွင်လည်း တည်ဆောက်ရေးလုပ်ငန်းများကို ဆတက်ထမ်းပိုးအောင်မြင်စွာတည်ဆောက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရက္ခိုတသီဟ ဆောက်လုပ်ရေး (သံတွဲ)

ပြည်ဖြိုးသစ္စာ ဆောက်လုပ်ရေး (သံတွဲ)

ရီရှင်းဆောက်လုပ်ရေးပစ္စည်းမျိုးစုံရောင်းဝယ်ရေး (သံတွဲ)

သံတွဲသား သယ်ယူပို့ ဆောင်ရေး

STEEL KING CO., LTD.

STRONG COMPANY LIMITED

ရဲအောင်လံ Express

သတင်းဆောင်းပါး

# ရှက်သစ်ဝေချိန်နှင့်အတူ နှလုံးရွှင်ပြုံး ပီတိဖုံးစေမည့် နေပြည်တော် သတ္တဌာနဆီသို့ (၂)

စေတနာမောင်

(ယမန်နေ့မှအဆက်)

**နေပြည်တော်၌ မဟာဗောဓိစေတီတော်နှင့် သတ္တဌာနတည်ဆောက်နိုင်ရေးလေ့လာမှုများအပေါ် လက်တွေ့ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများ၊ ပညာရှင်များ၏အမြင်၊ အယူအဆနှင့် တည်ဆောက်ရေးတာဝန်ယူရသည့် ACE ဆောက်လုပ်ရေးအဖွဲ့၊ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်တို့၏ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရမှုများကို သိရှိနိုင်ရန် ယခုကဲ့သို့ မေးမြန်းတင်ပြလိုက်ရပါသည်။**

**ဦးဝင်းဇော်**
**(ညွှန်ကြားရေးမှူး၊ မြို့ပြနှင့်ဒေသစီမံကိန်းဌာနခွဲ)**

**မေး။ စေတီတော် တည်ဆောက်ရေး စီမံကိန်းမှာ ဆရာပါဝင်ခဲ့ဖြစ်ပုံကို ရှင်းပြပေးပါခင်ဗျာ။**

ဖြေ။ ကျွန်တော့်အနေနဲ့ နေပြည်တော် စတင်တည်ဆောက်ကတည်းက ပါဝင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီစေတီတော်ရဲ့ တစ်ဖက်မှာရှိတဲ့ သတ္တသတ္တာဟ တရားစခန်းဟာ ပထမဦးဆုံး ပေါ်ပေါက်လာခဲ့ပါတယ်။ ဒီတရားစခန်းကို နိုင်ငံတော်သမ္မတလာရောက်ကြည့်ရှုစဉ်မှာ မဟာဗောဓိစေတီတော် တည်ရှိရာ အိန္ဒိယနိုင်ငံဂယာမြို့ရှိ သတ္တဌာနနဲ့ ပတ်သက်ပြီးတော့ ကြည်ညိုဖွယ်ရာတည်လိုက်လို့ရှိရင်တော့ တရားစခန်းမှာလာပြီး တရားထိုင်မယ့်လူတွေအနေနဲ့ ပိုပြီးတော့ ကုသိုလ်ရ၊ အာရုံလည်းရမယ်ဆိုပြီး ဒါကို တည်ဆောက်ဖို့ တာဝန်ပေးချက်အရ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်ရဲ့ ထပ်ဆင့်လမ်းညွှန်မှုတွေနဲ့ ဒီနေရာမှာ ပါဝင်လှုပ်ရှားခဲ့တာပဲ ဖြစ်ပါတယ်။ တည်ဆောက်မှုနဲ့ ပတ်သက်လို့ ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်သမ္မတကြီးက ဒီလိုတည်ဖို့အတွက် အမိန့်ပေးလိုက်ပြီးတဲ့အခါမှာ အဖွဲ့ဖွဲ့ပြီးတော့ ဒါကိုလေ့လာဖို့ ကျွန်တော်တို့ တာဝန်ပေးခံရပါတယ်။ အဲဒီတာဝန်ပေးချက်အရ လေ့လာရမယ့်ကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်တို့တွေအားလုံး တိုင်ပင်ပြီးတဲ့အခါမှာ ဒီလိုစီစဉ်ဖို့ ကိစ္စနဲ့ပတ်သက်ပြီးတော့ ACE နဲ့ ရွှေတောင်အနေနဲ့ သူတို့လည်း စီစဉ်ခဲ့ကြတာပေါ့နော်။

**မေး။ မတည်ဆောက်မီ ကြိုတင်လေ့လာပြင်ဆင်ဆောင်ရွက်မှုများရှိရင်လည်း သိပါရစေ။**

ဖြေ။ စေတီတော်ကြီးတည်ဆောက်ဖို့ အမိန့်ရရှိတဲ့အချိန်မှာ ဂယာမှာရှိနေတဲ့ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ကြီး ပတ်ဝန်းကျင်တစ်ခုလုံးကိုတော့ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် လေ့လာရမယ်ဆိုတဲ့သိရှိမှု တစ်ခုနဲ့ သွားလေ့လာမယ့်အဖွဲ့ထဲမှာ တိုင်ပင်လိုက်ကြပြီး ဟိုမှာရှိနေတဲ့ စေတီတည်ထားမှုကို အရှိအတိုင်း လေ့လာကြပါတယ်။ လေ့လာတဲ့အခါမှာ ဒီသတ္တသတ္တာဟ မဟာဗောဓိစေတီကြီးကို ဒီရေ၊ ဒီမြေ၊ တည်နေရာ၊ ပတ်ဝန်းကျင်နဲ့ ဘယ်လိုတည်ရမလဲဆိုတာကို လေ့လာဖို့ ဆုံးဖြတ်ပြီးလုပ်ခဲ့ကြပါတယ်။

ဒီမှာကတည်းက ကျွန်တော်တို့တွေအားလုံး ညီတူညီမျှ သဘောတူညီလိုက်တဲ့ဟာကတော့ မြေပြင်ပေါ်မှာရှိနေတဲ့တည်နေရာတွေကိုတော့ အတိအကျယူလို့ရတယ်၊ ကျွန်တော်တို့ ဆုံးဖြတ်သွားတာကတော့ အဲဒီရောက်လို့ရှိရင် အဲဒီနေရာမှာရှိနေတဲ့ ဗုဒ္ဓမွေးဖွားတဲ့အချိန်ကစပြီးတော့ ပရိနိဗ္ဗာန်စံတော်မူတဲ့အချိန်အထိ ရှိခဲ့တဲ့နေရာတွေ အားလုံးကိုတော့ အတိအကျတိုင်း ယူမယ်လို့ဆိုပြီး သွားကြတယ်။ အကုန်လုံးပြင်ဆင်သွားကြတယ်။ ဟိုရောက်ပြီးတော့ မြန်မာနိုင်ငံမှာ ဗုဒ္ဓဂယာကို အစားထိုး တစ်ခုတည်မယ်လို့ ကြည့်တဲ့အခါမှာ မြေပြင်အနေအထားက လုံးဝမတူတာကိုတွေ့ရတယ်။ ဟိုမှာ ဗုဒ္ဓဂယာကို ကြည့်မယ်ဆိုရင် လျှောက်လမ်းတွေက အထက် ၁၅ ပေလောက်မှာရှိနေတယ်။ မဟာဗောဓိစေတီကြီးက အောက်မှာရှိနေတယ်။ မြေပြင်အနေအထားကိုက ချိုင့်ထဲမှာ၊ မြေပြင်အနေအထားက ဒီမှာက မြေပြင်ညီ၊ အဲဒီတော့ ဘယ်လိုတည်ကြမလဲလို့ ဆွေးနွေးကြတယ်။

ကျွန်တော်တို့အားလုံးက ဘာကို သွားပြီးတော့ သဘောတူနေကြလဲဆိုတော့ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမှာရှိနေတဲ့ စေတီပုံသဏ္ဌာန်၊ ပြီးတော့အမှတ်အသားတွေရဲ့ ပုံသဏ္ဌာန်ကိုတော့ အကြမ်းဖျင်းအားဖြင့် ကြည့်လိုက်လို့ရှိရင် တူတယ်လို့ ဖြစ်အောင်လုပ်ကြမယ်။ ဒါပေမယ့် တည်နေပုံကျတော့ မြန်မာနိုင်ငံမှာ ဘုရားတည်တဲ့ပုံသဏ္ဌာန်အတိုင်း စဉ်းစားကြမယ်ဆိုပြီး လုပ်တယ်။ ဒီသတ္တဌာနမှာရှိနေတဲ့ နေရာကို အတိအကျရအောင်ယူလာပြီးတော့ ကျွန်တော်တို့က ဒီနေရာမှာ သူ့ရဲ့သဏ္ဌာန်ကိုပေါ်အောင် ဖော်ကြမယ်လို့ ဆိုပြီးတော့ ကျွန်တော်တို့ ယူလာကြတာ။

သိပ်အခက်အခဲမရှိခဲ့ဘူး၊ စေတီအပေါ်ထပ်မှာ ဘာတွေဖြစ်နေသလဲဆိုတာကို မမြင်ရင် ဘယ်လိုမှကိုဆက်လုပ်လို့ မရတော့ဘူးဆိုတော့ ဂေါပကအဖွဲ့နဲ့တွေ့ပြီး မဟာဗောဓိစေတီနဲ့ သတ္တဌာနကို တည်တော့မယ့်အတွက်ကြောင့် မဟာဗောဓိစေတီရဲ့ အပေါ်မှာရှိနေတဲ့ ဖွဲ့စည်းပုံနဲ့သူ့ရဲ့အနေအထားကို မသိဘဲနဲ့ ဒါကိုလုပ်ရမယ်ဆိုတဲ့အခါကျတော့ အခက်အခဲရှိပါတယ်၊ ဒီအတွက်ကြောင့် တက်ခွင့်ပေးပါဆိုတော့ ဒီဟာက သူတို့ရဲ့လက်ထဲမှာ မရှိဘူးတဲ့၊ ယူနက်စကိုကထိန်းသိမ်းထားတဲ့ ဒီအဆောက်အအုံတစ်ခုကို ပုံတူလုပ်တော့မယ်ဆိုရင် ယူနက်စကို ခွင့်ပြုချက်ရမှပဲ လုပ်ခွင့်ရှိတော့မယ်ဆိုတဲ့ အနေအထားမျိုးပြောလာတယ်။

ကျွန်တော်တို့လည်း တိုင်ပင်ကြပြီး မဟာဗောဓိစေတီကို ရုပ်တူ ကော်ပီကူးချတာမဟုတ်ပါဘူး၊ သဏ္ဌာန်ပဲယူမယ်၊ ကျွန်တော်တို့လုပ်နိုင်တဲ့ အနုပညာနဲ့ ယဉ်ကျေးမှုလေးတွေကို ထည့်နိုင်ဖို့အတွက် အတိုင်းအတာတစ်ခုကတော့ မရှိရင် လုပ်လို့မရပါဘူး၊ ဒီအတွက်ကြောင့်မို့လို့ ကြည့်ခွင့်ပေးပါလို့ ပြောမှ ၁၅ မိနစ်ပဲ အချိန်ရခဲ့ပါတယ်။ ဟိုကစေတီတော်ကြီးအတိုင်း တည်ခဲ့တယ်လို့ မပြောလိုပါဘူး၊ အမှန်ကတော့ ပြန်ကြည့်မယ်ဆိုရင် ကျွန်တော့်အနေနဲ့ ယူဆတာပေါ့၊ သွားကြည့်တဲ့ စေတီတွေမှာရှိနေတဲ့ ရုပ်ဝတ္ထုဆိုင်ရာ သဏ္ဌာန်တွေအားလုံးဟာ မြတ်စွာဘုရားသီတင်းသုံးစံပယ်တော်မူတုန်းက ဒီပုံသဏ္ဌာန်လည်း မဟုတ်ဘူး။



မုစလိန္ဒာအိုင်နှင့် ငါးလွှတ်ဆောင်တို့ကို မဟာဗောဓိစေတီတော်ဘက် ဝေဟင်မြင်ကွင်းမှ တွေ့ရစဉ်။

ဘာကြောင့်လဲဆိုတော့ အသွင်လည်းမတူဘူး၊ နေရာလည်း မတူဘူး၊ ဘာသာလည်းမတူဘူး၊ ယဉ်ကျေးမှုလည်းမတူဘူး၊ ဒီအတွက်ကြောင့်မို့လို့ ကျွန်တော်တို့ကတော့ အတူနိုင်ဆုံးကတော့ မြတ်စွာဘုရားဖွားမြင်တော်မူချိန်ကနေပြီးတော့ ပရိနိဗ္ဗာန်စံတဲ့အထိ မြတ်စွာဘုရားရှိခဲ့တဲ့နေရာတွေအားလုံး ကတော့ ဒီနေရာတွေပါပဲဆိုတာကိုတော့ တူအောင်လုပ်လို့ရတယ်ဆိုတဲ့ဟာလေးကိုပဲ အတည်ထားခဲ့တာပေါ့။ ဗိသုကာပိုင်းဆိုရင် ကျွန်တော်တို့ ဒီတည်နေရာ အနေအထားတွေက ဟိုမှာရှိတဲ့အတိုင်း ဒီမှာတကယ်ရှိတယ်။ နောက် စေတီတော်ကြီးရဲ့ အတိုင်းအတာကိုကြည့်မယ်ဆိုရင် အကုန်တူတယ်။ ဒါပေမယ့် အမွှမ်းအပြောက်၊ ဘာသာရေးဆိုင်ရာရုပ်တုတွေနဲ့ပတ်သက်ပြီး အိန္ဒိယရဲ့ ယဉ်ကျေးမှုနဲ့ သူတို့ရဲ့အယူအဆကို ရှောင်ပြီးတော့မှ ဒီမှာထည့်လိုက်ပါတယ်။

မဟာဗောဓိစေတီကြီးကို တည်ရမယ်ဆိုတဲ့အပိုင်းမှာ တိုင်းတာရေးမှာ ကျွန်တော်တို့ အဓိကယူတာက မြတ်စွာဘုရား သီတင်းသုံးတဲ့နေရာကို အဓိက၊ ပုံသဏ္ဌာန် ဘယ်လိုရှိတယ်ဆိုတဲ့ အနေအထားနဲ့ သူ့ရဲ့အတိုင်းအတာ လေးလောက်ကိုတော့ ယူတယ်၊ ကျန်တာတော့ ကျွန်တော်တို့ ယဉ်ကျေးမှု၊ နားလည်ထားတဲ့ ကျွန်တော်တို့ဘာသာနဲ့ ဖြည့်စွက်တယ်၊ ဒါပေမယ့် အသေးစိတ်မကြည့်ဘဲနဲ့ ဒီအတိုင်းကြည့်မယ်ဆိုရင် ဒါဟာ မဟာဗောဓိစေတီဆိုတာ ပေါ်လွင်တယ်။ ဒီဘက်က အနိမိသစေတီဆိုရင်လည်း အနိမိသဆိုတာပေါ်လွင်တယ်၊ ဒါပေမယ့် ယဉ်ကျေးမှုနဲ့ အနုပညာပိုင်းဆိုင်ရာတွေကျတော့ ဒီလိုလုပ်မှပဲ အဆင်ပြေမယ်၊ ဟိုဘက်ကလည်း ပုံတူခိုးချတာကိုတော့ သူတို့အနေနဲ့လည်း မဖြစ်စေချင်ဘူး၊ ဒီမှာ တော်တော်လေး အဆင်ပြေပါတယ်။

**မေး။ မဇ္ဈိမဒေသ ဗုဒ္ဓဂယာနဲ့ နေပြည်တော် သတ္တဌာနတည်ဆောက်မှုမှာ ပုံစံတူတည်ဆောက်ထားတယ်လို့ သိပါတယ်။ အားလုံးထပ်တူကျ ဆောင်ရွက်ထားတာ ဟုတ်၊ မဟုတ် ပြောပြပေးပါခင်ဗျာ။**

ဖြေ။ ဂယာမြို့က မဟာဗောဓိစေတီတည်ရာဖြစ်တဲ့ သတ္တသတ္တာဟကို လေ့လာလိုက်တဲ့အခါမှာ အိန္ဒိယနိုင်ငံမှာတည်ထားတဲ့ သတ္တဌာနရဲ့ မြေအနေအထားနဲ့ ပတ်ဝန်းကျင်ဟာ အခုမြန်မာနိုင်ငံမှာ တည်မယ့် မြေအနေအထားနဲ့ ကွာခြားမှုလေးတွေရှိတာကိုတွေ့နေရပါတယ်။ နောက်တစ်ချက်က မဟာဗောဓိစေတီတည်ရှိရာ ဂယာမှာတည်ထားတဲ့ သတ္တဌာနဟာလည်း မြတ်စွာဘုရား(၇)ရက် (၇)ဌာနမှာ သီတင်းသုံးခဲ့တဲ့ အခြေအနေတွေကိုဖော်ပြတဲ့ အနေအထားမှာ အဆင့်ဆင့်နှစ်အလိုက်၊ ခေတ်အလိုက် အခါ အမြင့်ပေါ်မှာ တည်ထားကိုးကွယ်တဲ့အစဉ်အလာအရ မဟာဗောဓိစေတီတော်ကို မြေပြင်မှ ကိုးပေအမြင့်အုတ်ခုံပေါ်မှာ တည်ထားခဲ့ပါတယ်။

**မေး။ အချို့ထပ်တူ မဖြစ်နိုင်တဲ့ကိစ္စတွေနဲ့ပတ်သက်ပြီး ဘယ်လိုအယူအဆ၊ အတွေးအခေါ်နဲ့ ဆောင်ရွက်ခဲ့ပါသလဲ၊ ဌာနတစ်ခုချင်းအလိုက် ပြောပြပေးပါခင်ဗျာ။**

ဖြေ။ အမွှမ်းအပြောက်တွေ၊ ရုပ်တုတွေမှာ မြန်မာနိုင်ငံနဲ့ မကိုက်ညီတဲ့ ရုပ်တုတွေပါနေတယ်။ သူတို့ ကိုးကွယ်တဲ့၊ သူတို့ဟိန္ဒူဘာသာမှာ ကိုးကွယ်နေတဲ့ ရုပ်တုတွေပါနေတယ်။ အဲဒီ



အနိမိသစေတီတော်အား မဟာဗောဓိစေတီတော်ဘက်မှ ဖူးတွေ့ရစဉ်။

သူ့ယဉ်ကျေးမှု၊ သူ့အယူအဆ၊ သူ့ရဲ့ ဘာသာတွေကို ထုထောင်လာတာ လေ့လာတွေ့ရှိရပါတယ်။

မြန်မာနိုင်ငံမှာ ဗုဒ္ဓဂယာပြန်တည်တဲ့အချိန်မှာ အိန္ဒိယနိုင်ငံမှာရှိနေတဲ့ သူတို့ယဉ်ကျေးမှု၊ သူတို့ ဘာသာနဲ့ သူတို့ပြန်ပြီး တည်ဆောက်ထားတဲ့ ဒီပုံသဏ္ဌာန်ကိုပဲ ယူမှာလား၊ တကယ့် သတ္တဌာန (၇)ဌာနရှိတဲ့ နေရာကို အတိအကျယူပြီး ကိုယ့်တိုင်းပြည်၊ ကိုယ့်ဘာသာ၊ ကိုယ့်ယဉ်ကျေးမှုနဲ့ ဘယ်လို အစားထိုးရင် ကောင်းမလဲဆိုတာ ဆွေးနွေးကြတဲ့အခါမှာပုံသဏ္ဌာန်ကိုတော့ တူအောင်လုပ်မယ်။ (ပုံသဏ္ဌာန်ဆိုတာ အဆောက်အအုံရဲ့ အလျား၊ အနံ၊ ဉာဏ်တော်၊ ဖွဲ့စည်းပုံ အခြေအနေ)သူ့ရဲ့သဏ္ဌာန်၊ သူ့ရဲ့ ရုပ်သဏ္ဌာန်ကိုတော့ ရအောင်ယူမယ်။ ပြီးတော့မှ ကိုယ့်တိုင်းပြည်မှာရှိနေတဲ့ ကိုယ့်ယဉ်ကျေးမှုကိုယ့်ဘာသာ ထုံးတမ်းစဉ်လာနဲ့ညီတဲ့ အမွှမ်းအပြောက်၊ ဗုဒ္ဓရဲ့ပုံတော်တွေကို အစားထိုးဆောင်ရွက်မယ်လို့ စဉ်းစားလိုက်တယ်။

နောက်တစ်ခါ ကိုယ့်ပတ်ဝန်းကျင်မှာ အခုလက်ရှိရှိနေတဲ့ မဟာဗောဓိစေတီကြီးရဲ့ ပတ်ဝန်းကျင်နဲ့မတူတဲ့အချက်က ဂယာသတ္တဌာနမှာ မဟာဗောဓိစေတီကြီးက ချိုင့်ထဲမှာ၊ ကျွန်တော်တို့တည်ရမှာက မြေညီကွက်လပ်ကြီးထဲမှာဆိုတဲ့ အခါကျတော့ သူ့လိုမျိုးလိုက်ပြီးတော့ ဒီဟာတွေကို လိုက်လုပ်နေမယ့်အစား တည်နေရာကိုတော့ယူမယ်။ သူ့ရဲ့ အသွင်သဏ္ဌာန်ကိုလည်း ယူမယ်။ ဒါပေမယ့် ကိုယ့်နေရာ၊ ကိုယ့်ဒေသ၊ ယဉ်ကျေးမှု၊ ကိုယ့်ပတ်ဝန်းကျင်နဲ့ လိုက်ဖက်တဲ့ ကိုယ့်ရဲ့ ဘာသာနဲ့ လိုက်ဖက်မယ့် ဒီဘုရားကိုတော့၊(၇)ဌာနကိုတော့ ကိုယ့်ဟာကိုယ် အဆင်ပြေဆုံးနဲ့ ဟိုဘက်ကရှိနေတဲ့ ပုံသဏ္ဌာန်ကိုလည်း မပျောက်အောင် ဟိုဘက်က ယဉ်ကျေးမှုကိုမယူဘဲနဲ့ ကိုယ့်ဘက်က ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ဘာသာနဲ့ ပြန်လည်ပြီး အမွှမ်းအပြောက်တွေနဲ့ တည်ဆောက်မယ့်လို့ ဆိုပြီးတော့ အားလုံးညှိနှိုင်းပြီးတဲ့အခါမှာ သက်ဆိုင်ရာ ဝန်ကြီးက တစ်ဆင့် နိုင်ငံတော်သမ္မတအထိ ပြန်လည်တင်ပြပြီး ဒီအတိုင်း တည်ဆောက်ဖို့အတွက် ခွင့်ပြုချက်တောင်းခံဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ စေတီတည်တဲ့ ရုပ်တုတွေရဲ့ သဏ္ဌာန်၊ အသွင်မှာလည်းပဲ ကိုယ့်မြန်မာနိုင်ငံရဲ့ ဗုဒ္ဓဘာသာဘုရားမှာ ကိုးကွယ်တဲ့ သဏ္ဌာန်နဲ့ မကိုက်ညီဘူး။ မြတ်စွာဘုရားကိုယ်စားပြုတဲ့ ဆင်းတုတော်တွေမှာရှိနေတဲ့ မုဒြာတွေကို အခြေခံပြီးတော့ အစားထိုးဆောင်ရွက်သွားတာတွေ ရှိပါတယ်။ အမွှမ်းအပြောက်မှာတော့ ဗုဒ္ဓဘာသာယဉ်ကျေးမှုနဲ့လည်း မဆိုင်၊ ဒါပေမယ့် မဟာဗောဓိစေတီကြီးရဲ့ ရှိပြီးသားအသွင်မှာရှိနေတဲ့ ရုပ်တုတွေ၊ အမွှမ်းအပြောက်တွေကိုတော့ ဆက်လက်အသုံးပြုထားပါတယ်။

နောက်တစ်ခုက အဲဒီသတ္တဌာနမှာ ပြန်ကြည့်ပြီး အနိမိသဌာနနဲ့ မုစလိန္ဒာအိုင်မှာရှိနေတဲ့ နဂါးရုံစေတီရဲ့ အခြေအနေကို ပြန်လည်ပြီး သုံးသပ်လိုက်တဲ့အခါမှာ ဂယာမြို့က နဂါးရုံစေတီဟာ ဗုဒ္ဓဂယာမှာရှိနေတဲ့ မဟာဗောဓိစေတီဘက်(မြောက်ဘက်)ကို အာရုံပြုတည်ဆောက်ထားတာ တွေ့ရပါတယ်။ တစ်ခါ အနိမိသကလည်း ဂယာမှာ အရှေ့ဘက်ကို အာရုံပြုတည်ဆောက်ထားတာ တွေ့ရပါတယ်။ ကိုယ့်ရဲ့ဘာသာ၊ ကိုယ့်ရဲ့ အတွေးအခေါ်နဲ့ ပြန်ကြည့်တဲ့အခါမှာ မြတ်စွာဘုရားဟာ ဘယ်အချိန်မှာပဲ တရားနဲ့ပြုပြု၊ ဘယ်အချိန်မှာပဲ ကျင့်စဉ်ကျင့်ကျင့် အရှေ့ဘက်ကို မျက်နှာမူပြီးတော့ သီတင်းသုံးလေ့ရှိတယ်ဆိုတဲ့အချက်အပေါ်မှာ အခြေခံပြီးတော့ နဂါးရုံဘုရားကို အရှေ့ဘက်လှည့်လိုက်ပါတယ်။

မြတ်စွာဘုရား တရားကျင့်တာပဲဖြစ်ဖြစ်၊ စံပယ်နေတဲ့ အချိန်တွေမှာပဲဖြစ်ဖြစ် အရှေ့ဘက်ကိုပဲ မျက်နှာလှည့်တယ်ဆိုတာကတော့ အားလုံးသဘောပေါက်ထားပြီးသား၊ နားလည်ပြီးသားဖြစ်မှာပါ။ ဒါပေမယ့် ဒီသတ္တဌာနထဲက ဒုတိယဌာနမှာ မြတ်စွာဘုရားဟာ သဗ္ဗညုတဉာဏ်ကို အောင်မြင်တော်မူခဲ့တဲ့ ပလ္လင်နဲ့ ဗောဓိပင်ကို မမှိတ်မသုန် ကြည့်တယ်ဆိုတဲ့အခါကျတော့ အရှေ့ဘက်ကို လှည့်တယ်လို့ ဘယ်လိုမှ သဘာဝအရ မဖြစ်နိုင်ဘူးပေါ့၊ ဘယ်လိုပဲဖြစ်ဖြစ် အနောက်တောင်မှာ ရှိနေတယ်ဆိုတော့ ဒီနေရာမှာတော့ ပါဝင်နေတဲ့ သရုပ်ကို ပိုပြီးတော့ပီပြင်အောင်လို့၊ ဒေသနာနဲ့ကိုက်ညီအောင်လို့ ဒီဘက်ကိုလှည့်ထားလိုက်တာဖြစ်ပါတယ်။

မုစလိန္ဒာအိုင်က ရေတိမ်ထားတယ်ဆိုတဲ့အပိုင်းမှာ ကလေးတွေပဲဖြစ်ဖြစ်၊ အခြားတိရစ္ဆာန်တွေပဲဖြစ်ဖြစ် ရေလာဆော့တဲ့အခါမှာ အန္တရာယ်မဖြစ်အောင်လည်းပါတယ်။ နောက်တစ်ခုက ဒီနေရာမှာ ငါးတွေကိုလည်း မမွေးခိုင်းထားဘူး။ အစာလည်းမကျွေးခိုင်းထားဘူး၊ ဒီရေပမာဏနဲ့ ဒီအခြေအနေဟာ ညစ်ပတ်သွားလို့ရှိရင် ပြန်လည်လုပ်ကိုင်ရတာ အခက်အခဲရှိတော့ ဒီနေရာကို အဲဒီလိုလေး စဉ်းစားထားတာလေ။ ကျွန်တော်တို့တည်ထားတဲ့ ဒီသတ္တသတ္တာဟဟာ ဆည်ကြီးရဲ့ အနောက်ဘက်ခြမ်းမှာ တည်ထားတာကိုး၊ အဆင်ပြေတာက အရှေ့ဘက်မှာ မုခ်တစ်ခုထပ်လုပ်ထားတယ်၊ နဂါးဟာ အရှေ့ဘက် လှည့်ထားတယ်၊ အဲဒီမုခ်ကနေပြီးတော့ စကြံလိုတည်ဆောက်ပြီးတော့ ကန်ကြီးထဲကို ဆင်းလို့ရအောင် လျှောက်လမ်းနဲ့ အဆောင်လုပ်ထားတယ်။ အဲဒီမှာတော့ ငါးစာကျွေးမယ်ဆိုရင်ကျွေးနိုင်တယ်၊ ငါးတွေနဲ့ ပတ်သက်ပြီး လွှတ်မယ်ဆိုလည်း လွှတ်နိုင်အောင်လို့ လုပ်ထားပါတယ်။

တစ်ခါ အနိမိသကျတော့ မြတ်စွာဘုရားဟာ အနိမိသတည်နေရာကနေပြီးတော့ ဘုရားဖြစ်တဲ့ ပလ္လင်နဲ့ ဗောဓိညောင်ပင်ကို (၇)ရက်တိုင်တိုင် မမှိတ်မသုန်ကြည့်နေတယ်ဆိုတဲ့ သူ့ရဲ့စာနဲ့ အလိုက်ပြန်စဉ်းစားမယ်ဆိုရင် အရှေ့ဘက်ကို လှည့်နေတာမဟုတ်ဘဲနဲ့ အနောက်ဘက်က ဗောဓိပင်နဲ့ ပလ္လင်ကို မမှိတ်မသုန် ကြည့်နေတယ်ဆိုတဲ့ အယူအဆကိုခံယူလိုက်ပြီးတော့မှ အနိမိသကို အနောက်ဘက် ပြန်လှည့်ထားတာ။ အဲဒီ(၂)ဌာနကတော့ ဒီသတ္တဌာနမှာ ဟိုမှာရှိတာနဲ့ ဒီမှာရှိတာ အပြောင်းအလဲ လုပ်ထားတာလေး နှစ်ခု ဖြစ်ပါတယ်။

**မေး။ ဒီစေတီတော် တည်ဆောက်မှုအပေါ် ဆရာ့ရဲ့ခံစားချက်နဲ့အမြင်ကို သိပါရစေ။**



ဦးဝင်းဇော် (ညွှန်ကြားရေးမှူး-မြို့ပြ)

ဖြေ။ မြန်မာနိုင်ငံမှာရှိတဲ့ ဗုဒ္ဓဘာသာဝင်အားလုံးဟာ မြတ်စွာဘုရားပွင့်တော်မူခဲ့တဲ့နေရာကို သွားရောက်ဖူးမြော်လိုတဲ့ဆန္ဒက အများဆုံးရှိကြတယ်။ ဒီနေရာမှာ သွားဖူးနိုင်တဲ့ လူတွေကို ကြည့်မယ်ဆိုရင်တော့ ရာခိုင်နှုန်းအားဖြင့် အများကြီး နည်းပါတယ်။ နည်းရတဲ့အကြောင်းရင်းမှာလည်း သွားလာရေးကိစ္စ၊ ခရီးမှာ ကုန်ကျမယ့်စရိတ်တွေ မတတ်နိုင်တာတို့ရှိနေတော့ မြန်မာနိုင်ငံမှာ ဖူးမြော်ဖို့အတွက် လုပ်ပေးနိုင်ရင် အကောင်းဆုံးပဲလို့ဆိုတဲ့ နိုင်ငံတော်သမ္မတရဲ့ လမ်းညွှန်ချက်အပေါ်မှာ ဒီလိုအကောင်အထည်ဖော်ပေးလိုက်ရတဲ့အခါမှာ ဒီစေတီကြီးတည်နေတဲ့ အခြေအနေ မပြီးသေးခင်မှာကိုက မြန်မာနိုင်ငံမှာရှိတဲ့ ဗုဒ္ဓဘာသာဝင်တွေဟာ ဗုဒ္ဓဂယာတည်ဆောက်နေတယ်ဆိုတဲ့ သတင်းနဲ့ပဲ တော်တော်များများလာပြီး ဖူးမြော်ကြတာတွေ့ရတဲ့အခါကျတော့ ဗုဒ္ဓဂယာကို တကယ်ဖူးမြော်ဖို့အတွက် ဆန္ဒရှိနေကြတာပါလားဆိုတာကို စိတ်ထဲမှာ ပိုမိုသိရှိလာပြီးတော့ ဆောင်ရွက်ပေးရကျိုးနပ်ပြီး ပီတိဖြစ်စရာတစ်ခုဖြစ်တယ်လို့ ခံယူပါတယ်။***(ဆက်လက်ဖော်ပြပါမည်)***

# အိန္ဒိယ-တရုတ်နယ်စပ်အငြင်းပွားမှု ငြိမ်းချမ်းစွာ ဖြေရှင်းမည်ဟုဆို

**နယူးဒေလီ မေ ၂၀**

နယူးဒေလီသို့ အလည်အပတ်ရောက်ရှိနေသော တရုတ်ဝန်ကြီးချုပ် လီကက်ပင်းက အိန္ဒိယနှင့်တရုတ်နိုင်ငံတို့သည် ကာလကြာမြင့်စွာ အငြင်းပွားနေသော နယ်စပ်ပြဿနာကို ဖြေရှင်းရန်အတွက် လုပ်ထုံးလုပ်နည်းများ တိုးတက်မှုရှိရမည်ဖြစ်ကြောင်း ပြောကြား၍ တည်ငြိမ်အေးချမ်းရေးကို အာမခံကတိပြုခဲ့သည်။

မြို့တော်နယူးဒေလီ၌ အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲများ ကျင်းပရာတွင် ဝန်ကြီးချုပ် လီကက်ပင်းက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံအထူးကိုယ်စားလှယ်များသည် အငြင်းပွားမှု အဆုံးသတ်ရေးအတွက် နည်းလမ်းများ ဆွေးနွေးရန် မကြာမီတွေ့ဆုံကြမည်ဟု ဝန်ကြီးချုပ်ဆင်းကပြောသည်။

မကြာသေးမီက နယ်စပ်တင်းမာမှုများ မြင့်တက်လာပြီးသည့်နောက် ယခုကဲ့သို့ ဆွေးနွေးပွဲပေါ်ထွက်လာခြင်းဖြစ်သည်။

ဝန်ကြီးချုပ် လီအနေဖြင့် စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ ပထမဆုံးသော ပြည်ပခရီးစဉ်အဖြစ် အိန္ဒိယသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် အိန္ဒိယ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံများအနက်မှ တစ်နိုင်ငံဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံသို့ ရောက်ရှိရန် နှစ်နိုင်ငံလုံးက သဘောတူညီထားသည်။

**ဘီဘီစီ။**



အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် တရုတ်ဝန်ကြီးချုပ် လီကက်ပင်းတို့အား တွေ့ရစဉ်။





မြောက်ကိုရီးယားနိုင်ငံ၏ စစ်ရေးပြပွဲတစ်ရပ်တွင် တာတိုပစ်လက်နက်များကို တွေ့ရစဉ်။

# ဆီးရီးယားသို့ ဒုံးကျည်ပို့သောရုရှားကို အမေရိကန်ဝေဖန်

**ဝါရှင်တန် မေ ၂၀**

ဆီးရီးယားအစိုးရသို့ ဒုံးကျည်များ ပေးပို့ရန် ဆုံးဖြတ်ခြင်းသည် မသင့်လျော်ကြောင်း ရုရှားနိုင်ငံကို အမေရိကန်ပြည်ထောင်စုက ဝေဖန်လိုက်သည်။

ယင်းသို့ပေးပို့ခြင်းသည် ဆီးရီးယားအစိုးရကို အားပေးအားမြှောက်ပြုခြင်းဖြစ်သည့်အပြင် လူဦးရေ ၈၀၀၀၀ သေဆုံးခဲ့ရသည့် ပဋိပက္ခကို တာရှည်စေမည်ဖြစ်ကြောင်း ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မာတင်ဒင့်ဆေးက ပြောသည်။

ခေတ်မီ သင်္ဘောဖျက်ဒုံးကျည်များကို အနာဂတ်ကာလတွင် ပါဝင်စွက်ဖက်လာမည့် မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမဆို ပြန်လည်တုံ့ပြန်ရာတွင် အသုံးပြုမည်ဖြစ်ကြောင်း သည်နယူးယောက်တိုင်းမ် သတင်းစာသို့ အမေရိကန်တာဝန်ရှိသူများက ပြောခဲ့သည်။

ဖြစ်ပွားလျက်ရှိသည့် ပြည်တွင်းစစ်ပွဲကြောင့် နိုင်ငံသား ၁ ဒသမ ၅ သန်းမှာ နိုင်ငံမှထွက်ပြေးခဲ့ကြကြောင်း ကုလသမဂ္ဂ အေဂျင်စီတစ်ခုက ပြောသည်။

အများစုသည် ဂျော်ဒန်နှင့် လက်ဘနွန်နိုင်ငံများသို့ ထွက်ပြေးခဲ့ကြခြင်းဖြစ်ပြီး စနစ်တကျမှတ်တမ်းတင်ထားခြင်းမရှိသည့်အတွက် အမှန်ဦးရေသည် ပိုမိုများပြားဖွယ်ရာရှိသည်ဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ပြောကြားသည်။**ဘီဘီစီ။**

# ဖမ်းဆီးထားသည့်ငါးဖမ်းရေယာဉ်အား လွှတ်ပေးရန် မြောက်ကိုရီးယားအား တရုတ် တောင်းဆို

**ပေကျင်း မေ ၂၀**

ယခုလအစောပိုင်းက မြောက်ကိုရီးယားက ဖမ်းဆီးထားခဲ့သော တရုတ်ငါးဖမ်းရေယာဉ်နှင့် ရေယာဉ်အဖွဲ့သားများအား လွှတ်ပေးရန် တရုတ်နိုင်ငံက မြောက်ကိုရီးယားနိုင်ငံအား တောင်းဆိုခဲ့ကြောင်း ယနေ့သတင်းတွင် ဖော်ပြသည်။

မေ ၅ ရက်တွင် တရုတ်နိုင်ငံပိုင်နက်ရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းဆောင်ရွက်နေသော တရုတ်ငါးဖမ်းသင်္ဘောကို မြောက်ကိုရီးယားက ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါရေယာဉ်ပိုင်ရှင်ဖြစ်သူ ယူအီးကျန်က ပြောကြားသည်။ ဖမ်းဆီးခံတရုတ်ငါးဖမ်းရေယာဉ်တွင် ရေယာဉ်အဖွဲ့သား ၁၆ ဦးပါရှိသည်ဟု ၎င်းက ပြောကြားသည်။ မစ္စတာယူပြောကြားချက်အရ မြောက်ကိုရီးယားမှ ရေယာဉ်ဖမ်းဆီးသူများက ယင်းရေယာဉ်အတွက် ပြန်ပေးရွေးငွေအဖြစ် တရုတ်ယွမ်ငွေ ခြောက်သိန်း (အမေရိကန်ဒေါ်လာတစ်သိန်း)တောင်းဆိုခဲ့သည်ဟု ပြောကြားခဲ့သည်။ ယင်းကဲ့သို့သော အလားတူဖြစ်ရပ်များသည် တရုတ်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံအကြား ငါးသယံဇာတကြွယ်ဝသော ပင်လယ်ပိုင်းအတွင်း၌ လွန်ခဲ့သောနှစ်ကာလများအတွင်းက ဖြစ်ပွားခဲ့ဖူးပြီး ၂၀၁၂ မေလတွင် သင်္ဘောသား ၂၉ ဦးပါ တရုတ်ငါးဖမ်းရေယာဉ်တစ်စင်းအား အမျိုးအမည်ခွဲခြားသိရှိခြင်းမရှိသည့် မြောက်ကိုရီးယားနိုင်ငံမှ အဖွဲ့အစည်းတစ်ရပ်က ဖမ်းဆီးခြင်းဖြစ်ရပ် ဖြစ်ပေါ်ခဲ့ဖူးသည်ဟု ဆိုသည်။

**ဘီဘီစီ။**

# မြောက်ကိုရီးယားက ငါးကြိမ်မြောက်ဒုံးကျည်စမ်းသပ်

**ဆိုးလ် မေ ၂၀**

မြောက်ကိုရီးယားသည် သုံးရက်အတွင်း ငါးကြိမ်မြောက်အဖြစ် တာတိုပစ်ဒုံးကျည်ကို ၎င်း၏အရှေ့ဘက်ပင်လယ်ပြင်အတွင်းသို့ ပစ်လွှတ်ခဲ့သည်ဟု တောင်ကိုရီးယားက တနင်္လာနေ့တွင် ပြောကြားသည်။

ပြုံယမ်းသည် တာတိုပစ်ဒုံးကျည်စမ်းသပ်မှုကို ပုံမှန်ပြုလုပ်လျက်ရှိသည်။ ဤသို့ မကြာသေးမီက ပစ်ခတ်မှုများသည် လက်နက်များစမ်းသပ်ခြင်းဖြစ်ဖွယ်ရာရှိသည် သို့မဟုတ် ဖေဖော်ဝါရီလအတွင်း၌ ပြုံယမ်းကနျူကလီးယားစမ်းသပ်မှုပြုလုပ်ခဲ့သည့်အတွက် ကုလသမဂ္ဂက အရေးယူမှုပြုလုပ်ပြီးနောက် တင်းမာမှု အရှိန်မြင့်လာခဲ့ရာတွင် သံတမန်ရေးရာသွေးတိုးစမ်းသော လက္ခဏာများ ပြသနေချိန်တွင် အမေရိကန်နှင့်တောင်ကိုရီးယားတို့၏ အာရုံစူးစိုက်မှုရရှိရန် ကြိုးပမ်းခြင်းဖြစ်ဖွယ်ရာရှိသည်ဟု လေ့လာသူများက ပြောသည်။

နောက်ဆုံးပစ်ခတ်ခဲ့သော ဒုံးကျည်၏လမ်းကြောင်းသည် စနေနှင့် တနင်္ဂနွေနေ့များတွင် ပစ်ခတ်ခဲ့သော ဒုံးကျည်၏လမ်းကြောင်းနှင့် အလားတူဖြစ်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အမေရိကန်နှင့် တောင်ကိုရီးယားတို့က တိုက်ခိုက်ရန်ခြိမ်းခြောက်မှုကို အဟန့်အတားပြုရာတွင် အထောက်အကူရရှိစေရန် စစ်ရေးလေ့ကျင့်ရာ၌ ဤဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုလည်းပါဝင်ကြောင်း မြောက်ကိုရီးယားက တနင်္လာနေ့မှာပင် ပြောကြားခဲ့သည်။ **အေပီ။**

**တေဇ(၄)ကျောင်းဆင်းဗိုလ်လောင်းသူငယ်ချင်းများသို့ဖိတ်ကြားခြင်း**

တေဇ(၄)ကျောင်းဆင်းသူငယ်ချင်းများ၏ (၃၆)နှစ်မြောက် ကျောင်းဆင်းညစာစားပွဲနှင့် ကျဆုံး/ကွယ်လွန် သူငယ်ချင်းများအတွက် ဆွမ်းဆက်ကပ်လှူဒါန်း ခြင်း၊ အမျှပေးဝေခြင်း၊ အခမ်းအနားကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့် ဇနီးများ၊ ကျဆုံး/ကွယ်လွန်သူများ၏ ဇနီးများနှင့် မိသားစုများ မပျက်မကွက် တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်အစီအစဉ်

၂၆-၅-၂၀၁၃ရက်(တနင်္ဂနွေနေ့)၊ ဆွမ်းကပ်ခြင်း၊ နိုင်ငံတော်သံဃမဟာနာယက ဆွမ်းစားဆောင်၊ ကမ္ဘာအေးကုန်းမြေ၊ နံနက် ၉ နာရီ၊

၂၆-၅-၂၀၁၃ရက်(တနင်္ဂနွေနေ့)၊ ညစာစားပွဲ၊ ရွှေဘဲစားသောက်ဆိုင်၊ မြိုင်ဟေဝန်ပန်းခြံ၊ (၈)မိုင်လမ်းဆုံ၊ မရမ်းကုန်း၊ ညနေ(၆)နာရီ

ဆက်သွယ်ရန်ဖုန်းနံပါတ်များ-

ဦးချစ်သန်းဝင်း ဖုန်း-၀၉-၄၃၁၉၈၇၅၆
ဦးမောင်မောင်အေး ဖုန်း-၀၉-၅၀၈၃၂၃၁
ဦးတင်ထွန်းအောင် ဖုန်း-၀၉-၅၀၁၅၀၄၃
ဦးရဲလင်း ဖုန်း-၀၉-၅၀၄၇၁၄၃
ဦးထွန်းဝင်း ဖုန်း-၀၉-၄၉၅၇၆၄၉၁

**စက်မှုဝန်ကြီးဌာန**
**အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းအား CIF (Yangon) နိုင်ငံခြားငွေ(USD)ဖြင့် ဝယ်ယူလိုပါသည်-

Tender No -01 No(1)HIE/2013-2014/CP

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Components Parts for City Bus (43 Seats) | 50 Sets |

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များနှင့် ပတ်သက်၍ ၂၁-၅-၂၀၁၃ ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်-

ပစ္စည်းစီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၃၊ ၀၆၇-၄၀၅၀၅၄

၃။ တင်ဒါများနောက်ဆုံးထား ပေးသွင်းရမည့်ရက်မှာ ၄-၆-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီ ဖြစ်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သတ္တုတွင်းဝန်ကြီးဌာန**
**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**
**ပြပွဲလုပ်ငန်းသုံးပစ္စည်းများအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၃ခုနှစ်၊ ဇွန်လ၌ကျင်းပပြုလုပ်မည့် (၅၀)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) လုံခြုံရေးလုပ်ငန်းသုံးပစ္စည်း
- (၁) X-rays Machine (၁)မျိုး
- (၂) Metal detector (၁)မျိုး
- (၃) Walk through (၁)မျိုး

(ခ) စာရေးကိရိယာနှင့်ကွန်ပျူတာသုံးပစ္စည်း
- (၁) ကွန်ပျူတာဆက်စပ်ပစ္စည်း (၁၇)မျိုး
- (၂) စက္ကူ၊ စာရေးကိရိယာ (၈၃)မျိုး
- (၃) ဝင်ခွင့်ကတ်ထည့်ရန်အိတ်၊ ကြိုး (၁)မျိုး

(ဂ) ပြပွဲသုံးပုံစံ/ကတ်တလောက်နှင့် ဗီနိုင်းဓာတ်ပုံ ပိုစတာရိုက်နှိပ်ခြင်း
- (၁) ပြပွဲသုံးပုံစံ၊ ကတ်တလောက်စာအုပ် ရိုက်နှိပ်ခြင်း (၄)မျိုး
- (၂) စက္ကူလက်ဆွဲအိတ်ပြုလုပ်ရိုက်နှိပ်ခြင်း (၁)မျိုး
- (၃) လက်ကမ်းစာစောင်ရိုက်နှိပ်ခြင်း (၁)မျိုး
- (၄) ဗီနိုင်းဓာတ်ပုံပိုစတာရိုက်နှိပ်ခြင်း (၁)မျိုး

၂။ တင်ဒါပုံစံထုတ်ပေးမည့်ရက် ။ ။ ၂၀-၅-၂၀၁၃ ရက်မှ ၂၃-၅-၂၀၁၃ ရက်ထိ
၃။ တင်ဒါထုတ်ယူရမည့်နေရာ ။ ။ စီမံရေးရာလုပ်ငန်းကော်မတီ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ နေပြည်တော်
၄။ တင်ဒါပေးသွင်းရမည့်နေရာ ။ ။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ နေပြည်တော်
၅။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် ။ ။ ၂၇-၅-၂၀၁၃ရက် (၁၂)နာရီ (သတ်မှတ်ကာလကျော်လွန်တင်သွင်းသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ)
၆။ တင်ဒါဖွင့်မည့်ရက်နှင့်အချိန် ။ ။ ၂၇-၅-၂၀၁၃ရက် (၁၂း၃၀)နာရီ
၇။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စီမံရေးရာလုပ်ငန်းကော်မတီ
မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၄၄၉၇၊ ၀၆၇-၄၁၄၆၆၇

# ကမ္ဘာကျော်ဒေးဗစ်ဘက်ခမ်း

ကြည်ဇေဟန်

**CNNအယ်ဒီတာ၏ မှတ်ချက်။** ။*"Beckham"ကိုယ်ရေးအကြောင်းအရာရေးသားသူ အီလစ်ကက်ရှ်မိုး(Ellis Cashmore) သည် ဗြိတိန်နိုင်ငံ စတပ်ဖို့ရှိုင်းယားတက္ကသိုလ်မှ လူယဉ်ကျေးမှု၊ မီဒီယာ၊ အားကစားတို့နှင့် ပတ်သက်၍ ကျွမ်းကျင်သော ပါမောက္ခတစ်ဦးဖြစ်သည်။*

ဘက်ခမ်းသည် Spice Girl မှ မော်ဒယ်လ်မင်းသမီး၏ ခင်ပွန်း၊ ကလေးလေးယောက်၏ဖခင်၊ ဖက်ရှင်အမွှမ်းတင်ခံ၊ မော်ဒယ်လ်မင်းသား၊ အားကစားသံတမန်တစ်ဦးဖြစ်သည်။ ၎င်းသည် အင်္ဂလန်ဘောလုံးအသင်းမှ ကွင်းလယ်ကစားသမားအဖြစ် အမြင့်ဆုံးအရည်အသွေးရှိခဲ့ဖူးသူဖြစ်၍ တစ်ခါတရံတွင် သူတို့အလွယ်တကူ မေ့ဖျောက်ပစ်လိုက်နိုင်သည်။သူသည် အင်္ဂလန်ဘောလုံးအသင်းအတွက် အကြိမ် ၁၀၀ မျှ ကစားပေးခဲ့ဖူးသည်။ သူသည်မလေးရှားဆရောင်းလုံချည် (Sarong) ဝတ်သည်။ ခေါင်းစည်းသည်။ လက်သည်းဆိုးသည်။ သူ၏ခန္ဓာကိုယ်တွင် ဆေးမင်ကြောင် များထိုးထားသည်။ နောက်ပြီး သီတင်းတစ်ပတ်လျှင် ကျွမ်းကျင်စွာသူ၏ ဆံပင်ကို ထူးထူးခြားခြား ပုံသွင်းထားလေ့ရှိသည်။ သူသည်စကားကို ချွေချွေတာတာပြောဆိုတတ်သော်လည်း စကားပြောပြီဟုဆိုပြန်လျှင်လည်း အသံကျယ်ကျယ်နှင့်ပြောတတ်သူဖြစ်သည်။ သို့သော်လည်း အနည်းငယ်မိန်းမဆန်သလိုဖြစ်နေပေသည်။ နောက်ပြီး တစ်ကမ္ဘာလုံးက သိရှိနေသည့်အတိုင်း အရေးကြီးသော ဆုံးဖြတ်ချက်များကို သူ၏ဇနီးချောကသတ်မှတ်ပေးလေ့ရှိသည်။ သို့သော်ငြားလည်း သူ၏ယောကျ်ားပီသမှုကိုမူ သံသယဝင်စရာမလိုပေ။ ဤကိစ္စနှင့်ပတ်သက်၍ အငြင်းပွားလိုလျှင် သက်သေခံဗီဒီယိုစသည်တို့ဖြင့် တင်ပြပေးပို့ရန် လိုပေလိမ့်မည်။ ၁၉၉၀ ဝန်းကျင်လောက်တွင် ဘက်ခမ်းကို လူသစ်တစ်ဦး သို့မဟုတ် စိတ်ထားနူးညံ့သူဟု ထင်မြင်ခဲ့သည်။ သူသည် လူဖြောင့်တစ်ဦးဖြစ်သည်မှာ ထင်ရှားပေါ်လွင်လှသည်။ မည်သည့်အခါမှ တိုက်ခိုက်ရန်လိုသူမဟုတ်ဘဲ ဓလေ့ထုံးတမ်းအတိုင်း ယောကျ်ားဆန်သည့်နည်းလမ်းဖြင့် ပွင့်လင်းမှုရှိသူတစ်ဦးဖြစ်သည်။ သူသည် ဖက်ရှင်ကျကျဝတ်စားဆင်ယင်လေ့ရှိပြီး ဈေးဝယ်ထွက်ရန် နှစ်သက်သူဖြစ်သည်။ သူ၏ဝတ်စားဆင်ယင်မှုသည် အနည်းငယ်တောက်တောက်ပြောင်ပြောင်ရှိနေလင့်ကစား အပင်ပန်းခံကာ သပ်သပ်ရပ်ရပ်ရှိစေသည်ကိုတွေ့ရသည်။




၁၉၉၀ ဝန်းကျင်လောက်တွင် ကမ္ဘာတစ်ဝန်းလုံးမှ အမျိုးသမီးများသည် သူ့ထံတွင် ဝိုင်းဝိုင်းလည်နေကြစဉ် သူနှင့်လက်ထပ်ရန်ရည်မှန်းထားသည့် ခေတ်ပေါ်အဆိုကျော် သူနှင့်လက်ထပ်မည့်သူ ဗစ်တိုးရီးယားအား သတင်းထောက်များဝိုင်းအုံနေကြသည်ကို ၎င်းကကာကွယ်ပေးနေလေ့ရှိသည်။ သူ၏ရည်းစားအတွက်ဆိုလျှင် စေလိုရာစေခိုင်းသည့်တိုင်အောင် အမှုမထားမည့်သူဖြစ်သည်။

သူကအားကစားသူရဲကောင်းမာန်ကို ချိုးနှိမ်လိုက်ရသည်ကိုနောင်တမရဘဲ ကမ္ဘာပေါ်မှ ဘက်စုံအားကစားသမားအကျော်အမော်အဖြစ် ရဲဝံ့စွာ ပေါ်ထွက်ခဲ့သည်။ ယောကျ်ား ပီသသော လက္ခဏာသစ်တစ်ရပ်ဖြစ်သည်။ ဘက်ခမ်းကို ကမ္ဘာပေါ်မှ အတော်ဆုံးကစားသမားဟု သတ်မှတ်မပေးခဲ့ပေ။ ဤသည်ကို ကျွန်ုပ်တို့သိရှိနေကြသည်။ သူ့ကိုမြင်တွေ့လျှင် ဆံပင်မွေးညင်းထောင်လာလောက်အောင် ကြောက်လန့်ဖွယ်ကောင်းသူဟု မထင်ရဘဲ မိန်းမလိုက်စားသူလည်း မဟုတ်ပေ။ သူသည် မိန်းမကိစ္စအရှုပ်အထွေးကင်းသူ ဖြစ်သည်။ ထိုသည်မှာ ၂၀၀၄ ခုနှစ်တိုင်အောင်ဖြစ်သည်။ သို့သော်လည်း New of tne World သတင်းမှ သူ့တွင် တိတ်တိတ်ပုန်းရည်းစားရှိနေသည်ဟု စွပ်စွဲလိုက်သော်လည်း ၎င်းကမဟုတ်မမှန်ကြောင်း ပြန်လည်ငြင်းဆိုလိုက်သည်။

ဘက်ခမ်းသည် အင်တာဗျူးတွင် အတွေ့ခံလေ့မရှိဘဲ သူ့ကိုမြင်တွေ့ရန်ခဲယဉ်းသည်။ ဤသည်မှာလည်း ဇနီးသည် ဗစ်တိုးရီးယား၏ သိုသိပ်တတ်မှုကြောင့်လည်း ဖြစ်နိုင်သည်။ ၁၉၉၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲတွင် ဘက်ခမ်းအနီကတ်အပြခံလိုက်ရသောကြောင့် အင်္ဂလန်အသင်းသည် ပြိုင်ပွဲမှထွက်ပေးလိုက်ရသည်အထိ ဖြစ်သွားခဲ့ရသည်။ ထို့ကြောင့်ဘောလုံးဝါသနာအိုးများက သူ့ကိုမုန်းတီးခဲ့ကြသည်။ ပြည်သူ၏အကြားတွင် ၎င်းကိုမမြင်တွေ့ရတော့။ အင်တာဗျူးတွေ့ဆုံခွင့်ကိုလည်း လက်မခံခဲ့ပေ။ သို့သော်လည်း သူသည် ဖက်ရှင်ပွဲများနှင့် ရော့ခ်ကြယ်ပွင့်တို့၏ ညှော်ခံပွဲများ သို့မဟုတ် ဒီဇိုင်နာပွဲများသို့ မကြာခဏ တက်ရောက်သည်။ ၁၉၉၉ ခုနှစ်လောက်တွင် ဘက်ခမ်းနှင့် ဗစ်တိုးရီးယားတို့လက်ထပ်လိုက်ကြသည်။ ဘောလုံးညီရင်းအစ်ကိုတို့ထက် ၂၁ ရာစုနှစ်တွင် သူသည် ကျော်ကြားသောယဉ်ကျေးမှုတွင် သန္ဓေတည်စပြုသည်။ ဘက်ခမ်းသည် ဘောလုံးကစားခြင်းမှ ထွက်လိုက်သည်ဟု ဆိုသော်လည်း သူသည် ရုပ်မြင်သံကြား ဖန်သားပြင်များ၊ ကျွန်ုပ်တို့၏ မဂ္ဂဇင်းများ၊ ကြော်ငြာကဏ္ဍများတွင် သူ့ကိုတွေ့မြင်ရဦးမည်ဖြစ်၍ အထင်ရှားအပေါ်လွင်ဆုံးနှင့်သူသည် ကျွန်ုပ်၏ စိတ်ကူးယဉ်ကမ္ဘာထဲတွင် ရှိနေဆဲပင်ဖြစ်နေလိမ့်မည်။

# ပီအက်စ်ဂျီအသင်းနည်းပြအန်ဆယ်လော့တီ ရီးယဲလ်နည်းပြဖြစ်လာတော့မည်လား

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းနည်းပြ ကာလို့စ်အန်ဆယ်လော့တီသည် ပီအက်စ်ဂျီအသင်းမှ ထွက်ခွာရန် တောင်းဆိုမှုများ ပြုလုပ်ခဲ့ပြီးနောက် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းက နည်းပြအဖြစ်ခန့်အပ်ရန် ပစ်မှတ်ထားလာခဲ့သည်။



လက်ရှိတွင်လည်း စပိန်အင်အားကြီးကလပ် ရီးယဲလ်မက်ဒရစ်အသင်းက အန်ဆယ်လော့တီကို ခေါ်ယူရန် ချဉ်းကပ်မှုတစ်ခု ပြုလုပ်ထားသည်။ ထို့ကြောင့် "ကျွန်တော်ကတော့ ပီအက်စ်ဂျီအသင်းကနေထွက်ဖို့ တောင်းဆိုပြီးသားပါ။ အခုလောလောဆယ်မှာ သူတို့ရဲ့အဖြေကို စောင့်နေရတာပါ"ဟု အသက်(၅၃)နှစ်အရွယ်ရှိ ပီအက်စ်ဂျီအသင်းနည်းပြ ကာလို့စ်အန်ဆယ်လော့တီက ပြောကြားခဲ့သည်။

သို့ရာတွင် "အန်ဆယ်လော့တီက ရီးယဲလ်မက်ဒရစ်မှာ သွားရောက်ကိုင်တွယ်ဖို့ တောင်းဆိုထားပါတယ်။ ရီးယဲလ်ကို ရောက်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဘာလို့လဲဆိုတော့ ပီအက်စ်ဂျီအသင်းနဲ့စာချုပ်က တစ်နှစ်ကျော်ကျန်နေသေးလို့ပါ။ ဒါ့ကြောင့် ကျွန်တော်တို့အသင်းတာဝန်ရှိသူတွေရဲ့ ဆုံးဖြတ်ချက်အပေါ်မှာပဲ အများကြီးသက်ရောက်မှုရှိနေတာပါ"ဟု ပီအက်စ်ဂျီအသင်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် အယ်လ်ခီလေဖီက ပြောကြားခဲ့သည်။

ထို့အပြင် "ဒါဟာ သူ့ရဲ့ပြဿနာပါ။ ကျွန်တော်တို့ကတော့ သူ့ရဲ့လက်ရှိစာချုပ်အပြင် နောက်ထပ်တစ်နှစ်သက်တမ်းတိုးဖို့ ကမ်းလှမ်းထားပါတယ်"ဟု အယ်လ်ခီလေဖီက ထပ်မံပြောကြားခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်း၏ ပေါ်တူဂီနိုင်ငံသားနည်းပြကြီး စပါယ်ရှယ်ဝမ်းမော်ရင်ဟိုသည် လက်ရှိတွင် ဘာနေဗျူးကို မစွန့်ခွာသေးသော်လည်း နွေရာသီအပြောင်းအရွှေ့ကာလတွင် လန်ဒန်မြို့မှ အသင်းဟောင်း ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့တာဝန်ယူရန် ချိတ်ဆက်ထားပြီးဖြစ်သည်။

ထို့ကြောင့် ရီးယဲလ်မက်ဒရစ်အသင်းက အန်ဆယ်လော့တီအား ပစ်မှတ်ထားနေခြင်းဖြစ်သည်။ အန်ဆယ်လော့တီက ပီအက်စ်ဂျီတွင် ဆက်ရှိနေလိုသော်လည်း ရီးယဲလ်မက်ဒရစ်သို့ ထွက်ခွာခွင့်ပြုရန် ပီအက်စ်ဂျီအသင်းတာဝန်ရှိသူများကို တောင်းဆိုထားသည်။ သို့ရာတွင် ယခုထက်တိုင် ဆုံးဖြတ်ချက်မချရသေးကြောင်း ပြောကြားခဲ့သည်။

အန်ဆယ်လော့တီသည် အေစီမီလန်နှင့် ချယ်လ်ဆီးအသင်းတို့အား ကိုင်တွယ်ခဲ့စဉ်တွင် ဆုဖလားများရယူပေးခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင်လည်း ပီအက်စ်ဂျီအသင်းအား ၁၉၉၄ ခုနှစ်မှစတင်လက်မဲ့ဖြစ်ခဲ့ရသည့် ပြင်သစ်ပထမတန်းကလပ်အသင်းများ၏ ထိပ်ဆုံးတွင် ဦးဆောင်ကာ ဆုဖလားကိုရယူပေးနိုင်ခဲ့သည်။

ထိုသို့ဆုဖလားများရယူပေးနိုင်စွမ်းရှိသည့် ကာလို့စ်အန်ဆယ်လော့တီအား လက်ရှိကလပ် ပီအက်စ်ဂျီအသင်းက လက်မလွှတ်နိုင်သည့်အပြင် ရီးယဲလ်မက်ဒရစ်အသင်းကလည်း စပိန်မြေသို့ ခေါ်ယူလိုစိတ်ပြင်းပြနေသဖြင့် ရာသီသစ်အတွက် စပိန်ကလပ်နှင့် ပြင်သစ်ကလပ်တို့၏ လွန်ဆွဲခံထားရသည့် ကာလို့စ်အန်ဆယ်လော့တီကို ရီးယဲလ်မက်ဒရစ်နည်းပြသစ်အဖြစ် မြင်တွေ့ရမည်လား သို့မဟုတ်ပါက ပီအက်စ်ဂျီနည်းပြဘဝနှင့်ပင် မြင်တွေ့ရမည်လားဆိုတာ စိတ်ဝင်စားစရာကောင်းနေခဲ့ပြီသည်။

နိုင်လင်းကြည်

## မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)
## ဒုတိယအကြိမ်ဗဟိုဦးစီး အစည်းအဝေး

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ ဒုတိယအကြိမ် ဗဟိုဦးစီးအစည်းအဝေးကို ၁-၆-၂၀၁၃ ရက် (စနေနေ့)နံနက် ၁၀နာရီတွင် အမှတ်(၂၄၉)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ဗဟိုဦးစီးအဖွဲ့ဝင်များအား မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)

အိမ်ကား ရုံးကား ‌ေမာင်းရန်
ယာဉ်မောင်းအလိုရှိသည်
ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၀၀၂၆၈၆၆၊
၀၉-၄၉၂၅၄၆၄၆၊ ၀၉၄၂၀၀၂၈၉၇၂
အမှတ်၁၆-ကျွန်းတောလမ်း၊စမ်းချောင်း။

ရွှေကြေးစည် မှ မေ ၂၃ထွက်ခရီးစဉ်များ ကျိုက်ထီးရိုး
▲ တောင်ကြီး၊အင်းလေး၊ပင်းတယ၊မွေတော်ကက္ကူ၊ထမ့်စမ်းဂူ....(၅)ရက် ဇလွန်
▲ မန္တလေး၊ပြင်ဦးလွင်၊လားရှိုး၊မူဆယ်၊ရွှေလီ၊မံစီ....................(၇)ရက်
▲ ပုဂံ၊ပုပ္ပါး၊စွယ်တော်လေးဆူ (၃)ရက်။ ဆက်၍- မန္တလေး၊ပြင်ဦးလွင်အနှံ့...(၅)ရက်
▲ ကျိုက္ကမီ ကဆုန်ပွဲ၊မော်လမြိုင်၊စက်စဲ၊နွားလပို့တောင် (၃)ရက်။ May23
၁၂၄၊ပန်းဆိုးတန်း ☎240860/372290 ၊09-49282825

To Open Mind and Knowledge of Society
MYANMAR NEWSWEEK JOURNAL
နောက်ဆုံးရပြည်တွင်းပြည်ပသတင်းစုံလင်စွာဖြင့် အင်္ဂါနေ့တိုင်းထွက်ပြီ

နိုင်ငံတကာအသိအမှတ်ပြု ကွန်ပျူတာဘွဲ့ကို ပြည်တွင်း၌ ရယူလိုသူများအတွက်
GUSTO INSTITUTE
School of Computing & Software Engineering
edexcel
Approved Centre No.93683



HND DIPLOMA IN COMPUTING (UK)
● ယခင်က UK သို့သွားရောက် သင်ယူနေရသော၊ နိုင်ငံတကာ တက္ကသိုလ်ကြီးများ၏ ဒုတိယနှစ်နှင့် ညီမျှသည့် Higher National Diploma (HND) ကို ပြည်တွင်းရှိ Gusto Institute တွင် လေ့လာသင်ယူနိုင်ပြီ ဖြစ်ပါသည်။
● HND Diploma ရရှိပြီးပါက ပြည်တွင်းရှိ Gusto Institute ၌ဖြစ်စေ၊ နိုင်ငံတကာ တက္ကသိုလ်ကြီးများသို့ သွားရောက်၍ဖြစ်စေ နောက်ဆုံးတစ်နှစ်သာ တက်ရောက်ပြီး B.Sc. (Hons) Computing (UK) ဘွဲ့ကို ရယူနိုင်ပါသည်။
● ပြည်တွင်း၊ ပြည်ပတွင် အလုပ်အကိုင် အခွင့်အလမ်း အကောင်းဆုံး IT/Computer ပညာရှင်ဖြစ်ရန် ကြိုးစားလိုသူများ လျှောက်ထားနိုင်ပါသည်။
မိမိ၏ ပညာအရည်အချင်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများ ယူဆောင်ပြီး May Intake အတွက် လျှောက်ထားနိုင်ပါပြီ
Admission Office : #332(D), Pyay Road, Sanchaung Tsp.,Yangon. Ph: 01-503715, 0986-28806.

## အထက်မြန်မာပြည်သတင်း

### ကလေးဗဟိုပြု သင်ယူမှုချဉ်းကပ်နည်း မြို့နယ်အဆင့်သင်တန်းဖွင့်

**မိုင်းဆတ် မေ ၂၀**

ရှမ်းပြည်နယ် မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့တွင် ကလေးများကိုယ်တိုင် စဉ်းစားတွေးခေါ် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေပြီး အရည်အသွေးမြင့်မားသည့် ကျောင်းသား ကျောင်းသူလေးများ၊ ထူးချွန်ထက်မြက်သည့် ကြယ်ပွင့်လေးများ၊ အနာဂတ်တွင် နိုင်ငံ့အတွက် အားထားရသည့် သားကောင်းသမီးမွန်များ ဖြစ်စေရေးတို့အတွက် ကလေးဗဟိုပြုသင်ယူမှုချဉ်းကပ်နည်း မြို့နယ်အဆင့်ပထမအကြိမ်သင်တန်းဖွင့်ပွဲကို မေ ၁၂ ရက် နံနက် ၈ နာရီခွဲတွင် အထကမိုင်းဆတ် သံလွင်ဆောင်၌ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်၊ မြို့နယ်ပညာရေးမှူး ဦးမြင့်ဆွေတို့က အဖွင့်အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းတွင် ပြည်နယ်အဆင့်နည်းပြသင်တန်းဆင်းဆရာ ဆရာမကိုးဦးက ပြန်လည်သင်ကြားပို့ချပြီး သင်တန်းသို့ အခြေခံပညာမူလတန်းကျောင်း ၄၈ ကျောင်းမှ ဆရာ ဆရာမ ၁၂၆ ဦးတက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(မိုင်းဆတ်)**

### နိုင်ငံသားကတ်နှင့် အိမ်ထောင်စုစာရင်းများ နေ့ချင်းပြီးဆောင်ရွက်

**မော်လူး မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသည် မိုးပွင့်အဆင့်(၅)စီမံချက်အရ မြို့နယ်အတွင်း နိုင်ငံသားဖြစ်ခွင့်ရှိပြီး သတ်မှတ်အရည်အချင်း ပြည့်စုံသူများအား မေ ၁၁ ရက် နံနက် ၈ နာရီတွင် မော်လူးအခြေခံပညာအထက်တန်းကျောင်း သရဖီခန်းမဆောင်၌ နိုင်ငံသားစိစစ်ရေးကတ်ကို နေ့ချင်းပြီးကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အင်းတော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးအောင်သူ ဦးစီးသောအဖွဲ့သည် မိုးပွင့်အဆင့်(၅)စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ရာတွင် နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ မှတ်ပုံတင်ကတ်ပျောက်ဆုံးပျက်စီးသူများကို နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မော်လူး)**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရမည်းသင်းခရိုင်မှ (၂၀၁၃-၂၀၁၄) ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့်လမ်း/တံတား လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

| စဉ် | ကျောက်အမျိုးအစား | အရေအတွက် |
|---|---|---|
| **ပျော်ဘွယ်-နတ်မောက်လမ်း(မိုင်၈/၄ မှ ၁၅/၁ အထိ)** | | |
| ၁။ | ခွဲကျောက်မျိုးစုံ | ၁၁၃၂. ၁၀ ကျင်း |
| **ရေဝေသဖန်းချောင်းလမ်း(မိုင် ၁၅/၂ မှ ၂၄/၇အထိ)** | | |
| ၂။ | ခွဲကျောက်မျိုးစုံ | ၅၃၉၄. ၀၀ကျင်း |

တင်ဒါလျှောက်လွှာပိတ်ရက် - ၂၉-၅-၂၀၁၃ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - မွန်းလွဲ ၂းဝဝနာရီ
၃။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၀-၅-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ပျော်ဘွယ်မြို့နယ်၊ ဖုန်း-၀၆၄-၄၉၀၄၉**

### အမည်ပြောင်း

ပင်လုံမြို့ အမက(၂) ဒုတိယတန်းနေ အဖ ဦးခွန်မောင်ဝန် ၁၃/လလန(နိုင်)၀၅၄၁၈၅ ၏သား ခွန်သိန်းဦး အား ခွန်သန့်ဇင်ဦး ဟု ပြောင်းလဲခေါ်ပါရန်။ **ခွန်သန့်ဇင်ဦး**

### အမည်ပြောင်း

ပင်လုံမြို့ အမက(၂) သူငယ်တန်းနေ အဖ ဦးခွန်မောင်ဝန် ၁၃/လလန(နိုင်)၀၅၄၁၈၅ ၏သမီး နန်းခင်ငွေး အား နန်းငွေသျှံသွန်း ဟု ပြောင်းလဲခေါ်ပါရန်။ **နန်းငွေသျှံသွန်း**

### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မော်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၈၁)၊ ဦးပိုင်အမှတ်(၃၄)၊ ၄၀လမ်း×၄၁လမ်းကြား၊ စိန်ပန်းလမ်းနှင့် မြို့ပတ်လမ်းကြား ဒေါ်ညဏ်အမည်ပေါက်လိုင်စင်မြေကွက်အား ဒေါ်ခင်မျိုးမူ နိုင်ငံသားစိစစ်ရေးကတ်အမှတ်|၁/မညန(နိုင်)၁၀၅၃၃၅|ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ သက်တမ်းတိုး၊ အမည်ပြောင်း၊ အမျိုးအစားပြောင်း၊ လိုင်စင်ပျောက် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**

# လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်သမ္မတကြီး၏ ၁၀-၄-၂၀၁၃ရက်တွင် အပ်နှင်းသည့် နိုင်ငံ့စွမ်းဆောင်ရည်ဆုပေးပွဲမှ တန်ဖိုးမြင့်ထုတ်ကုန်အကောင်းဆုံးထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆုရရှိသူ

**လေးလေးဦးဝင်းမောင်(မြဘုရင်-နို့ချက်စက်ရုံ)အား**

အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သာသနာ့အကျိုး၊ တိုင်းပြည်အကျိုး ဆတက်တိုး၍ ပြုလုပ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြဘုရင်နို့ချက်စက်ရုံဝန်ထမ်းများ**

# လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်သမ္မတကြီး၏ ၁၀-၄-၂၀၁၃ရက်တွင် အပ်နှင်းသည့် နိုင်ငံ့စွမ်းဆောင်ရည်ဆုပေးပွဲမှ တန်ဖိုးမြင့်ထုတ်ကုန်အကောင်းဆုံးထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆုရရှိသူ

**လေးလေးဦးဝင်းမောင်(မြဘုရင်-နို့ချက်စက်ရုံ)အား**

အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သာသနာ့အကျိုး၊ တိုင်းပြည်အကျိုး ဆတက်တိုး၍ ပြုလုပ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြဘုရင်သကြားစက်(ရွှေညောင်)ဝန်ထမ်းများ**

# လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်သမ္မတကြီး၏ ၁၀-၄-၂၀၁၃ရက်တွင် အပ်နှင်းသည့် နိုင်ငံ့စွမ်းဆောင်ရည်ဆုပေးပွဲမှ တန်ဖိုးမြင့်ထုတ်ကုန်အကောင်းဆုံးထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆုရရှိသူ

**လေးလေးဦးဝင်းမောင်(မြဘုရင်-နို့ချက်စက်ရုံ)အား**

အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သာသနာ့အကျိုး၊ တိုင်းပြည်အကျိုး ဆတက်တိုး၍ ပြုလုပ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြဘုရင်နို့ချက်စက်ရုံ(ပင်ရင်းအရောင်းဌာနမန္တလေး)ဝန်ထမ်းများ**

# ကလောင်အမည်ရွေးရာတွင် သတိပြုဆင်ခြင်ဖွယ်

ယနေ့ကာလတွင် သတင်းမီဒီယာလွတ်လပ်ခွင့် ယခင်ကထက် ပိုမိုရရှိလာပြီးနောက် နေ့စဉ်ထုတ်သတင်းစာများ အများအပြားပေါ်ထွက်လာခဲ့ပါသည်။ ဂျာနယ်နှင့် မဂ္ဂဇင်းများမှာလည်း အပြိုင်အဆိုင် ပေါ်ထွက်လာရာ ကလောင်သွေးလိုသူ၊ စာရေးလိုသူများအတွက် ကျယ်ပြန့်သော စျေးကွက်ကြီးပေါ်ပေါက်လာခဲ့ပါသည်။ သို့ဖြစ်ရာ သတင်းစာနှင့် ဂျာနယ်များ၏ စာမျက်နှာများပေါ်တွင် ကလောင်သစ်များ၏ ကလောင်သွေးလက်ရာများ များပြားစွာ တွေ့မြင်နေရပါသည်။

နိုင်ငံပိုင်သတင်းစာတစ်စောင်၏ စာမျက်နှာပေါ်တွင် သတင်းဆောင်းပါးတစ်ပုဒ် ဖတ်ရှုလိုက်ရပါသည်။ ရေးသူအမည်နေရာတွင် "သော်တာဆွေ"ဟု တွေ့မြင်လိုက်ရပါသည်။ စာရေးသူ၏ အသက်အရွယ်အပိုင်းအခြားကိုတော့ အတိအကျမသိပါ။ လူငယ်၊ လူရွယ်ပိုင်းက ဖြစ်ဟန်တူပါသည်။ သူသည် အမည်ရင်းဖြင့် စာရေးခြင်းလည်း ဖြစ်နိုင်ပါသည်။ ကလောင်အမည်လည်း ဖြစ်နိုင်ပါသည်။ မြန်မာနိုင်ငံတွင်သာမက နိုင်ငံတကာအထိပင် အောင်မြင်ထင်ရှားကျော်ကြားသော စာရေးဆရာကြီးတစ်ဦးရှိခဲ့ဖူးပါသည်။ နိုင်ငံတော်က ချီးမြှင့်သည့် စာပေဆိုင်ရာဆုများအပြင် ဆရာကြီး၏ဝတ္ထုများကို နိုင်ငံခြား ဘာသာအသီးသီးပြန်ဆိုရေးသား ထုတ်ဝေခြင်းပြုခဲ့ရသည်ထိ အောင်မြင်ကျော်ကြားထင်ရှားသော ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။ ဆရာကြီး၏အမည်မှာ ဦးကြင်ဆွေ၊ ကလောင်အမည်မှာ **သော်တာဆွေ** ဖြစ်ပါသည်။ ကွယ်လွန်သွားပြီဖြစ်ပါသည်။

သော်တာဆွေအမည်ဖြင့် ရေးသားထားသော သတင်းမှတ်စုအချို့ကို သတင်းစာတွင် ဖတ်ရှုလိုက်ရရာ ကွယ်လွန်သူ ဆရာသော်တာဆွေကို လွမ်းဆွတ်အောက်မေ့တမ်းတ သတိရမိပါသည်။ ဆရာသည် လူ့ပြည်၊ လူ့ဘဝတွင် မရှိတော့သော်ငြားလည်း ဆရာရေးသားထုတ်ဝေခဲ့သော စာအုပ်များသည် မြန်မာတည်သရွေ့တည်တံ့အောင်မြင်နေမည်မှာ သေချာပါသည်။ ထိုကဲ့သို့သော စာရေးဆရာကြီး၏ ကလောင်အမည်ကို မိမိအနေဖြင့် ရယူသုံးစွဲရန် သင့်မသင့် ကာယကံရှင်အနေဖြင့် ဆင်ခြင်သုံးသပ်သင့်ပါသည်။ ဒုတိယဖိုးစိန်ဖြစ်မည့်အစား ကလောင်အမည်သစ်တစ်ခု ရွေးချယ်ရေးသားသင့်ကြောင်း အပြုသဘောဖြင့် တင်ပြလိုပါသည်။

ဤစာကိုရေးသားနေသည့်အချိန်တွင် ရှေ့တွင်ရှိနေသော နေ့စဉ်ထုတ် သတင်းစာတစ်စောင်ကို အမှတ်မထင် ဆွဲယူဖတ်ရှုမိရာ ကလောင်အမည်တစ်ခုကို အမှတ်မထင် တွေ့မြင်ရပြန်ပါသည်။ **သူရဇော်**ဟူ၍ ဖြစ်ပါသည်။ စာရေးသူသိသော သူရဇော်မှာ ဦးစိန်လှိုင် (မဟာဝိဇ္ဇာ)ဖြစ်ပြီး ကလေးစာပေနှင့် လူငယ်စာပေများရေးသားရာတွင် ထူးချွန်ပြောင်မြောက်သူ ပညာရှင်တစ်ဦး ဖြစ်ပါသည်။ နိုင်ငံတော်က ချီးမြှင့်သည့်စာပေဗိမာန်စာပေဆု၊ အမျိုးသား စာပေဆုအပါအဝင် အခြားဆုပေါင်းများစွာ ချီးမြှင့်ခြင်းခံထားရသူတစ်ဦး ဖြစ်ပါသည်။ သတင်းစာတွင် တွေ့မြင်ဖတ်ရှုလိုက်ရသော တွေ့ဆုံမေးမြန်းခြင်းမျိုးကို ဆရာသူရဇော် တစ်ကြိမ်တစ်ခါမျှ ရေးသားခဲ့ဖူးခြင်းမရှိပါ။ ကျွန်တော်သိသော နိုင်ငံကျော် စာရေးဆရာကြီး သူရဇော်မဟုတ်လျှင် အခြားတစ်ယောက် ဖြစ်ပါလိမ့်မည်။

စာနယ်ဇင်းလောကသို့ စတင်ခြေလှမ်းဝင်ရောက်လာကြမည့် ကလောင်သစ်များအား အနူးအညွတ်မေတ္တာရပ်ခံလိုပါသည်။ အရှိန်အဝါအားဖြင့်၊ ဩဇာအားဖြင့် ကြီးမားသော မိမိရှေ့က ဆရာကြီးများ၏ ကလောင်အမည်ကို ရှောင်သင့်ပါသည်။ ကိုယ်ပိုင်အမည်ဖြင့် အောင်မြင်အောင် ကြိုးစားရေးသားသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**စိန်လှိုင်ဖိုးလ်**



# လားရှိုး၌ ဆေးဖြတ်ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေးသင်တန်းဖွင့်

**လားရှိုး မေ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန၌ မေ ၁၆ ရက်နံနက် ၉ နာရီတွင် ဆေးဖြတ်ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေး သင်တန်းအပတ်စဉ် (၄၂/၂၀၁၃) ဖွင့်ပွဲအခမ်းအနား ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားကာ **(အပေါ်ပုံ)** ဒေါက်တာ ဒေါ်မြင့်မြင့်စိန်က မူးယစ်ဆေးဝါးနှင့် ကျန်းမာရေးအသိပညာပေးမှုနှင့် ပတ်သက်၍ ပြောကြားခဲ့ပြီး သင်တန်းအုပ်ချုပ်သူ တာဝန်ခံ ဦးဇော်မင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ အကြောင်းအရာများအား ပြောကြားခဲ့ပြီး ယခုသင်တန်းတွင် အသိတရားရ၍ မူးယစ်ဆေးဝါးသုံးစွဲမှု ဆိုးကျိုးများ သိမြင်လာကာ နမ့်ကျန်ရွာရှိ ဆရာတော်ထံ လျှောက်ထားရာမှ ဆရာတော်ဦးသာသနဉ္စက လူမှုဝန်ထမ်းဦးစီးဌာနနှင့် ချိတ်ဆက်အပ်နှံခဲ့သည်။ ယခုဆေးဖြတ်ကုသခြင်းနှင့် ပြန်လည် ထူထောင်ရေး၌ အမှားကိုမြင်၍ အမှန်ပြုပြင်ရန်ဌာနဆိုင်ရာ အကြီးအကဲများ၊ ဆေးကုသမှုတာဝန်ခံ ဆေးရုံအုပ်ကြီးနှင့် ဆေးဖြတ်ကုသခံ လူနာများအား ကျေးဇူးအထူးတင်ရှိကြောင်း၊ နမ့်ကျန်ရွာ ဆရာတော်က မိန့်ကြားခဲ့ကြောင်း သိရသည်။ **ဇာဏီအောင်(လားရှိုး)**

# မိုးရွာသွန်းမှုကြောင့် ရွှေးဟောင်းစေတီတစ်ဆူ ပြိုကျပျက်စီး

**မန္တလေး မေ ၂၀**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ဥတည်ကျေးရွာအုပ်ချုပ်တန်းရပ်ရှိ ရှေးဟောင်းဘုရားဖြစ်သော ဂူတော်သစ်ဘုရားသည် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် ဘုရားပစ္စယံအထက် ဉာဏ်တော်အမြင့် ၄၅ ပေခန့် ကိုယ်လုံးထည်မှ အက်ကြောင်းများဖြစ်ပေါ်ခဲ့ပြီး ၂၀၁၃ ခုနှစ် မေ ၁၅ ရက်ညနေ ၃ နာရီ ၁၅ မိနစ်က မိုးရွာသွန်းမှုကြောင့် စေတီတော်တစ်ဆူလုံး ပြိုကျပျက်စီးခဲ့သည်။ စေတီပြိုကျမှု အခြေအနေအား တံတားဦးမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များသွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး ထီးတော်အပိုင်းအစ ငါးခုအား ဂူတော်သစ်ဘုန်းတော်ကြီးကျောင်းတွင် အပ်နှံထားရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

**မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ**

"နိုင်ငံတကာအဆင့်ဝင်နိုင်ရန် ပညာသင်ရင်း အင်္ဂလိပ်စာတတ်မှုဖြစ်မည်"

MCC.i YATANARPON

YATANARPON SPECIAL CAMPUS


Mr.Chris Harrison

Mr.Gert Vissa

Mr.Konrad Pietzka

Mr.Ruben

Ms.Mylene Alfonso

- နိုင်ငံတကာတက္ကသိုလ်များ၏ ကွန်ပျူတာသိပ္ပံဘွဲ့၊ အင်ဂျင်နီယာသိပ္ပံဘွဲ့၊ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုဘွဲ့၊ ဂိမ်းတီထွင်ထုတ်လုပ်မှုဘွဲ့များ သင်ကြားပေးခြင်း။
- ပင်မဘာသာရပ်များအပြင် အင်္ဂလိပ်စာ အထူးသင်ကြားမှုကို အင်္ဂလိပ်စာ ပါမောက္ခများဖြင့် ထပ်ဆင့်သင်ကြားခြင်း။
- ကျောင်းသူ၊ကျောင်းသားများ အင်္ဂလိပ်စာစကားပြောတတ်စေရန် ကျောင်းအုပ်ကြီးအပါအဝင်၊ နိုင်ငံခြားမှဆရာ၊ ဆရာမများ၊ ကျောင်းသားရေးရာ တာဝန်ခံများ၊ လူမှုဆက်ဆံရေး တာဝန်ခံများ၊ စာသင်ခန်းပြင်ပ အထူးအစီအစဉ်များဖန်တီးပေးထားခြင်း။
- အေးချမ်းဆိတ်ငြိမ်သော ပြင်ဦးလွင်ရာသီဥတုနှင့် ကျယ်ဝန်းသော Yatanarpon Cyber ရှိ နိုင်ငံတကာပုံစံ (University Campus Life)

အဆောင်များ ကန့်သတ်ထား၍ ကြိုတင်စာရင်းသွင်းရန်
(Yatanarpon Campus) - Tel : 02-5178132, 02-5178112, 02-5178113, 02-5178114, 09-43104988, 09-43104966

" Comparing Myanmar Phonetic Features with English "



မြန်မာဗျည်းအက္ခရာများ၏ အသံထွက်နှင့် အင်္ဂလိပ်ဘာသာစကားအား နှိုင်းယှဉ်ခြင်း

By English Native Linguistics Experts

STI Education
like no other

Date : 26th, May 2013 (SUNDAY)
Time : 4:00 to 6:00 pm
Venue : STI Education (Shwe Bon Thar)

TEL: 377988, 507048
507151/52, 0103450475,
09420254872

www.stiedu.net
email: info@stiedu.net

ABC Computer Sales & Services
| **စဉ်-၈၇၀၂** | **စဉ်-၇၈၃၆** | **စဉ်-၂၃၅၈၅** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေများ** | |

**အမှတ်-၂၇(A)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁-P)၊ မြေကွက်အမှတ်(၁၂၄)၊ ဧရိယာ(၂၇×၄၄. ၄)ပေရှိ နှစ်(၉၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ သုံးမြောင့်လမ်း၊ အမှတ်(၁၀)ဟုခေါ်တွင်သည့် မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ရှင်များဖြစ်ကြသော ဒေါ်လှလှအေး[၁၂/မဂတ(နိုင်)၀၇၃၂၆၂]နှင့် ဒေါ်ခင်သန်းရှင်[၁၂/မဂတ(နိုင်)၀၁၆၄၁၆]တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးကဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(စဉ်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇)**
**B.Sc, Hon(IC),HGP,R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294866, 294766 HP:09-501 7044, 09-7310 7094**

---

## အိမ်ခြံမြေ ဝယ်ယူပိုင်ဆိုင်ထားခြင်းကို အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဠ)ရပ်ကွက်၊ ဣန္ဒာ(၇)လမ်း၊ အမှတ်(၁၁၁၅)၊ မြေကွက်အကျယ်ပေ(၂၀×၆၀) (ခေါင်းရင်းခြမ်း) မြေကွက်နှင့်အဆောက်အအုံအား ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်ကျင်ရှိန်[၁၂/ဥကမ(နိုင်)၁၂၃၆၁၀]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက ၂၆-၆-၂၀၁၂ ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အမှတ်စဉ် VI၁၁၃၈၂ ဖြင့် အထူးကိုယ်စားလှယ်လွှဲစာ ပေးအပ်ရယူကာ အိမ်ခြံမြေကွက် အပြီးအပိုင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်လွှဲပြောင်းရရှိထားပြီးဖြစ်ပါသဖြင့် ယင်းအိမ်ခြံ မြေကွက်အား ကျွန်ုပ်မိတ်ဆွေ၏ခွင့်ပြုချက်မရရှိဘဲ ပေးကမ်းပေါင်နှံငှားရမ်းခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း၊ ဝင်ရောက်ကျူးကျော်နေထိုင်ခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်လိုက်သည်။ တားမြစ်ချက်အား လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၅)**
**၄/၂၅၈၊ သုနန္ဒာလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09 73221998, 09 448053289, 01-9699933**

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၆ ရပ်ကွက်၊ အမှတ်(၈၁)၊ လမ်း(၃၀) ဦးကာမချီနှင့် မပါရ်ဝသီတို့၏သမီး၊ မဌေးဌေးခိုင်သည် မိဘဆုံးမစကား နားမထောင်ဘဲ တစ်ဖက်၏ သွေးဆောင်ဖြားယောင်းခြင်းဖြင့် အိမ်ပေါ်မှ ဆင်းသွားသောကြောင့် သမီးအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်း ၎င်းနှင့်ပတ်သက်သော ကိစ္စများအား တာဝန်မယူပါ။

**ဦးကာမချီ[၁၂/ပဘတ(ဧည့်)၀၀၀၄၄၁]၊ ဒေါ်အေးအေးချို(ခ)မပါရ်ဝသီ[၁၂/ပဇတ(နိုင်)၀၁၃၀၈၁]**
**ဖုန်း-၃၈၈၃၈၆**

## အများသိစေရန်ကြေညာချက်

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ မိမိတို့၏ အဆောက်အအုံကို ဆောက်လုပ်ခွင့်/ပြင်ဆင်ခွင့်ရရှိရန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်ရန်အကြောင်းရှိပါက သက်ဆိုင်သည့် အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ဤဌာနသို့ လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | လိပ်စာ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးအောင်မျိုးမင်း | ၁၂/ဥကမ (နိုင်) ၀၅၆၃၅၇ | ၃၂၁-အေ၊ ခေမာကျောင်းလမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပ | ၂½-ထပ်တိုက် ဆောက်လုပ်ရန် |
| ၂ | ဦးတင်အုန်း | ၁၂/တမန (နိုင်) ၀၁၄၉၂၇ | ၄၃၆/က၊ ဗညားဒလလမ်း၊ ဖျိုင်းရေအိုးစင်ရပ်ကွက်၊ တာမွေ | Basement+၂½-ထပ်တိုက် ဆောက်လုပ်ရန် |
| ၃ | ဦးဟန်ဝင်း + ၁ | ၁၂/ဗတထ (နိုင်) ၀၁၃၅၃၁ | F.L-၉၀၊ ကန်ရိပ်သာ (၅)လမ်း၊ FMI City လှိုင်သာယာ | ၂-ထပ်တိုက် ဆောက်လုပ်ရန် |
| ၄ | ဒေါ်သန်းသန်းဦး | ၁၂/လလန (နိုင်) ၀၅၅၄၇၂ | C.A၃၃၄၊ ချယ်ရီ (၁)လမ်း၊ FMI City လှိုင်သာယာ | ၂-ထပ်တိုက် ဆောက်လုပ်ရန် |
| ၅ | ဒေါ်ဝင်းဝင်းအေး | ၁၂/ကမရ (နိုင်) ၀၁၇၈၀၀ | R. V . V-၂၇၊ ဆိပ်ကမ်းသာလမ်း၊ FMI City လှိုင်သာယာ | ၂-ထပ်တိုက် ဆောက်လုပ်ရန် |
| ၆ | ဦးကျော်စိုး | ၁၂/မရက (နိုင်) ၀၁၉၁၁၈ | (၄/၃၁)၊ သစ္စာလမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်း | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၇ | ဦးသိုက်ခင် | ၁၂/မရက (နိုင်) ၀၂၈၉၆၁ | ၂၈၊ ဝါဝါဝင်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်း | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၈ | ဒေါ်သီတာ | ၁၂/ရပသ (နိုင်) ၀၀၀၆၂၇ | ၄၅/က၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊ ရွှေပြည်သာ | ၂-ထပ်တိုက် ဆောက်လုပ်ရန် |
| ၉ | ဒေါ်အုန်းရီ + ၁ | ၁၂/လမန (နိုင်) ၀၄၇၄၀၃ | ၁၈(က+ခ)၊ ဇေယျသစ္စာလမ်း၊ (၁)ရပ်ကွက်၊ လှိုင် | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၁၀ | ဒေါ်အေးအေးမိုး | ၁၂/ဒပန (နိုင်) ၀၃၃၇၈၈ | ၂၁၈၊ မြတ်လေးနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံ | ၂½-ထပ်တိုက် ဆောက်လုပ်ရန် |
| ၁၁ | ဦးပြည့်စုံဟိန်းဆွေ | ၁၂/ကတတ(နိုင်) ၀၂၇၉၁၉ | ၆၈၉၊ ယမနေလမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂-ထပ်တိုက် ဆောက်လုပ်ရန် |
| ၁၂ | ဒေါ်လဲ့လဲ့ဝင်း | ၆/ရဗန(နိုင်) ၀၂၁၃၉၈ | ၁၀၃၆၊ ဒူးယားလမ်း၊ (၄၃)ရပ်ကွက်၊ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂-ထပ်တိုက် ဆောက်လုပ်ရန် |
| ၁၃ | ဦးကျော်ဌေး | ၁၁/ရဗန(နိုင်) ၀၂၅၀၅၇ | ၃၀/က၊ ဆရာမကြီးလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်း | ၂-ထပ်တိုက် ဆောက်လုပ်ရန် |
| ၁၄ | ဦးလှဝင်း | ၁၂/သကတ(နိုင်) ၁၁၆၃၅၀ | ၆၇၉၊ အနော်မာ (၁၆)လမ်း၊ (၁)အနော်မာရပ်ကွက်၊ သာကေတ | ၁-ထပ်အုတ်ညှပ် ဆောက်လုပ်ရန် |
| ၁၅ | ဒေါ်နုနုလွင် | ၆/တဝန (နိုင်) ၀၀၀၇၁၉ | ၄၀(က+ခ)၊ သီရိမင်္ဂလာပတ်လမ်း၊ (၅)ရပ်ကွက်၊ ရွှေပြည်သာ | ၁-ထပ်တိုက် ဆောက်လုပ်ရန် |
| ၁၆ | ဦးနေဝင်းလေး | ၁၂/ပဘတ (နိုင်) ၀၁၈၁၀၉ | ၆၂/ခ၊ အောင်ဇေယျလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်း | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၁၇ | ဦးမန်ဇာမင်း | ၁၄/မမန (နိုင်) ၀၁၀၄၅၁ | ၁၃၃၊ ကြေးတိုင်လမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂-ထပ်တိုက် ဆောက်လုပ်ရန် |

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အထက်ကျောက်မြောင်း၊ သင်္ဂဟလမ်း၊ အမှတ်(၁၄)တွင် နေထိုင်သူ ဒေါ်ရင်ကြည်[၁၀/မလမ(နိုင်)၀၈၆၁၅၀]ကိုင်ဆောင်သူသည် အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်ကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်အသုံးပြုရန် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၂၄-၄-၂၀၁၃ရက်တွင် မှတ်ပုံတင်သွင်းပြီး ဖြစ်ပါသည်။

HMZ
လှမဇူ®
ပွဲထိုင်ဇာနှင့် ပိုးထည်အမျိုးမျိုး

၄/၄၀၈၄/၂၀၁၃

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ပွဲထိုင်ဇာနှင့်ပိုးထည်အမျိုးမျိုး၊ ပိုးဖဲကတ္တီပါ၊ လီနင်၊ ဆွဲသား၊ စပန့်၊ ဇာအစရှိသော အဝတ်အထည်နှင့်ပတ်သက်သော ပိတ်လိပ်အမျိုးမျိုးတို့ကို အမှတ်(၁၉၃/ဘီ)၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့တွင် လှမဇူ® ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ဆိုင်ဖွင့်လှစ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီလက်ကား ဖြန့်ချိရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မိမိတစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ဒေါ်ရင်ကြည်မှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မှ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်းများ မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက ဒေါ်ရင်ကြည်၏ လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုအတွက် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်သန်း**
**LL.B,D.M.A,D.B.L,D.M.L,D.A(Psy)**
**WIPO,D.L.P(Switzerland)**
**Diploma in International Law**
**High Court Advocate & Legal Advisor**
**ရုံးခန်း - အမှတ်(၆၂)၊ အခန်း(၁၇)၊ Winner Firm၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**နေအိမ် - အမှတ်-၄၀၊ ပိတောက်ပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၅၁၂၅၈၈၊ ၅၁၇၁၈၃၊ ၀၉-၅၀၄၂၀၀၃**

## အိမ်ရောင်းမည်

ပေ(၂၀×၆၀)၊ နှစ်ထပ်တိုက်၊ အိမ်သန့်၊ အသင့်နေနိုင်၊ လှိုင်သာယာ၊ ဘီအိုစီမှတ်တိုင်အနီး၊ ရေမီးစုံ၊ ညှိနှိုင်းဈေး။

**ဖုန်း-၀၉-၇၃၁၈၃၃၄၄၊**
**၀၉-၅၁၈၉၀၂၈**

## ဝန်ထမ်းအမြန်အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

**Super Shine Trading Company Limited**

(၁) စာရင်းကိုင်ချုပ် 1Post (Male/Female)
(၂) စာရင်းကိုင် 3Posts (Male/Female)
(၃) အရောင်းမြှင့်တင်ရေးဝန်ထမ်း (Sales Promoter) 10Posts (Male/Female)
(၄) ဈေးကွက်ရှာဖွေရေးဝန်ထမ်း(Marketing) 3Posts (Male)

အမှတ်စဉ်(၁)အတွက် B.Com,C.P.Aဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ (၅)နှစ်
အမှတ်စဉ်(၂)အတွက် LCCI Level(III) လုပ်ငန်းအတွေ့အကြုံ(၂)နှစ်
အမှတ်စဉ်(၃၊၄)အတွက် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁)နှစ်ရှိရမည်။
လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံ(၃)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ အမှတ်(၈၁)၊ သိမ်ဖြူအောက်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။ **ဖုန်း-၀၁-၃၈၅၅၁၈**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃A၄)၊ မြေကွက်အမှတ်(၂၅၁)၊ ဧရိယာ(၀. ၀၃၁)ဧကရှိ နှစ်(၉၀)ဂရန်မြေကွက်ကြီးနှင့် မြေကွက်ပေါ်ရှိ တာမွေမြို့နယ်၊ ဖျိုင်းရွာမ ရပ်ကွက်၊ သမာဓိလမ်းပေါ်ရှိ အမှတ်(၁၈)ဟုခေါ်တွင်သော နှစ်ထပ်နေအိမ်အဆောက်အအုံအား လက်ရှိအမည်ပေါက် ပိုင်ရှင် ဦးကိုကိုဦးနှင့် ဒေါ်ချိုချိုမြင့်တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသအား ပေးချေထားခဲ့ပြီးဖြစ်ရာ အကျိုးသက်ဆိုင် ကန့်ကွက်လိုသူများအနေဖြင့် ဤကြေညာသည့်နေ့မှ (၁၀)ရက်အတွင်း စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ သတ်မှတ်နေ့ ရက်ကျော်လွန်သွားခဲ့ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစိုးဝင်းစိုး(စဉ်-၇၁၈၂)** **ဦးစိုးဘုန်းပိုင်(စဉ်-၄၀၅၄၂)**
**LL.B,D.B.L,D.I.L** **ဒေါ်နီနီခိုင်(စဉ်-၂၃၀၀၃)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေများ**
**ဖုန်း-၀၉-၅၀၈၀၄၃၂** **ဖုန်း-၀၉-၄၂၀၀၀၈၅၀၆**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်း၊ အမှတ်-၅၁(အေ)တွင်နေထိုင်သူ ဦးနောင်လတ်[၁၂/မဂတ(နိုင်)၀၈၇၆၈၈]ကိုင်ဆောင်သူသည် အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်ကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်အသုံးပြုရန် ရန်ကုန်မြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ ၂၅-၄-၂၀၁၃ရက်တွင် မှတ်ပုံတင်သွင်းပြီး ဖြစ်ပါသည်။

Lady Batik®

၄/၄၁၀၁/၂၀၁၃

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ဆေးရေး၊ လက်ရေး ပါတိတ်အမျိုးမျိုး၊ ပါတိတ်အင်္ကျီအမျိုးမျိုး၊ ပါတိတ်နှင့်ပတ်သက်သော အဝတ်အထည်အမျိုးမျိုးနှင့် အခြားအဝတ်အထည်နှင့်ပတ်သက်သော ပစ္စည်းအမျိုးမျိုးတို့ကို အမှတ်-၂၆၊ စပါယ်လမ်း၊ ဘိုလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့မှထုတ်လုပ်ပြီး ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီလက်ကား ဖြန့်ချိရောင်းချသွားမည် ဖြစ်ပါသည်။ အဆိုပါကုန်အမှတ်တံဆိပ်များအား ၎င်းမှတ်ပုံတင်သည့်ရက်မတိုင်မီ ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားခြင်းရှိပါက ကျွန်ုပ်ထံသို့ လာရောက်၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများအား ပြသပြီး ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အဆိုပါ ကုန်အမှတ်တံဆိပ်အား ဆက်လက်ထုတ်လုပ် ဖြန့်ချိရောင်းချသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ သို့ဖြစ်ပါ၍ မိမိတစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ဦးနောင်လတ်မှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မှ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်းများ မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက ဦးနောင်လတ်၏ လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုအတွက် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်သန်း LL.B,D.M.A,D.B.L,D.M.L,D.A(Psy)**
**WIPO,D.L.P(Switzerland)**
**Diploma in International Law**
**High Court Advocate & Legal Advisor**
**ရုံးခန်း အမှတ်-၆၂၊ အခန်း-၁၇၊ Winner Firm၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**နေအိမ် အမှတ်-၄၀၊ ပိတောက်ပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၅၁၂၅၈၈၊ ၅၁၇၁၈၃၊ ၀၉-၅၀၄၂၀၀၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မအူပင်လမ်း၊ အမှတ်(၅)၊ တတိယလွှာ(ဝဲ၊ယာ) (၂)ခန်းတွဲတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သူ ဦးတင်ထွန်း[၁၂/ဗဟန(နိုင်)၀၅၂၆၃၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ တိုက်ခန်း(၂)ခန်းနှင့်ပတ်သက်၍ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်ကိစ္စကို အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအီနုစ်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၃၄၁)**
**YE NOOS & ASSOCIATES (Law Firm)**
**အမှတ်-၁၇၆(ပထမထပ်) မိဘရိပ်မွန်အိမ်ရာ၊**
**ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်မြို့၊**
**ဖုန်း-၃၉၇၂၃၄၊ ၃၉၇၂၃၅၊ ၂၉၆၁၃၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄FG၊ မြေကွက်အမှတ်-၆၈၀၊ ဧရိယာ၁၅၀၀စတုရန်းပေ (အလျား ပေ၃၀×အနံ ပေ၅၀)ရှိ နှစ်(၆၀)မြေငှားမြေနှင့် မြေပေါ်ရှိ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ကဝိပုညလမ်း၊ အမှတ်-၆၈၀ဟုခေါ်တွင်သော တစ်ထပ်အိမ်ဟောင်းအပါအဝင် အကျိုးခံစားခွင့်များကို အမည်ပေါက်ပိုင်ရှင် ဦးသန်းထွန်း[၁၂/တမန(နိုင်)၀၇၀၈၈၄]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေများပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးမာ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၇၁)**
**အမှတ်-၅၆၃(ပထပ်)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀ကံဘဲ့၊ မြေကွက်အမှတ်-၂၃/စ၊၂၃/ဇ၊ မြေကွက်တည်နေရာအမှတ်-၆/၇၊ သံဃတက္ကသိုလ်လမ်း၊ ၈ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ဒေါ်စန်းစန်းမြင့်)အမည်ပေါက် မြေပိုင်မြေ လ/န ၃(ခ)မြေအား အမည်ပေါက်ဒေါ်စန်းစန်းမြင့် ကွယ်လွန်သဖြင့် ဦးအောင်ကျော်ဦး[၇/ပမန(နိုင်)၀၀၄၃၁၆]က တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးကမ်းခြင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ စောရန်ပိုင်တောင်ရပ်ကွက်၊ အမှတ်-၄၂မြေညီ+ပထမထပ်၊ HR၂လွှာ(လက်ဝဲဘက်ခန်း)အကျယ်အဝန်း ပေ(၁၅×၅၇)အကျယ်အဝန်းရှိ တိုက်ခန်းအား ဒေါ်ခင်လှမူ[၁၂/အလန(နိုင်)၀၁၉၃၀၇]က လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ၎င်းတိုက်ခန်းအား အပြီးအပိုင်ဝယ်ယူလိုသူ ဦးရဲလွင်[၁၂/ပဘတ(နိုင်)၀၂၆၄၀၉]က စရန်ငွေပေးချေထားပြီး ဖြစ်ပါသောကြောင့် ၎င်းတိုက်ခန်းအရောင်းအဝယ်ကို မိသားစုဝင်များအတွင်းမှ ကန့်ကွက်လိုသူရှိပါက သတင်းစာကြော်ငြာသည့်နေ့မှစ၍ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးရဲလွင် ဖုန်း-၀၉-၇၃၀၀၁၉၅၇**
**ဦးမျိုးအောင်(ခ)ဦးမင်းမင်း ဖုန်း-၀၉-၇၃၀၅၁၅၂၄၊၀၉-၄၃၀၈၂၃၄၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇/၄၊ မြေကွက်အမှတ်-၈၃၊ အကျယ်အဝန်း (၀. ၁၄၅)ဧကရှိ လိုင်စင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆောက်လုပ်နေထိုင်ခွင့် လက်မှတ်ချပေးထားခြင်းခံရသူ ဦးအောင်မင်း[၁၄/ဝခမ(နိုင်)၀၁၄၄၅၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အရောင်းအဝယ်ပြုလုပ်၍ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ထိုမြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်သည့် ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား (မူရင်းများ)ဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်အေးအေးအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၂၂)**
**အမှတ်-၁၂၁၊ ဒုထပ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၆၉၁၅၉၊ ၀၁-၂၂၅၆၉၄၊ ၀၉-၇၃၀၄၅၆၈၇**

21-5(D).pmd 1 5/19/2013, 10:56 PM

## ဝမ်းနည်းကြေကွဲခြင်း

### ဇေယျကျော်ထင် ဗိုလ်ချုပ်ကျော်စွာခိုင်(ငြိမ်း)

### အသက်(၆၅)နှစ်

**ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သမ္မတရုံးဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီး(ငြိမ်း)အမှတ်(၁)စက်မှုဝန်ကြီးဌာန**
**ဒုတိယကာကွယ်ရေး ပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်(ငြိမ်း)**

ဇေယျကျော်ထင်ဗိုလ်ချုပ်ကျော်စွာခိုင်(ငြိမ်း)အသက်(၆၅)နှစ်သည် ၁၆-၅-၂၀၁၃(ကြာသပတေးနေ့) ည ၇း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစု နှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့်ဇနီး ဒေါ်ခင်သန့်စင်မိသားစု**
**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ရီရီ အသက်(၈၀)

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**
**မြန်မာ့စီးပွားရေးဘဏ်**

မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါ်ရီရီသည် ၁၈-၅-၂၀၁၃(စနေနေ့) ညနေ ၄း၀၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့စီးပွားရေးဘဏ် အရာထမ်း၊အမှုထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ပါမောက္ခ ဒေါက်တာဦးမျိုးမြင့်

### အသက်(၇၀)

**M.B.B.S,FRCS (Edin), Mch Ortho (Liverpool)**
**Dr.Med.Sc (Ygn) (Hon)**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီ**
**ပါမောက္ခချုပ်(ငြိမ်း)ဆေးတက္ကသိုလ်(၁)ရန်ကုန်မြို့**

မြန်မာနိုင်ငံဆေးလောကအတွက် အစားထိုးမရနိုင်ပါသော လေးစားရပါသော ဆရာကြီးပါမောက္ခဒေါက်တာမျိုးမြင့် အသက်(၇၀)သည် ၁၅-၅-၂၀၁၃၊ (ဗုဒ္ဓဟူးနေ့)နံနက်ပိုင်းတွင် ကွယ်လွန်သွားပါသဖြင့် နှမြောတသ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ကျန်းမာရေးဦးစီးဌာန**
**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ပါမောက္ခ ဒေါက်တာဦးမျိုးမြင့်

မြန်မာနိုင်ငံ ဆေးပညာရှင်များအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆေးကောင်စီ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးမျိုးမြင့်သည် ၁၅-၅-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အာရှတော်ဝင်ဆေးရုံ**

## လွမ်းမပြေပါနိုင်

### ဦးခင်[ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာညွှန်ကြားရေးမှူး(ငြိမ်း)]

အဖေကြီး

ချစ်သောမိသားစုကို ခွဲခွာသွားခဲ့တာ ယနေ့ ၂၁-၅-၂၀၁၃ ရက်မှာ နှစ်နှစ်တင်းတင်း ပြည့်ခဲ့ပေမယ့် နေ့နေ့ညည ရင်နှင့်အမျှ မေ့မရနိုင်ပါ။

အဖေကြီးရဲ့ ဂုဏ်ကျေးဇူးများကို အထူးသတိရ တမ်းတလျက် နေ့စဉ် လစဉ် ရည်စူး ကုသိုလ်များ ပြုလုပ်ပြီး တရားနှင့် ဖြေပါသော်လည်း မပြေနိုင်

အဖေကြီးရေ သက်ဆုံးတိုင် လွမ်းလို့မပြေနိုင်ပါ။

အဖေကြီးအားရည်စူး၍ နေ့စဉ်လစဉ် ပြုပြုသမျှသော ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်ကောင်းမှု အစုစုတို့၏ အဖို့ဘာဂကို အမျှပေးဝေပါတယ်၊ ရောက်ရှိရာဘုံဘဝမှ ကြားသိ သာဓုခေါ် ဆိုနိုင်ပါစေ---

အဖေကြီးရေ အမျှ--အမျှ--အမျှ။

**ချစ်ဇနီး ဒေါ်ခင်ခင်ထွေးနှင့်သားသမီး၊ မြေးများ**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်ယဉ်စမ်း (၇၃)နှစ် (တာမွေဈေး)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းဈေးကွယ်(က)ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ်-၅၄(ခေါင်းရင်းခန်း)နေ (ဦးရှိန်-ဒေါ်အုံးစိန်)တို့၏ သမီး၊ ဦးကြိုင်-(ဒေါ်ရှုကြည်)တို့၏ ညီမ၊ ဒေါ်မြစော၊ ဦးကြီးမောင်၊ ဒေါ်ယဉ်ထွေး၊ ဒေါ်သန်းသန်းလှတို့၏ အစ်မကြီး၊ မစန်းစန်းဝင်း၊ ကိုမျိုးဝင်း-မချိုမာထွန်း၊ ကိုခင်မောင်ဝင်း-မခင်သီတာ၊ ကိုမျိုးဇေယျာဦး-မစန်းစန်းဝင်းတို့၏အဒေါ်၊မြေးသုံးယောက်တို့၏အဘွားသည် ၁၉-၅-၂၀၁၃(တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၃(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၁၃(စနေနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးဝင်းစိန်(၈၃)နှစ်

**ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ(ငြိမ်း)**
**ME.PE (မွန်ပြည်နယ်)**

ရန်ကုန်မြို့၊ ခြံအမှတ်(၁၀၉)၊ ရေကူးရှာမလမ်း၊ ကမ္ဘာအေး(၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ (ဦးချစ်ဆွေ-ဒေါ်ကျင်သိုက်)တို့၏ သားကြီး၊ (ဦးဖိုးဟို-ဒေါ်ဖွားတင်) တို့၏ သားသမက်၊ ဒေါ်ရှုကြည်၏ ခင်ပွန်း၊ မဇာသီရိဇော်၊ မောင်ပြည့်ဖြိုးဇော် (အင်းယားလိတ်ဟိုတယ်)၊ မောင်ကျော်မြင့်-မဒေသက်မွန်ဇော်၊ မမေမြတ်မွန်ဦး၊ မောင်ကျော်မျိုးထွန်း၊ မောင်စိုးဝင်း၊ မသည်းနုထွေး၊ မဇလပ်ပန်းအိ၊ မတင်ဦးဝေ၊ မောင်လွင်ထူးအောင်၊ မောင်လှိုင်ဘွားအောင်၊ မောင်ထူးမြတ်အောင်၊ (မောင်စွမ်းကောင်းသန့်)၊ မစုဝေထက်၊ မောင်မင်းခန့်ကျော်တို့၏ အဘိုးသည် ၂၀-၅-၂၀၁၃(တနင်္လာနေ့) နံနက် ၇း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သဂ်ဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အနိစ္စ

### ခရစ်တော်၌အိပ်ပျော်ခြင်း ဆရာမကြီးဒေါ်ကြိုင်(ငြိမ်း)

**ဒေါ်သာထက်အထက်တန်းကျောင်း**

### အသက်(၁၀၁)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၈) ရပ်ကွက်၊ အိမ်အမှတ်-(၁၂၉/A)၊ ဦးချိုလမ်းနေ(ဦးဘိုးတန်-ဒေါ်မြမှုံ) တို့၏ သမီးကြီး၊ (ဒေါက်တာဦးချစ်-ဒေါ်ဒီ)၊ (ဦးချစ်ခင်-ဒေါ်တင်ဒွေး)တို့၏ အစ်မကြီး၊ ဒေါ်ညိုတုတ် (T.Brown)(CISM)-(ဦးထွန်းသိန်း)၊ဒေါ်မြလေး (CISM)-(ဗိုလ်ကြီးကျော်မြင့်)၊ ဒေါ်အေးမေ (အထက-၂၊ကမာရွတ်၊ငြိမ်း)-ဦးကြည်သန်းတင်၊ ဦးမောင်မောင်ဝင်း(Myanmar Off Shore Co.,Ltd.)-ဒေါ်ငွေငွေမြင့် တို့၏ ချစ်လှစွာသောမိခင်ကြီး၊ (ဦးညိုသာ)၏ ဇနီး၊ မြေး ၁၄ ယောက်တို့၏ အဘွား၊ မြစ် ၁၆ယောက်တို့၏ ဘွားဘွားကြီး သည် ၂၀-၅-၂၀၁၃(တနင်္လာနေ့) နံနက် ၁ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွား ပါ၍ ၂၂-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ၁၂(A)၊ ဦးချိုလမ်း၊ ကမာရွတ် နှစ်ခြင်းခရစ်ယာန် ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ကမာရွတ်ခရစ်ယာန်ဘုရားကျောင်းရှေ့မှ ကားများ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်ညွန့်(ခ)ဒေါ်ညွန့်ဝေ အသက်(၈၃)နှစ် (ပျော်ဘွယ်)

ပျော်ဘွယ်မြို့၊ မင်းတန်းရပ်နေ (ဦးပန်းမြိုင်-ဒေါ်တွဲ)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ အမှတ်(၈)၊ နှင်းဆီလမ်းနေ (ဦးကျော်ခင်)၏ ဇနီး၊ ဒေါ်ခင်မျိုးညွန့် (ဦးလှမြင့်)၊ မစောလှ(ကာကွယ်ရေးဦးစီးချုပ်ရုံး၊ ကြည်း၊ ငွေစာရင်းရုံး)၊ မစန်းစန်းအေး(Super One)၊ မထွေးထွေးမြင့် (ကာကွယ်ရေးဦးစီးချုပ်ရုံး၊ ကြည်း၊ ငွေစာရင်းရုံး)တို့၏မိခင် ဒေါ်ညွန့်(ခ)ဒေါ်ညွန့်ဝေသည်၁၉-၅-၂၀၁၃ (တနင်္ဂနွေနေ့) ည ၇း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၃(အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်အေးခွေ့(ခ)ပီဖ အသက်(၇၀) (လားရှိုး)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျိုက်လပ်လမ်း၊ အမှတ်(၁၉)နေ ဦးကန်ခမ်း၏ ဇနီး၊ မန္တလေးမြို့နေ (ဦးမြင့်အောင်)-ဒေါ်ရွှေကြည်၊ ရန်ကုန်မြို့နေ ဦးစိုင်းဆွေမြင့်-ဒေါ်သန္တာဝင်း၊ (ဦးမြင့်အောင်)-ဒေါ်နန်းကေသွယ်၊ ဦးစိုင်းမျိုးမြင့်-ဒေါ်အေးအောင်အောင်မျိုးတို့၏ မွေးသမိခင်၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည်၂၀-၅-၂၀၁၃ (တနင်္လာနေ့) နံနက် ၆း၄၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်ပါသဖြင့် ၂၂-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍၂၆-၅-၂၀၁၃ ရက်တွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးသန်းထွန်း အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ မောရဝတီလမ်း၊ B-၆၁/၂၆နေ (ဦးသန်းရွှေ)-ဒေါ်ကြည်တို့၏ သား၊ ဦးချမ်းသိန်း-ဒေါ်မြင့်မြင့်သန်း တို့၏ သားသမက်၊ ဒေါ်မြမြဦး၊ ဦးလှဦး-ဒေါ်မြမြဝင်းတို့၏မောင်၊ဦးခင်မောင်ဝင်း- ဒေါ်ချိုချိုဝင်း၊ ဦးဆန်းမြင့်(MSO Co.,Ltd.)-ဒေါ်မြင့်မြင့်ကြည်၏ ညီ၊ ဦးငွေကြိုင်-မပွင့်မာအေးတို့၏ အစ်ကို၊ မောင်ကောင်းမြတ်၏ ဖခင်၊ မခင်မျိုးဦး၏ ခင်ပွန်းသည် ၁၉-၅-၂၀၁၃ (တနင်္ဂနွေနေ့)ည ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၃(ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီး သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ခင်သင်းအေး (၅၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၁၉-D)၊ ဂန္ဓမာလမ်း၊ ချမ်းသာရွှေပြည်အိမ်ရာနေ [ဦးလေးမောင်(နိုင်ငံခြားရေးဝန်ကြီး-ငြိမ်း)၊ ပြည်သူ့ဥပဒေအဖွဲ့ဝင်(ငြိမ်း)-ဒေါ်တင်တင်အေး]တို့၏ သမီးကြီး၊ (ဦးလူထင်-ဒေါ်ရှုခင်)တို့၏ သမီးချွေးမ၊ မရည်မွန်လွင်-မောင်ဖြိုးသိန်းကျော်၊ မောင်သက်အောင်လွင်၊ မောင်ထွေးအောင်လွင်-မချောစုထွေးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မသွန်းကြယ်စင်၏ အဘွား၊ ဦးကျော်လွင်၏ ချစ်လှစွာသောဇနီးသည် ၂၀-၅-၂၀၁၃(တနင်္လာနေ့) နံနက် ၀၀း၄၀ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သဂ်ဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၁၃(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]ကျန်ရစ်သူမိသားစု

### ခရစ်တော်၌ အိပ်ပျော်ခြင်း ဆရာမကြီးဒေါ်ကြိုင်(ငြိမ်း)

**ဒေါ်သာထက်အထက်တန်းကျောင်း**

### အသက်(၁၀၁)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၈) ရပ်ကွက်၊ အမှတ်-(၁၂၉/A)၊ ဦးချိုလမ်းနေ(ဦးညိုသာ)၏ဇနီး၊ မယဉ်ယဉ်ထွန်း-(ကိုဝင်းကိုကို)၊ မမီမီထွန်း-ကိုထွန်းထွန်းအောင်၊ မဝင်းဝင်းထွန်း - ကိုကျော်မိုးခိုင်၊ ကိုသိန်းမင်း-မအိအိအောင်၊ ကိုကျော်မင်းအောင်-မအေးအေးဝင်း၊ မခင်မြင့်ဆွေ-ကိုစိုးမိုးအောင်၊ ကိုစိုးမင်းအောင်- -မယဉ်ယဉ်နွယ်၊ မခင်မိုးမိုးမြင့်၊ ကိုစိုး သက်မြင့်-မမိုးမိုးအေးစိုး၊ ကိုဇေယျာအောင်-နော်တာနာဖော၊ ကိုဝင်းထွဋ်အောင်၊ မဝင်းမမွေး-ကိုကျော်ဝင်းသူ၊ ကိုအောင်ကိုကိုဝင်း-မငုဝါလင်း၊ မခင်မမဝင်းတို့၏ ချစ်လှစွာသောအဘွား၊ မြစ် ၁၆ ယောက်တို့၏ ဘွားဘွားကြီးသည် ၂၀-၅-၂၀၁၃(တနင်္လာနေ့) နံနက် ၁ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၂-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ၁၂(A)၊ ဦးချိုလမ်း၊ ကမာရွတ် နှစ်ခြင်းခရစ်ယာန် ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော် သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး ဒေါ်ခင်နွဲ့ (၆၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ မဟာဘောဂလမ်း၊ အမှတ်(၁၂)နေ (ဦးချစ်-ဒေါ်ညွန့်) တို့၏သမီး၊ မြစ်ကြီးနားနေ ဦးယောန-(ဒေါ်မရမ်လု)တို့၏သမီးချွေးမ၊ ဦးကျော်နိုင်၏ချစ်လှစွာသောဇနီး၊ ဦးညာဏ်ဝင်း-ဒေါ်ပပဝင်း(ခေတ္တ-တရုတ်တိုင်ပေ)၊ Mr. Nakamura Eij (Myanmar Nara Apex Travel &Tour)-ဒေါ်သီတာဝင်း၊ မန္တဲ့စန္ဒီဝင်း (Diamond Star Co., Ltd.)၊ မန္တဲ့နန္ဒီဝင်း(ခေတ္တ-ဂျပန်)တို့၏ ချစ်လှစွာသောမိခင်၊ မမြတ်မဒီအောင်၊ မောင်ပုညအောင်၊ မမေဖြူခင်၊ မမေသက်နွယ်တို့၏ ချစ်လှစွာသောအဘွား ဒေါ်ခင်နွဲ့သည် ၁၉-၅-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၁၀း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး ဒေါ်ခင်သင်းအေး(၅၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ အမှတ်(၁၉-D)၊ ဂန္ဓမာလမ်း၊ ချမ်းသာရွှေပြည်အိမ်ရာနေ [ဦးလေးမောင် (နိုင်ငံခြားရေးဝန်ကြီး-ငြိမ်း)၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဝင် (ငြိမ်း)-ဒေါ်တင်တင်အေး]တို့၏ သမီးကြီး၊ (ဦးလူထင်-ဒေါ်ရှုခင်)တို့၏ သမီးချွေးမ၊ ဦးကျော်လွင် (M.D , KERNEL Co., Ltd.)၏ ဇနီး၊ ကိုဖြိုးသိန်းကျော်-မရည်မွန်လွင်၊ မောင်သက်အောင်လွင်၊ မောင်ထွေးအောင်လွင်-မချောစုထွေးတို့၏ မိခင်၊ မသွန်းကြယ်စင်၏ အဘွား၊ ဦးမင်းအေး၊ (ဦးကျော်အေး)-ဒေါ်ဂျဲနက်ကွမ်ဂျဲတောင်၊ (ဦးကျော်မင်း)၊ ဒေါ်တင်တင်သန်း-ဦးစိန်အောင်တို့၏ ညီမ၊ ဒေါ်ခင်ဦးအေး-(ဦးမင်းနိုင်အောင်)၊ ဒေါ်ခင်ငြိမ်းအေး - ဦးကျော်ညွန့်လွင် (သံမှူး၊ မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာ)၊ ဒေါ်ဖြူဖြူသန်း-ဦးခင်မောင်ဦး၊ ဒေါ်နွယ်နွယ်သန်း-ဦးဇေယျာတို့၏အစ်မ၊ ဒေါ်နှင်းသီလွင်-ဦးကြည်မော်၊ ဦးအောင်မိုး၊ ဒေါ်လှမြင့်ကြည်၊ ဦးမြင့်သူ-ဒေါ်အိအိစိုးတို့၏ အစ်မ၊ တူ/တူမ ၂၀ ယောက်တို့၏ အဒေါ်သည် ၂၀-၅-၂၀၁၃ (တနင်္လာနေ့) နံနက် ၀၀း၄၀ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး ဒေါ်သန်းရင် (အလပြ-ငြိမ်း) အသက်(၇၆)နှစ် (ကင်းမော်ရွာ၊သံတွဲ)

သံတွဲမြို့၊ ကင်းမော်ရွာနေ (ဦးစောလှဦး-ဒေါ်ညီမချေ)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇာတိဂုဏ်လမ်း၊ အမှတ်(၁၃၃၂)၊ သုံးလွှာနေ (ဦးထွန်းဖေအောင် ပြည်နယ်လုပ်ငန်းစစ်ဆေးရေး၊ ဥက္ကဋ္ဌ-ငြိမ်း)၏ ဇနီး၊ ဒေါ်ငွေငွေထွန်း(ဒု-ရဲမှူး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့)၊ ဦးထွန်းနိုင်[လ/ထ လဝကမှူး၊ ခရိုင်ရုံး၊ စစ်တွေမြို့]-ဒေါ်သီဂီထွန်း(အထက်တန်းပြ- ဒေါ်ပုံ)၊ ကိုဇော်မင်းထွန်း တို့၏ မိခင်၊ ဒေါ်အေးရီ(မူ/အုပ်-ငြိမ်း)၊ ဦးသောင်းဝင်း (ထောင်မှူး-ငြိမ်း)-ဒေါ်သောင်းရီ(ကျန်းမာရေး-ငြိမ်း)တို့၏ အစ်မ၊ မောင်ကောင်းခန့်ပိုင်(ဒုတိယနှစ်ကွန်ပျူတာတက္ကသိုလ်)၊ မရည်မွန်ထွန်း(ဒသမတန်း ဂ၊ အထက-၂၊ ကမာရွတ်)၊ မောင်ပိုင်သော်ဇံ(ဆဋ္ဌမတန်း G၊ အထက-၂၊ကမာရွတ်)တို့၏ အဘွားသည် ၁၉-၅-၂၀၁၃(တနင်္ဂနွေနေ့) ည ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၃ (အင်္ဂါနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၁၃ (စနေနေ့)နံနက် ၇ နာရီမှ ၁၁ နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း ဒေါ်ဥမ္မာခင် @ VICTORIA အသက်(၄၉)နှစ်

**B.Econ (Stats)**
**(နမ္မတူ)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သံသုမာလမ်း၊ သုဝဏ္ဏ၊ TOSTA အိမ်ရာ၊ တိုက်(၄)၊ အခန်း(၁၀၁)နေ (ဦးအုန်းမောင်-ဒေါ်ခင်ကြည်)တို့၏ သမီး၊ ဦးတင်လှိုင်-(ဒေါ်အေးတင်)တို့၏ သမီးချွေးမ၊ ဦးသိန်းဇော်(CEO ဝါဝါဝင်း ဆောက်လုပ်ရေး)၏ ချစ်လှစွာသောဇနီး၊ မရတနာဇော် (SEC 3 A ILBC)၊ မသီရိဇော် (PRIMARY 4 G ILBC) တို့၏ ချစ်လှစွာသောမိခင်၊ ဒေါ်ခင်မာကြည် (ပညာရေးတက္ကသိုလ်-ငြိမ်း)၊ ဒေါက်တာမျိုးသန့်-ဒေါ်မြင့်မြင့်ဝေ၊ ဦးတင်ဝင်း-ဒေါ်လှမျိုးနွယ်၊ ဦးသိန်းဇော်-ဒေါ်သီတာဖြူ ဦးမောင်မောင်မြင့်-ဒေါ်ထားစန္ဒာတို့၏ညီမ ဒေါ်ဥမ္မာခင်သည် ၁၈-၅-၂၀၁၃(စနေနေ့) ည ၈း၃၀ နာရီတွင် ထိုင်းနိုင်ငံ ကျောက်ဖရားဆေးရုံ၌ ခရစ်တော်တွင်အိပ်ပျော်သွားပါသဖြင့် ၂၂-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်း ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ကိုအောင်မျိုးဝင်း(၃၉)နှစ်

**(Sales Engineer)**
**အေးချမ်းမေတ္တာကုမ္ပဏီလီမိတက်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊(၂)လမ်း၊အမှတ်(၉၇/က) နေ ဦးရီအောင် (ဒုရဲမှူး-ငြိမ်း) (ဒု-အထွေထွေမန်နေဂျာ၊ ကောင်းထက်ဝင်းဝန်ဆောင်မှု ကုမ္ပဏီလီမိတက်)-ဒေါ်ခင်စောမူတို့၏ သားကြီး၊ မမို့မို့အောင်၊ (တက/ရန်ကုန်တိုင်းဒေသကြီး)၊ ကိုနိုင်လင်းထွန်း(သတင်းတပ်ဖွဲ့)တို့၏ အစ်ကို၊ မအိအိအောင်(Cashier)(Now Engineering Co., Ltd.)၏ ချစ်လှစွာသော ခင်ပွန်း၊ မယွန်းရတီအောင်၏ ဖခင်သည် ၁၉-၅-၂၀၁၃(တနင်္ဂနွေနေ့) ည ၁၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့်၂၁-၅-၂၀၁၃ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး ဦးအောင်ကြီး(၈၅)နှစ်

**မြို့နယ်ဦးစီးမှူး၊ ဆည်မြောင်း(ငြိမ်း)**
**အင်္ဂပူမြို့နယ်အသင်း**

အင်္ဂပူမြို့နေ (ဦးဘိုးမြိုင်-ဒေါ်လှကြွယ်)တို့၏ သား၊ မုဒုံမြို့နေ (ဦးဘချစ်-ဒေါ်စောတင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မအူကုန်းရပ်ကွက်၊ အမှတ်(၃၆/၃၈)၊ (၁၃၇)လမ်းနေ (ဒေါ်ခင်ခင်ညွန့်)၏ ခင်ပွန်း၊ (ဦးနေဝင်း)၊ ဒေါ်ငယ်ငယ်ဝင်း(ဌာနခွဲမှူး၊ ရေကြောင်းတက္ကသိုလ်)၊ ဗိုလ်မှူးဘအုန်း(ငြိမ်း) (အုတ်တွင်းသကြားစက်)-ဒေါ်နွယ်နီဝင်း(လ/ထမန်နေဂျာ၊ ဆသရ)၊ ဦးအောင်မြတ်ကျော်(Port Engineer SDN- BHD- LUNA Group)- ဒေါ်လွင် လွင်သိန်း၊ ဒေါ်စုစုအောင်(အလပြ၊ အထက-၃၊ ဟသ်ာတ)၊ ဒေါ်ရီရီမာ(ပြည်သူ့သက်စောင့်ဆေးတိုက်၊ ဟသ်ာတ)၊ ဒေါ်ခင်လေးငယ်(မန်နေဂျာ၊မစဘ၊တာမွေ)၊ ဦးခိုင်ထွန်းအောင်(ပြည်ခိုင်ဖြိုးပါတီ၊ တာမွေ)၊ ဒေါ်မြင့်မြင့်ကြူ(ဟိဏ်းတံခွန်ဇော် ကျူရှင်)တို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မောင်ခွန်းဆက်နောင် (Grade VIII ဒဂုံ-၁)၏ အဘိုးသည် ၂၀-၅-၂၀၁၃ ရက် မွန်းလွဲ ၂း၀၇ နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်တင်ကြည် (၆၈)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊(၇)ရပ်ကွက်၊ ဦးဝိဇ္ဇာလမ်း၊ အမှတ်-၁၁ နေ (ဦးဖိုးခွေး-ဒေါ်သိန်းမြ)တို့၏ သမီး၊ ဦးအုန်းမြင့်၊ ဒေါ်တင်လှ၊ဦးကျော်အေးတို့၏ညီမ၊ (ဦးစိုးညွန့်) ၏ဇနီး၊ ကိုအောင်ခိုင်ဇော်-မညိုညိုစမ်း၊ ကိုကိုလတ်၊ မခင်စိုးမိုးသူ၊ကိုမောင်မောင်စိုး-မအေးအေးဝင်း၊ (မအေးသီတာစိုး)၊ မဇင်မာစိုးတို့၏ မိခင်၊ မောင်ရဲကိုကိုသူ၊ မခင်ရတနာထွန်း၊ မောင်နိုင်လင်းကိုကိုတို့၏ အဘွားသည် ၁၈-၅-၂၀၁၃ (စနေနေ့)၊ ည ၉း၄၅နာရီတွင် ရန်ကုန် ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများကို ၁း၁၅ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂၄-၅-၂၀၁၃ (သောကြာနေ့)နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဒေါ်ကျော့ကျော့ဆွေ(မိတ္ထီလာ) (၄၈)နှစ်

**အထက်တန်းပြဆရာမ**
**အထက၊ မလှိုင်မြို့**

မိတ္ထီလာမြို့၊ သီရိမင်္ဂလာရပ်၊ "သိန်း"တာယာနေ (ဦးသိန်းမောင်-ဒေါ်အုန်းရီ)တို့၏ မြေး၊ (ဦးချစ်ဆွေ-ဒေါ်မြကြည်)တို့၏ သမီး၊ ဦးမောင်မောင်သောင်း-ဒေါ်မြခင်(OKရှမ်းခေါက်ဆွဲ)တို့၏ တူမ၊ ဒေါ်နွယ်နီဦး (အထက-၂မိတ္ထီလာ)၏ ညီမ၊ ဒေါ်သက်ထားဆွေ(လ/ထ မန်နေဂျာ၊ ကမ္ဘောဇဘဏ်၊ မိတ္ထီလာဘဏ်ခွဲ-၂)၊ ဒေါ်ယဉ်မွန်ဆွေ(လ/ထ ကထိက၊ သမိုင်းဌာန၊ ကျိုင်းတုံတက္ကသိုလ်)၊ ကိုရဲဝင်း-မစိမ့်စိမ့်ဆွေ(မြင့်မြတ်-ပဲကြော်ပဲလှော်)တို့၏ အစ်မ၊ မောင်မင်းစွမ်းပြည့်(ခ)ဖောင်းဖောင်း၏ အဒေါ် ဒေါ်ကျော့ကျော့ဆွေသည် ၁၇-၅-၂၀၁၃ ရက်၊ ညနေ ၄း၁၅ နာရီတွင် မိတ္ထီလာမြို့ မြင်တော်ကန်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဒေါ်ခင်သန်း အသက်(၉၀) သာယာဝတီမြို့

(ဦးဖိုးမှင်-ဒေါ်မယ်သင့်)တို့၏သမီး၊ (ဦးဖိုးစိန်-ဒေါ်ဖွားအုံ)တို့၏သမီးချွေးမ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ တိုက်အမှတ် (၂၄)၊အခန်း(၃၀၁)၊ပိတောက်လမ်း၊(ဘီ) ဘလောက်နေ(ဦးသန်းထွန်း)-ဒေါ်အေးအေးမြင့်၊ ဒေါ်ချိုချိုအေး (လယ်ယာဘဏ်)တို့၏မိခင်၊ ဦးနန္ဒလွင်-ဒေါ်နီလာဝင်း၊ ဒေါ်အေးသီတာထွန်း၊ ဦးညီညီထွန်း-ဒေါ်အိအိသူ၊ မြစ်ခုနစ်ယောက်တို့၏ အဘွားသည် ၁၉-၅-၂၀၁၃ရက် ည ၈း၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၁-၅-၂၀၁၃(အင်္ဂါနေ့)နံနက် ၁၁း၃၀နာရီတွင် ကျိစုသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဗိုလ်ကြီးတင့်ဦး(ငြိမ်း)

**တိုင်းလုပ်ငန်းစစ်ဥက္ကဋ္ဌ(ငြိမ်း)**
**စစ်ကိုင်းတိုင်းဒေသကြီး**

### အသက်(၈၆)နှစ်

မြောင်းမြမြို့နေ(ဦးဘငွေ-ဒေါ်ပု)တို့၏ သား၊ ထားဝယ်မြို့နေ(ဦးမဲ-ဒေါ်သန်းကြွယ်)တို့၏ သားသမက်၊ အနောက်ရန်ကင်း၊ တိုက်အမှတ်-၃၃၅၊ အခန်း(၅)နေ ဒေါ်မြစိန်၏ခင်ပွန်း၊ ဦးမျိုးမြင့်မောင်-ဒေါ်ခိုင် ခိုင်ဦး၊ ဦးမိုးမြင့်-ဒေါ်သင်းသင်းဦး၊ ဦးကျော်ကျော်ဦး-ဒေါ်နွယ်နီထိုက်တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၀-၅-၂၀၁၃(တနင်္လာနေ့)၊ နံနက် ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားပါသည်။ (နေအိမ်မှကားများ နံနက်၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး ဒေါ်ငြိမ်းငြိမ်း(ခ)ဒေါ်မြညိမ်း အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ်(၅၁)နေ (ဦးစိန်-ဒေါ်စီ)တို့၏ သမီး၊ (ဦးကျော်လှ-ဒေါ်ငွေခက်)တို့၏ သမီးချွေးမ၊ (ဦးအောင်မြင့်) ၏ ဇနီး၊ ရန်ကုန်မြို့နေ ဦးမြင့်လှိုင်-ဒေါ်မော်မော်အောင်၊ ဦးနိုင်ဦး-ဒေါ်လွင်လွင်အောင်၊ ဦးဝင်းကြည်-ဒေါ်စိုးစိုးအောင်၊ စစ်ကိုင်းမြို့နေ ဦးပြည်မိုး-ဒေါ်ချိုချိုအောင်(ငွေနှင်းမိုး-ရေခဲစက်)၊ ဦးကိုကိုအောင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ဗိုလ်ကြီးမောင်မောင်သက်ခိုင်-မအိသက်လွင်နိုင်၊ မမြတ်မို့လွင်နိုင်၊ မောင်သူရိန်ကိုကို၊ မောင်ဥက္ကာကိုကို၊ မသဲဆုတွယ်တာ၊ မပြည်သံစဉ်ချိုချို၊ မပြည်ပီတိချိုချို တို့၏ ဘွားဘွားကြီးသည် ၁၆-၅-၂၀၁၃(ကြာသပတေးနေ့) မွန်းလွဲ ၂း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၃(စနေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ကိုစိုးလင်းအောင်(ခ)ဇေကြီး အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၈)နေ ဦးအောင်ကြီးမြင့်(ငွေစာရင်း တာဝန်ခံ၊တောင်ကြီး/ပင်းပက်)-ဒေါ်အေးအေးမူတို့၏သား၊ ကိုညာဏ်ထွန်း၏ညီ၊မခင်သီတာအောင်၏ အစ်ကို ကိုစိုးလင်းအောင်(ခ)ဇေကြီးသည် ၂၀-၅-၂၀၁၃ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီ တွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဒုတိယအကြိမ်မြောက် အာရှ- ပစိဖိတ်ဒေသဆိုင်ရာ ရေထိပ်သီးအစည်းအဝေး၌ မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

# ကမ္ဘာ့လူဦးရေ လျင်မြန်စွာ တိုးပွားလာမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် ရေသယံဇာတ ရှားပါးမှုသည် အကြီးမားဆုံးသော စိန်ခေါ်မှုဖြစ်

နေပြည်တော် မေ ၂၀

**ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မေ ၂၀ ရက် နံနက် ၉ နာရီတွင် ချင်းမိုင်မြို့ရှိ International Convention & Exhibition Centre ၌ ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရေထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသော နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။**

ယနေ့ကျင်းပသည့် ရေထိပ်သီးအစည်းအဝေးသို့ ဘရူနိုင်းနိုင်ငံဘုရင်၊ ဂျော်ဂျီယာနိုင်ငံသမ္မတ၊ ဖီဂျီနိုင်ငံသမ္မတ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ်၊ ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်၊ ဗင်နွာတူနိုင်ငံ ဝန်ကြီးချုပ်၊ အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို စတင်ကျင်းပရာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Dr. Plodprasop Suraswadi က အဓိကအထူးပြုဆွေးနွေးခဲ့သော ကဏ္ဍ(၇)ရပ်နှင့် ပတ်သက်သည့် ဆွေးနွေးပွဲရလဒ်များ အကျဉ်းချုပ်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ်က အန္တရာယ်နှင့် တုံ့ပြန်မှု- အနာဂတ်အတွက် ရေနှင့် စားနပ်ရိက္ခာ ဖူလုံမှုဆိုင်ရာ ထိုင်းနိုင်ငံ၏ ဆောင်ရွက်မှုနှင့် တာဝန်ယူမှု ခေါင်းစဉ်ဖြင့် အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများက မိန့်ခွန်းပြောကြားကြပြီး (၆၇)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ သဘာပတိ Mr. Vuk Jeremic၊ အာရှ- ပစိဖိတ် ရေဖိုရမ် ဥက္ကဋ္ဌ Mr. Yoshiro Mori ၊ အာရှနှင့်ပစိဖိတ် စီးပွားရေးနှင့်လူမှုရေးကော်မရှင် (UN ESCAP) အမှုဆောင်အတွင်းရေးမှူး Dr. Noeleen Heyzer၊ အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ Mr. Takehiko Nakao တို့က မိန့်ခွန်းပြောကြားကြသည်။

ယင်းနောက် အခမ်းအနားကို ခေတ္တရပ်နားသည်။

နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် International Convention & Exhibition Centre ရှိ ညှိနှိုင်းခန်းမ၌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဂျော်ဂျီယာနိုင်ငံသမ္မတ H.E. Mr. Mikheil Saakashvili နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အစည်းအဝေး တက်ရောက်လာကြသူများနှင့်အတူ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

မွန်းလွဲ ၂ နာရီတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ်က နိုင်ငံခေါင်းဆောင်များ နားနေဆောင်ရှေ့၌ သီးခြားလာရောက်တွေ့ဆုံကာ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ရေထိပ်သီးအစည်းအဝေးကို ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ◆

# ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကျင်းပ အရေးပေါ်အခြေအနေကြေညာခြင်းနှင့်ပတ်သက်၍ လွှတ်တော်ကအတည်ပြုရန် အဆိုတင်သွင်း

နေပြည်တော် မေ ၂၀

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ကျင်းပခဲ့ပြီး အဆိုနှစ်ခုတင်သွင်းခြင်းနှင့် ကော်မရှင်တစ်ခုဖွဲ့စည်းခြင်းအတွက် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးတွင် အထူးအစည်းအဝေးခေါ်ယူကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က ရှင်းလင်းပြောကြားခဲ့သည်။

ထိုသို့ပြောကြားရာတွင် နိုင်ငံတော်သမ္မတထံမှ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ သဝဏ်လွှာနှစ်စောင်ပေးပို့ထားပါကြောင်း၊ ယင်းသဝဏ်လွှာများတွင် မိတ္ထီလာ၊ ဝမ်းတွင်း၊ မလှိုင်နှင့် သာစည်မြို့နယ်များအတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားသည့် အခြေအနေများဖြစ်ပေါ်မှုကြောင့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ ထိရောက်အောင်ဆောင်ရွက်နိုင်စွမ်းမရှိတော့သဖြင့် ၂၀၁၃ ခုနှစ် မတ်လ ၂၂ ရက်တွင် ဥပဒေကဲ့သို့

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❁



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)


ယနေ့ မာတိကာ

ကျေးလက်ပညာရေး ခွန်အားပေး — စာမျက်နှာ ၂

မြောက်ကိုရီးယားက ငါးကြိမ်မြောက် ဒုံးကျည်စမ်းသပ် — စာမျက်နှာ ၁၂



ကမ္ဘာကျော် ဒေးဗစ်ဘက်ခမ်း — စာမျက်နှာ ၁၃


**ကြော်ငြာ စာမျက်နှာ အပိုပါရှိ**

**ယနေ့ထုတ် ကြေးမုံ သတင်းစာတွင် ကြော်ငြာ က၊ ခ၊ ဂ၊ ဃ လေးမျက်နှာ အပိုပါရှိပါသည်။**

**ဘက်စုံပို့ဆောင်ရေး ဥပဒေကြမ်းကို စာမျက်နှာ ၈၊ ၉၊ ၁၀ တွင် ဖော်ပြထားပါသည်။**


